# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့၊ (6-12-2015) (၈၄၀၆)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖင်လန်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၆**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ကျရောက်သော ဖင်လန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖင်လန်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဆူလီ ဗိုင်နာမို နီနစ်တိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ကျရောက်သော ဖင်လန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖင်လန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျူဟာဆီပီလာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့စံတွင်လိုအပ်လျက်ရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင်များသာမက နည်းပညာကျွမ်းကျင်သူများ မွေးထုတ်နိုင်ရေးအတွက် သက်မွေးဝမ်းကျောင်းပညာရပ်များကို မြှင့်တင်သွားရမည်

၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ကျရောက်သည့်
(၉၅)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားသို့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ
အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သောသဝဏ်လွှာ

**ချစ်ကြည်လေးစားအပ်ပါသောတိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ဒီကနေ့ ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ကျရောက်သည့် (၉၅)နှစ်မြောက်အမျိုးသားနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူအပေါင်းတို့ ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါသည်။

နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့ဟုသတ်မှတ်၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပရခြင်း၏ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ဗြိတိသျှကိုလိုနီခေတ်ကတည်းကစတင်ခဲ့ကြောင်း တွေ့ရှိရမည် ဖြစ်သည်။ ၁၉၂၀ ခုနှစ် ဒီဇင်ဘာလအတွင်းက မန္တလေးမြို့တွင်ကျင်းပသော ဂျီစီဘီအေပြည်လုံးကျွတ်ညီလာခံ၌ အမျိုးသားနေ့သတ်မှတ်ကျင်းပနိုင်ရေး ဆွေးနွေးခဲ့ကြပါသည်။ ယင်းဆွေးနွေးပွဲတွင် ဗြိတိသျှနယ်ချဲ့တို့ ချမှတ်သော ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကျောင်းသားများက ကန့်ကွက်ခဲ့သည့် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက်၊ ခရစ်သက္ကရာဇ် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့ကို အမျိုးသားနေ့အဖြစ်သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ထိုအချိန်မှစ၍ လွတ်လပ်ရေးမတိုင်မီကာလတစ်လျှောက် ဗြိတိသျှနယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးအတွက် အမျိုးသားတော်လှန်ရေးအသွင်ဖြင့် အမျိုးသားနေ့ကို နှစ်စဉ်ကျင်းပခဲ့ကြပါသည်။ လွတ်လပ်ရေးရပြီးသည့်နောက်တွင်လည်း အမျိုးသားစည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲခဲ့ကြခြင်းကို အမှတ်ရဂုဏ်ပြုသည့်အနေဖြင့် ယနေ့တိုင်အောင် အမျိုးသားနေ့ဟူ၍

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

# မြန်မာနိုင်ငံတွင် ပထမဆုံးနှင့် တစ်ခုတည်းသော သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း ဖွင့်လှစ်



**နေပြည်တော် ဒီဇင်ဘာ ၅**

သဘာဝဘေးဒဏ် ခုခံနိုင်စွမ်းမြင့်မားသော လူမှုအသိုက်အဝန်းဖြစ်ပေါ်လာစေရန်၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနယ်ပယ်တွင် ကျွမ်းကျင်ပညာရှင်များပေါ်ထွက်လာစေရန်၊ နိုင်ငံအတွင်း သဘာဝဘေးလျော့ပါးရေးဆိုင်ရာ နိုင်ငံတကာအသိပညာ၊ ဗဟုသုတများ ကျယ်ပြန့်စွာပို့ချပေးနိုင်ရန်နှင့် သုတေသနလုပ်ငန်းများဆောင်ရွက်သွားရန် စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံတွင် ပထမဆုံးနှင့် တစ်ခုတည်းသောကျောင်းအဖြစ် တည်ဆောက်ခဲ့သော သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း (Disaster Management Training Centre)ဖွင့်ပွဲအခမ်းအနားနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၁၅)ဖွင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ရှိ အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူ၊ အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်တို့က သင်တန်းကျောင်းအဝင်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး သင်တန်းကျောင်းအဝင်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နှစ်ထပ်သင်တန်းကျောင်းဆောင်ရှိ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍**(ဓါတ်ပုံ)** အမွှေးနံ့သာရည်များပက်ဖျန်းပေးကြပြီး သင်တန်းကျောင်း အဆောက်အအုံများအတွင်း လှည့်လည်ကြည့်ရှုကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✱






# (၉၅)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုပါ၏။

အတွေးအမြင်

ကြေးမုံစာတည်းရှုထောင့် — ၆-၁၂-၂၀၁၅၊ တနင်္ဂနွေနေ့

# မြန်မာတို့၏အမျိုးသားအောင်ပွဲ

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲပြီးနောက် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာတစ်နိုင်ငံလုံးအား ဗြိတိသျှအင်ပါယာအတွင်းသို့ သွတ်သွင်းခဲ့သည်။ ကိုယ့်အရှင်၊ ကိုယ့်သခင်နှင့် နှစ်ပေါင်းထောင်ချီနေထိုင်ခဲ့ရသော မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက်တွင် ကျွန်အဖြစ်ကျရောက်ခဲ့သည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။

ထိုအခါ သူ့ကျွန်ဘဝသို့ကျရောက်ရသည့်အဖြစ်ကို မခံမရပ် နိုင်ဖြစ်ကြသော တိုင်းရင်းသားပြည်သူများသည် ရရာလက်နက်ကိုင်စွဲကာ နယ်ချဲ့အင်္ဂလိပ်တို့ကို တွန်းလှန်တိုက်ခိုက်နိုင်သည်မှာ ၁၀ နှစ်ခန့်သာကြာမြင့်ခဲ့သည်။ စစ်ပညာ၊ လက်နက်အင်အား၊ စနစ်တကျစုစည်းဖွဲ့စည်းမှုအားနည်းသောကြောင့် နယ်ချဲ့ကိုလက်လျှော့ကာ သူ့ကျွန်ဘဝတွင် အညံ့ခံနေထိုင်ခဲ့ရသည်။

နယ်ချဲ့တို့အား တွန်းလှန်တိုက်ခိုက်မှု ၁၈၉၆ ခုနှစ်တွင် ချုပ်ငြိမ်းသွားသည်မှာ မြေပြန့်ဒေသများတွင်သာ ဖြစ်သည်။ ချင်း၊ ကချင်တောင်တန်းဒေသများတွင်မူ နယ်ချဲ့ဆန့်ကျင်ရေးတွန်းလှန်မှုများမှာ ၂၀ ရာစုအစောပိုင်းကာလအထိဖြစ်ပွားခဲ့သည်။ မြန်မာတိုင်းရင်းသားတို့၏ မျိုးချစ်စိတ်ဓာတ်သည် မိမိတိုင်းပြည်၊ မိမိလူမျိုးအတွက် ပြင်းထန်လှသည်။ လက်နက်ကိုင် တော်လှန်မှုကျဆုံးခဲ့သော်လည်း မြန်မာတို့၏အမျိုးသားရေးစိတ်ဓာတ်များမှာ မည်သည့်အခါမှ ပျောက်ကွယ်သွားသည်မရှိချေ။

နယ်ချဲ့အရင်းရှင်စနစ်အောက်ကျရောက်ခဲ့သော မြန်မာတိုင်းရင်းသားပြည်သူတို့သည် စီးပွားရေးခေါင်းပုံဖြတ်မှု၊ နိုင်ငံရေးဖိနှိပ်မှု၊ လူမျိုးရေးချိုးနှိမ်မှုတို့ကို ခံစားခဲ့ရသည့်အပြင် ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုတို့ကိုလည်း မှေးမှိန်ခြင်းခံခဲ့ရသည်။ တိုင်းရင်းသားပြည်သူများ၏ အထွေထွေနစ်နာချက်များအပေါ် ပိုင်းခြားဝေဖန် သုံးသပ်နိုင်သည့် ခေတ်ပညာတတ် မြန်မာလူငယ်များ ၁၉ ရာစု အကုန်၊ ၂၀ ရာစုဆန်းစကာလတွင် ပေါ်ပေါက်လာခဲ့သည်။

ထို့ကြောင့် အမျိုးသားရေးစိတ်ဓာတ်အားကောင်းလာစေရန် ပညာသည် အခြေခံကျသည်။ ကိုလိုနီလက်ထက်မတိုင်မီက မြန်မာတို့သည် ပညာကို အလေးထားခဲ့သည်။ သို့သော်အုပ်ချုပ်သူလူတန်းစားနှင့် ကြွယ်ဝသူများသာ အခွင့်အလမ်းရှိသည်။ ကျန်ပြည်သူများမှာ ဘုန်းတော်ကြီးသင်ပညာဖြင့် အသိပညာကိုမြှင့်တင်ခဲ့ရသည်။ ပညာတတ်မြောက်သည့် သူများအနေဖြင့် မိမိတို့တိုင်းပြည်၊ မိမိတို့လူမျိုးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် စနစ်ကျသည့်အစီအမံအခွင့်အလမ်းများကို အသုံးမချနိုင်၊ သက်ဦးဆံပိုင်ဘုရင်စနစ်၏ ပြည်သူကို မြှင့်တင်အားပေးနိုင်မှုမရှိခြင်းက သူ့ကျွန်ဘဝသို့ကျရောက်ရသည့် အကြောင်းအရင်းများဖြစ်သည်။

နယ်ချဲ့အင်္ဂလိပ်လက်ထက်တွင် ကျွန်ပညာရေးကိုထူထောင်ပေးခဲ့သဖြင့် ၎င်းတို့ကို ကျေးဇူးတင်ရမလိုဖြစ်သည်။ ကမ္ဘာကိုကြည့်ရန် အင်္ဂလိပ်စာတတ် မြန်မာလူငယ်များပေါ်ထွက်လာသည်။ အမျိုးသားကျောင်းနှင့် တက္ကသိုလ်တို့တွင် ပညာသင်ကြားနိုင်ခြင်းသည်ပင် မြန်မာလူငယ်များအတွက် အမျိုးသားလွတ်မြောက်ရေးလမ်းစကို ဖော်ဆောင်နိုင်ခြင်းပင်ဖြစ်သည်။

မြန်မာတိုင်းရင်းသားတို့ အမျိုးသားနိုင်ငံရေးမျက်စိ ပိုမိုပွင့်လာစေရေးအတွက် အိန္ဒိယအမျိုးသားကွန်ဂရက်အသင်းကြီး၏ အမျိုးသားရေးဆောင်ရွက်ချက်များ၊ ဆွန်ယက်ဆင်၏ မန်ချူးဆန့်ကျင်ရေးလှုပ်ရှားမှုများကို သိမြင်လာခြင်း၊ ရုရှားနှင့်ဂျပန်စစ်ပွဲတွင် အာရှတိုက်သားဂျပန်တို့စစ်နိုင်သည့်အချက်များသည် မြန်မာတို့၏ သူ့ကျွန်ဘဝမှလွတ်မြောက်ရေး အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားထက်သန်စေခဲ့သည်။

ဆက်လက်၍ ဝံသာနုရက္ခိတအသင်းများ၏ အမျိုးသားရေးလှုပ်ရှားမှုများ၊ အမျိုးသားကျောင်းနှင့် ကိုလိုနီပညာရေးစနစ်ကို ကန့်ကွက်နိုင်မှု အောင်ပွဲများမှာ သူ့ကျွန်ဘဝမှလွတ်မြောက်ရန်အတွက် အခြေခံအင်အားများဖြစ်သည်။ မြန်မာလူငယ်များ ပညာအရာမြင့်မားလာသည်နှင့်အမျှ နိုင်ငံနှင့်လူမျိုးအတွက် အမြင်ကျယ်ခဲ့ခြင်း၊ မြန်မာတို့၏လွတ်မြောက်ရာလမ်းကြောင်းကို ရှာဖွေနိုင်ခဲ့ခြင်းတို့သည် အမျိုးသားပညာရေးနှင့် အမျိုးသားလှုပ်ရှားမှုများမှ အခြေတည်ခဲ့သည်။ တစ်နည်းဆိုသော် ပညာကိုအခြေခံသည့် အမျိုးသားအောင်ပွဲဟု ဆိုရမည်ဖြစ်သည်။ ။

## မရမ်းကုန်းမြို့နယ် ဇွဲဆုံချောင်းအမှိုက်များ ပိတ်ဆို့နေမှုအား ဆယ်ယူရှင်းလင်း

**ရန်ကုန် ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ချောင်းမြောင်းများ ရေစီးရေလာကောင်းရေးအတွက် ခရိုင်စည်ပင်သာယာရေးကော်မတီ၏ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီများက တွဲဖက်ဌာနများနှင့်ပူးပေါင်း၍ အပတ်စဉ်စနေနေ့တိုင်း ဆောင်ရွက်နေသောကြောင့် မျက်မှောက်ကာလတွင် ရန်ကုန်မြို့ရှိကားလမ်းအချို့ မိုးရာသီ၌ ရေဝပ်ရေလျှံဖြစ်ပေါ်မှု လျော့နည်းသွားပြီဖြစ်ကြောင်း ဒီဇင်ဘာ ၅ ရက်က မရမ်းကုန်းမြို့နယ် အမှတ် (၈ )ရပ်ကွက်အတွင်း ဖြတ်သန်းစီးဆင်းနေသည့် ဇွဲဆုံချောင်းအတွင်း ပိတ်ဆို့အမှိုက်နုန်းများ ဆယ်ယူရှင်းလင်းနေသည့် လုပ်ငန်းခွင်မှ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအေးသောင်းက ပြောကြားသည်။

"ဇွဲဆုံချောင်းက မရမ်းကုန်းမြို့နယ် အမှတ်(၈) ရပ်ကွက်ကို ဖြတ်သန်းစီးဆင်းပြီး ငမိုးရိပ်ချောင်းမြစ်ထွက်ပေါက်ကို စီးဝင်သွားပါတယ်"ဟု ၎င်းက ပြောသည်။

ယင်းလုပ်ငန်းကို ရန်ကုန်မြောက်ပိုင်းခရိုင် စည်ပင်သာယာရေးကော်မတီက ဦးဆောင်၍ မြောက်ပိုင်းခရိုင်အတွင်းရှိ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံမြို့နယ်များမှ စီမံရေးရာဌာန၊ လမ်းတံတားဌာန၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနတို့မှ ဝန်ထမ်းများ စုစုပေါင်းအင်အား ၁၀၀ ခန့်တို့က ဇွဲဆုံချောင်းအတွင်း ပိတ်ဆို့အမှိုက်နုန်းများကို ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။

အဆိုပါ မရမ်းကုန်းမြို့နယ်သည် ၉ ဒသမ ၇၈၂ စတုရန်းမိုင်ကျယ်ဝန်းပြီး ရပ်ကွက်ကြီး ၁၀ ရပ်ကွက်ဖြင့် စုဖွဲ့ထားသော မြို့နယ်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးရှိ မြို့နယ်အခြေပြမြေပုံကားချပ် တွင် ဖော်ပြထားမှုအရ သိရသည်။ **(မောင်သုည)**



## သောက်သုံးရေ ပြည့်ပြည့်ဝဝရရှိစေရေး ရေပိုက်လိုင်းများ အသစ်လဲလှယ်

**မင်းဘူး ဒီဇင်ဘာ ၅**

မင်းဘူးမြို့ အမှတ်(၄)ရပ်ကွက်တွင် ယခင်အသုံးပြုခဲ့သော ရေပိုက်လိုင်းများ ကာလကြာမြင့်လာသဖြင့် အနည်များထိုင်ခြင်း၊ ရေချိုးများ ပိတ်ဆို့ခြင်းများ ဖြစ်ပေါ်နေခဲ့ရာ ရေဖြန့်ဝေပေးရာတွင် အခက်အခဲများ ဖြစ်ပေါ်နေသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေပိုက်လိုင်းများ အသစ်လဲလှယ်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ရေပိုက်လိုင်းအသစ်လဲလှယ်ခြင်းအား မင်းဘူးမြို့ အမှတ်(၄)ရပ်ကွက် ဝေဠုဝန်လမ်း 3" PVC ပေ ၁၅၀၀ လဲလှယ်ခြင်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေကျပ် ၂၉၃၀၀၀၀ဖြင့် ဆောင်ရွက်လျက်ရှိပြီး ယင်းလုပ်ငန်းများ ပြီးစီးပါက မင်းဘူးမြို့ အမှတ်(၄) ရပ်ကွက်နေ ပြည်သူများ သောက်သုံးရေ အဆင်ပြေစွာ ရေဖြန့်ဖြူးပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သူရထွန်း)**

❑

## တောင်သူများအား ပိုးသတ်ဆေးစနစ်တကျကိုင်တွယ်သုံးစွဲနည်း ပညာပေးဆွေးနွေး

**မကွေး ဒီဇင်ဘာ ၅**

နတ်မောက်မြို့ အိုင်းမကြီးကျေးရွာရှိ တောင်သူများအား ပိုးသတ်ဆေးစနစ်တကျ ကိုင်တွယ်သုံးစွဲနည်းများကို မကွေးခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံဒေါ်ထွေးယဉ်နှင့် ဝန်ထမ်းများ၊ နတ်မောက်မြို့နယ် သီးနှံကာကွယ်ရေး တာဝန်ခံတို့က ဒီဇင်ဘာ ၃ ရက်က ရှင်းလင်းဆွေးနွေးခဲ့သည်။



ကျေးရွာနေ တောင်သူများအား ပိုးသတ်ဆေး စနစ်တကျကိုင်တွယ်သုံးစွဲနည်းများ၊ လူ့ခန္ဓာကိုယ်အတွင်း ပိုးသတ်ဆေး ဝင်ရောက်နိုင်ပုံများ၊ စားသုံးသီးနှံနှင့် အစားအစာများတွင် ကြွင်းကျန်နိုင်သော ဓာတ်ကြွင်းများအကြောင်း၊ လူ၊ တိရစ္ဆာန်များ၏ ကျန်းမာရေးထိခိုက်နိုင်ပုံများ၊ ဓာတ်ကြွင်းမပါရှိအောင် ပိုးသတ်ဆေးသုံးစွဲနည်းများကို သရုပ်ဖော်ပုံများနှင့် ရှင်းလင်းဆွေးနွေးသည်။

ပိုးသတ်ဆေးကို အမြဲသုံးစွဲနေသည့် တောင်သူများအား ပိုးသတ်ဆေးသုံးစွဲစဉ် ဝတ်ဆင်ရမည့် ဝတ်စုံနှင့် ပိုးသတ်ဆေးစနစ်တကျ ကိုင်တွယ်သုံးစွဲနည်း လက်ကမ်းစာစောင်များကို တောင်သူများအားပေးအပ်ခဲ့သည်။

အဆိုပါ ပိုးသတ်ဆေး စနစ်တကျ ကိုင်တွယ်သုံးစွဲနည်း ရှင်းလင်းဆွေးနွေးပွဲသို့ တောင်သူ၂၆ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခင်မာလာ(မကွေး)**



ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အောင်မင်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြို့စန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ ဆေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဗိုးမွှား)
အထူးသတင်းထောက် - ဆုနှင်းလှို၊ သီရိ

## ပြည်တွင်းရေးရာ

### ❖ ရှေ့ဖုံးမှ

နှစ်စဉ် ကျင်းပခဲ့ရာ ၉၅ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကိုဦးတည်လျက် နိုင်ငံရေး၊ လူမှုစီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှတစ်ဆင့် ဒီမိုကရေစီစနစ်ရှင်သန်သည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရန်အတွက် အဆင့်ဆင့်ဖြေလျှော့မှုများနှင့် လက်တွေ့ကျသော ပြုပြင်ပြောင်းလဲမှုများကို ပြည်သူဗဟိုပြု၍ ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် မြန်မာ့သမိုင်းတွင်မည့် လွှတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးအင်အားစုအားလုံး ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့က ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သတ်မှတ်ကာလတွင် အစိုးရသစ်ကို နိုင်ငံ့တာဝန်များ အေးချမ်းစွာ လွှဲပြောင်းသွားမည်ဖြစ်ပါသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်ခေါင်းဆောင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့မှ ခေါင်းဆောင်များသည် ငြိမ်းချမ်းရေး အခြေခံအုတ်မြစ်ဖြစ်သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ရှေ့ဆက်၍ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်ကို အားလုံးပါဝင် ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ် ကာလအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးများ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒနှင့်စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ကို ဦးစားပေးခဲ့ပါသည်။ ပြည်သူများအတွက် လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တယ်လီဖုန်းဆက်သွယ်ရေးစသည့် သိသာထင်ရှားသည့် ပြောင်းလဲတိုးတက်မှုများ ဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် နိုင်ငံ့စီးပွားရေး တိုးတက်မှုအတွက် ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍ ဖြေလျှော့ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ပြဋ္ဌာန်းခြင်း၊ ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း၊ ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာတွင် ပညာရည်ပြည့်ဝသော လူ့အဖွဲ့အစည်းနှင့် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ပါသည်။ တိုင်းရင်းသားဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ကာ ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ လူ့အခွင့်အရေးကို တန်ဖိုးထားလိုက်နာသည့် လူ့အဖွဲ့အစည်းဖြစ်ရေးသည် အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးအတွက် အမျိုးသားပညာရေးမူဝါဒများ ချမှတ်ခဲ့ပြီး အမျိုးသားပညာရေးဥပဒေနှင့် အမျိုးသားပညာရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေတို့ကို ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံတွင် လိုအပ်လျက်ရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင်များသာမက နည်းပညာကျွမ်းကျင်သူများ မွေးထုတ်နိုင်ရေးအတွက် သက်မွေးဝမ်းကျောင်းပညာရပ်များကို မြှင့်တင်သွားရမည်ဖြစ်ပါသည်။

အနာဂတ် နိုင်ငံ့တာဝန်များ လက်ဆင့်ကမ်းယူရမည့် မျိုးဆက်သစ်လူငယ်များသည် အရည်အချင်း ပြည့်ဝသူများဖြစ်အောင် ကြိုးစားရန်လိုအပ်သကဲ့သို့ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းသွားကြရန် လိုအပ်ပါသည်။

ယနေ့ကျရောက်သော (၉၅)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်လေးရပ်ဖြစ်သည့် -

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး
(၂) စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(၃) အမျိုးသားပညာရည် မြင့်မားရေးနှင့်
(၄) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးတို့ကို အမျိုးသားရေးအမြင်ဖြင့် တိုင်းရင်းသားပြည်သူများက ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်ထား တိုက်တွန်းအပ်ပါသည်။

---

### ✻ မြန်မာနိုင်ငံမှ






လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် တာဝန်ရှိသူများ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်းအဝင်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက် (Myanmar National Strategic Plan on Social Protection) သည် သဘာဝဘေးသင့်သူများအား ကူညီထောက်ပံ့ခြင်းအပါအဝင် လူမှုရေးအရကာကွယ်ထောက်ပံ့မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေများကိုလည်း ပြဋ္ဌာန်းထားရှိပြီးဖြစ်၍ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို ဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ လမ်းညွှန်မှုအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပထမဆုံးနှင့် တစ်ခုတည်းသော သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း (Disaster Management Training Centre)ကို ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့တွင် တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကို စိတ်ပါဝင်စားသော ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ လူငယ်စုစုပေါင်း ၆၀ ကို ၁၂ ရက်ကြာ သင်ကြားပေးမည်ဖြစ်ပါကြောင်း၊ နောင်အနာဂတ်တွင် Certificate ပေးအပ်သည့် သင်တန်းများသာမက ခြောက်လသင်တန်း၊ တစ်နှစ်သင်တန်း စသည်ဖြင့် Diploma ပေးအပ်နိုင်မည့် သင်တန်းများ၊ ဘွဲ့ကြိုသင်တန်းများ၊ ဘွဲ့လွန်သင်တန်းများ၊ သုတေသနလုပ်ငန်းများ စသည်ဖြင့် နိုင်ငံတကာအဆင့်မီ ပညာရပ်များကိုပို့ချသွားရန် ရည်မှန်းထားပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ သဘာဝဘေးစီမံခန့်ခွဲမှုစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းအဖွဲ့ကိုယ်စား UN-Habitat Country မှ Programme Manager ဖြစ်သူ Mr. Bijay Karmacharyau က ပူးပေါင်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၅)ဖွင့်လှစ်ပို့ချမှု အခြေအနေကိုကြည့်ရှု၍ သင်တန်းသား သင်တန်းသူ လူငယ်များကို အားပေးစကားပြောကြားသည်။

အဆိုပါ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု သင်တန်းကျောင်းကြီးကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်၍ မြေဧက ၂၂ ဧကပေါ်တွင် ဆောက်လုပ်ခဲ့ရာ စာကြည့်တိုက်နှင့် ကွန်ပျူတာဆောင်၊ နှစ်ထပ်စာသင်ကျောင်း၊ ဘွဲ့နှင်းသဘင်ခန်းမ၊ အုပ်ချုပ်မှုဆောင်၊ သင်တန်းသားအိပ်ဆောင်၊ သင်တန်းသူအိပ်ဆောင်၊ ဧည့်ရိပ်သာ၊ စားရိပ်သာနှင့် စားဖိုဆောင်၊ အရာထမ်းအိမ်ရာ၊ အမှုထမ်းအိမ်ရာတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်ပြီး နိုင်ငံတကာအဆင့်မီ သဘာဝဘေးစီမံခန့်ခွဲမှု ပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း အဝင်မုခ်ဦးနှင့် ကျောင်းပရဝဏ်ကို တွေ့ရစဉ်။

# လာမည့်နှစ် ဂျပန်ကာကွယ်ရေးအသုံးစရိတ် ယန်း ငါးထရီလီယံအထိ စံချိန်တင်ဖွယ်ရှိ



**တိုကျို ဒီဇင်ဘာ ၅**

ဂျပန်နိုင်ငံ၏ လာမည့်ဘဏ္ဍာရေးနှစ် ကာကွယ်ရေးအသုံးစရိတ်သည် ပထမဆုံးအကြိမ် ယန်း ငါးထရီလီယံ (အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀)အထိ စံချိန်တင်မြင့်တက်ဖွယ်ရှိကြောင်း နီကေး စီးပွားရေး နေ့စဉ်သတင်းစာက ရေးသားဖော်ပြသည်။

၂၀၁၆ ခုနှစ် ဧပြီလတွင်စတင်မည့် ဘဏ္ဍာရေးနှစ်၏ ကာကွယ်ရေးဘတ်ဂျက်အသုံးစရိတ်၌ နိုင်ငံတောင်ပိုင်း အိုကီနာဝါကျွန်းရှိ အမေရိကန်မရိန်းတပ်ဖွဲ့၏ ဖူတဲမလေတပ်စခန်းကို အစားထိုးနိုင်မည့်စစ်စခန်းသစ် တည်ဆောက်ရေးအတွက် ရန်ပုံငွေ ထောက်ပံ့ပေးမှုပါဝင်ကြောင်း အစိုးရ သတင်းရပ်ကွက်ကို ကိုးကားလျက် အဆိုပါသတင်းစာက ဒီဇင်ဘာ ၄ ရက်တွင် ရေးသားဖော်ပြသည်။

၂၀၁၆-၂၀၁၇ ခုနှစ် ကာကွယ်ရေး ဘတ်ဂျက်ကို ဒီဇင်ဘာ ၂၄ ရက်တွင် ဝန်ကြီးအဖွဲ့က အတည်ပြုမည်ဟု မျှော်လင့်ရသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ်လတွင် ကာကွယ်ရေးဘတ်ဂျက်အတွက် ရန်ပုံငွေ ယန်း ၅ ဒသမ ၀၉ ထရီလီယံ ရရှိရန်တင်ပြခဲ့သည်။ အဆိုပါ တောင်းခံငွေတွင် အရှေ့တရုတ်ပင်လယ်ရှိ ဝေးလံသီခေါင်သော ကျွန်းစုဧရိယာ၌ ကာကွယ်ရေးစွမ်းပကား မြှင့်တင်နိုင်ရေးအတွက် လုပ်ဆောင်နိုင်ရန် ရန်ပုံငွေတောင်းခံမှုလည်း ပါဝင်သည်။ ယင်းကျွန်းစုဧရိယာမှာ တရုတ်နိုင်ငံနှင့် ပိုင်နက်နယ်မြေ အငြင်းပွားလျက်ရှိသော ကျွန်းများနှင့် နီးကပ်စွာတည်ရှိသော နေရာတွင်တည်ရှိသည်။

အိုကီနာဝါကျွန်းရှိ ဖူတဲမ လေတပ်စခန်းကို ယင်းကျွန်း၏ လူသူနေထိုင်မှုနည်းပါးသော အရပ်ဒေသသို့ ရွှေ့ပြောင်းနိုင်ရန် အသုံးစရိတ်တောင်းခံထားကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# စာရွက်စာတမ်းအတုများအသုံးပြုကာ ဘဏ်မှ ယူရို သန်း ၃၅၀ ထုတ်ယူရန်ကြိုးပမ်းခဲ့သည်ဟု ချက်လူမျိုး ဥရောပလွှတ်တော်အဖွဲ့ဝင် စွပ်စွဲခံရ

**ဘရက်တစ်လာဗာ ဒီဇင်ဘာ ၅**

စာရွက်စာတမ်းအတုများအသုံးပြုပြီး ဘဏ်တစ်ခုမှ ယူရို သန်း ၃၅၀ (အမေရိကန် ဒေါ်လာ သန်း ၃၈၀) ထုတ်ယူရန်ကြိုးစားခဲ့ကြသည့် ဥရောပလွှတ်တော်အဖွဲ့ဝင် ချက်လူမျိုးတစ်ဦးနှင့် ဆလိုဗက်ကီးယားနိုင်ငံသားသုံးဦးကို ဆွစ်ဇာလန်ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ချက်နှင့် ဆလိုဗက်ကီးယားတာဝန်ရှိသူများက ပြောကြားသည်။

လူလေးဦးအားဖမ်းဆီးမှုကို ချက်ပြည်ထဲရေးဝန်ကြီး မီလန်ချိုဗန်နက်က အတည်ပြုခဲ့သည်။ ဖမ်းဆီးခံရသူများတွင် ၂၀၀၄ ခုနှစ်တွင် ဥရောပသမဂ္ဂသို့ ချက်သမ္မတနိုင်ငံဝင်ရောက်ချိန်ကတည်းက ဥရောပလွှတ်တော်၌ တာဝန်ထမ်းဆောင်ခဲ့ပြီး ဘာသာစကား ၁၂ မျိုးနီးပါးပြောဆိုနိုင်သည့်အပြင် ကားလ်မတ်အယူဝါဒရေးရာကျွမ်းကျင်သူနှင့် ဒဿနိကဗေဒ ဆရာဟောင်းတစ်ဦးဖြစ်သူ အသက်(၆၂)နှစ်ရှိ မီလိုဆလဗ်ရန်းစဒေါ့တို့ ပါဝင်သည်။

"ရန်းစဒေါ့ကို အချုပ်ကနေ လွှတ်ပေးလိုက်ပြီလို့ ဆွစ်ဇာလန်အာဏာပိုင်တွေက ကျွန်မတို့သံအမတ်ကိုပြောပါတယ်။ ဒါကြောင့် အခုချိန်လောက်ဆို သူအိမ်ပြန်နေလောက်ပြီလို့ ကျွန်မထင်ပါတယ်" ဟု ချက်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရအမျိုးသမီး မိုက်ကယ်လာဂရိုနိုဗာက ပြောကြားသည်။

ရန်းစဒေါ့မှာ ဆွစ်ဇာလန်နိုင်ငံရှိ ချက်သံရုံးသို့ ဆက်သွယ်မှုမပြုသောကြောင့် ဝန်ကြီးဌာနအနေဖြင့် အသေးစိတ်အချက်အလက်များ မသိရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဖမ်းဆီးခံရသူလေးဦးက ဒီဇင်ဘာ ၄ ရက်တွင် ဇူးရစ်မြို့ရှိ ဘဏ်တစ်ဘဏ်မှ ငွေကြေးများထုတ်ယူရန် ကြိုးစားခဲ့သော်လည်း ၎င်းတို့တင်သွင်းခဲ့သည့် စာရွက်စာတမ်းများက မှတ်တမ်းများနှင့် ကိုက်ညီမှုမရှိကြောင်း မီဒီယာသတင်းများတွင် ဖော်ပြထားသည်။

**ရိုက်တာ။**



မလေးရှားရဲချုပ် ခါလစ်အာဘူ ဘာခါ။

# စစ်သွေးကြွအဖွဲ့များနှင့် ဆက်စပ်မှုရှိသူ ငါးဦးအား မလေးရှားရဲတပ်ဖွဲ့ ဖမ်းဆီး

**ကွာလာလမ်ပူ ဒီဇင်ဘာ ၅**

မလေးရှားနိုင်ငံအတွင်း တပ်သားသစ်များစုဆောင်းနေသည်ဟု ယူဆရသည့် အိုင်အက်စ်စစ်သွေးကြွအဖွဲ့အပါအဝင် အယ်လ်ခိုင်ဒါစစ်သွေးကြွများနှင့် အဆက်အသွယ်ရှိသူ ငါးဦးအား မလေးရှားရဲအရာရှိများက ဖမ်းဆီးခဲ့ကြောင်း ယနေ့သတင်းများအရသိရသည်။

အောက်တိုဘာလအတွင်း အိမ်နီးချင်းထိုင်းနိုင်ငံသို့ အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့် ဆက်စပ်မှုရှိသည့် ဆီးရီးယားနိုင်ငံသား ၁၀ ဦး ဝင်ရောက်ခဲ့သည်ဆိုသည့် သတင်းများရရှိပြီးသည့်အချိန်မှစပြီး မလေးရှားနိုင်ငံသည် လုံခြုံရေးအဆင့်မြှင့်တင်ထားသည်။

ယခုဖမ်းဆီးခဲ့သည့် ငါးဦးအနက် လေးဦးသည် နိုင်ငံခြားသားများဖြစ်ကြပြီး ကျန်တစ်ဦးမှာ မလေးရှားနိုင်ငံသားဖြစ်သည်ဟု ရဲတပ်ဖွဲ့၏ ထုတ်ပြန်ကြေညာချက်ထဲတွင် ဖော်ပြထားကြောင်း မလေးရှား ရဲချုပ် ခါလစ်အာဘူ ဘာခါက ပြောကြားသည်။ အဆိုပါဖမ်းဆီးမှုကို နိုဝင်ဘာ ၁၇ ရက်မှ ဒီဇင်ဘာ ၁ ရက်အတွင်း လုပ်ဆောင်ခဲ့သည်။

ဖမ်းဆီးခံနိုင်ငံခြားသားလေးဦးအနက် အသက် (၄၄) နှစ်အရွယ်ရှိ ဥရောပနိုင်ငံသားသည် ပီနန်ပြည်နယ်တွင် ကျောင်းဆရာတစ်ဦးအဖြစ် ယာယီလုပ်ဆောင်နေသူ ဖြစ်သည်။ ၎င်းသည် အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့နှင့် အဆက်အသွယ်ရှိသည့်အပြင် ဘော့စနီးယားနှင့် အာဖဂန်နစ္စတန်နိုင်ငံများတွင် စစ်သွေးကြွလုပ်ရပ်များလုပ်ဆောင်ခဲ့သည်ဟု ယုံကြည်ရကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။

အသက် (၃၁)နှစ်အရွယ်ရှိ အင်ဒိုနီးရှားနိုင်ငံသား အပါအဝင် ဘင်္ဂလားဒေ့ရှ်နှင့် မလေးရှားနိုင်ငံသား သုံးဦးတို့သည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့် အဆက်အသွယ်ရှိပြီး နိုင်ငံရပ်ခြားတွင် စစ်သွေးကြွလုပ်ရပ်များကျူးလွန်ရန် တပ်သားသစ်များကို စုဆောင်းနေကြောင်း သိရသည်။

၎င်းတို့အုပ်စု၏ခေါင်းဆောင်မှာ ၂၀၁၄ ခုနှစ်က အိုင်အက်စ်အဖွဲ့ခေါင်းဆောင် အဘူဘေကာအယ်လ်ဘက်ဒါဒီနှင့် ဖေ့စ်ဘွတ်လူမှုကွန်ရက်တစ်ခုတွင် ရင်းနှီးမှုရရှိခဲ့သည့် အင်ဒိုနီးရှားနိုင်ငံသားဖြစ်သည်။

မလေးရှားနိုင်ငံသားနှင့် အင်ဒိုနီးရှားနိုင်ငံသားတို့သည် ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွအဖွဲ့သို့ဝင်ရောက်ရန် မလေးရှားနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် တပ်သားသစ်ရှာဖွေစုဆောင်းရေးများ လုပ်ဆောင်နေကြသည်ဟု ရဲအရာရှိများကဆိုသည်။

အရှေ့တောင်အာရှနိုင်ငံအများစုသည် အစွန်းရောက်စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်ရေး ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသည်။

**ရိုက်တာ။**

# အာဖဂန်နှင့် အမေရိကန်အထူးတပ်ဖွဲ့များ ပူးပေါင်းတိုက်ခိုက်မှုကြောင့် တာလီဘန်အကျဉ်းထောင်အတွင်းမှ အာဖဂန်တပ်ဖွဲ့ဝင် ၄၀ ခန့် လွတ်မြောက်

**ကဘူး ဒီဇင်ဘာ ၅**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မန့်ပြည်နယ်တွင် အာဖဂန်နစ္စတန်နှင့် အမေရိကန်အထူးတပ်ဖွဲ့များက ဒီဇင်ဘာ ၃ ရက် ညပိုင်းတွင် စစ်ဆင်ရေးတစ်ရပ် ပြုလုပ်ခဲ့ပြီးနောက် တာလီဘန်အဖွဲ့၏ အကျဉ်းထောင်အတွင်း ဖမ်းဆီးထိန်းသိမ်းထားသည့် အာဖဂန်တပ်ဖွဲ့ဝင် ၄၀ ခန့် ပြန်လည်လွတ်မြောက်လာကြောင်း မဟာမိတ်ညွန့်ပေါင်းတပ်ဖွဲ့က ဒီဇင်ဘာ ၄ ရက်တွင် ပြောကြားသည်။

ယင်းစစ်ဆင်ရေးတွင် အာဖဂန်အထူးတပ်ဖွဲ့ဝင်များက မြေပြင်တွင် တိုက်ခိုက်ခဲ့ပြီး အမေရိကန် အထူးတပ်ဖွဲ့က ရဟတ်ယာဉ်များ အသုံးပြုတိုက်ပွဲဝင်ခဲ့သည်။ အာဖဂန်နစ္စတန်တပ်ဖွဲ့များက တာလီဘန်များ၏ ဖမ်းဆီးခြင်းခံထားရသော အာဖဂန်ရဲ၊ အာဖဂန်အမျိုးသား ကြည်းတပ်နှင့် နယ်ခြားစောင့်ရဲများ ပါဝင်သည့် အကျဉ်းသား ၄၀ ခန့်အား လွတ်မြောက်စေခဲ့ကြောင်း အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



အာဖဂန်နစ္စတန်နိုင်ငံတွင် စစ်သွေးကြွများအား ချေမှုန်းနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

လွတ်မြောက်လာသည့် တပ်ဖွဲ့ဝင်များက အာဖဂန်နစ္စတန် ကာကွယ်ရေးဝန်ကြီးဌာနက လက်ခံယူကာ ဆေးကုသမှုများ ပြုလုပ်ပေးနေကြောင်း ယင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။

ဟဲလ်မန့်ပြည်နယ်သည် ဘိန်းစိုက်ပျိုးမှုနှင့် ပတ်သက်၍ နာမည်ဆိုးနှင့် ကျော်ကြားသည့် ပြည်နယ်ဖြစ်ပြီး တာလီဘန်စစ်သွေးကြွများ အခိုင်အမာတည်ရှိရာ ပြည်နယ်ဖြစ်သည်။

**ဆင်ဟွာ။**

# နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် စီမံခန့်ခွဲမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အထူးသံတမန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လျိုကျန်းမင်အား ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်ရှိ တပ်မတော်ဧည့်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့စဉ် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများနှင့် အထွေထွေရွေးကောက်ပွဲကျင်းပပြီးစီးမှုအခြေအနေ၊ ရွေးကောက်ပွဲအလွန်ကာလ နိုင်ငံတွင် တည်ငြိမ်အေးချမ်းမှုဖြင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် တပ်မတော်၏ ရပ်တည်မှုအခန်းကဏ္ဍ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ခိုင်မြဲစွာရှိနေသည့် ဆက်ဆံရေးအခြေအနေ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် စီမံခန့်ခွဲမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အထူးသံတမန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(မြဝတီ)**

## နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ် ဝင်ခွင့်လျှောက်ထားရာတွင် အနိမ့်ဆုံးရမှတ် သတ်မှတ်ထားခြင်းမရှိသော်လည်း COE ကျောင်းများ၌ အနိမ့်ဆုံးရမှတ် သတ်မှတ်ထားဆဲဖြစ်

"၂၀၁၅ ပညာသင်နှစ်မတိုင်ခင်က နည်းပညာတက္ကသိုလ်နဲ့ ကွန်ပျူတာတက္ကသိုလ်ဝင်ခွင့်တွေ လျှောက်ထားတဲ့နေရာမှာ အဲဒီတက္ကသိုလ်တွေတည်ရှိတဲ့ examination centre တွေက ကျောင်းသားတွေကိုပဲ လက်ခံတယ်။ အခုတော့ အနိမ့်ဆုံးရမှတ်သတ်မှတ်မထားဘဲ လွတ်လွတ်လပ်လပ် လျှောက်ထားနိုင်ပါပြီ။ ဒီနှစ်ဖွင့်လှစ်မယ့် တက္ကသိုလ်ဝင်ခွင့်ထဲမှာလည်း တရားဝင်ထည့်ရေးထားပါတယ်။"

"အရင်နှစ်တွေတုန်းက အနိမ့်ဆုံးရမှတ်တွေ သတ်မှတ်ခဲ့တယ်။ ဥပမာ တက္ကသိုလ်ဝင်တန်း အောင်မြင်တဲ့ရမှတ် စုစုပေါင်း ၃၆၅ မှတ်ကျော်၊ ရမှတ် ၃၈၀ စသဖြင့် သတ်မှတ်ချက်တွေရှိတယ်။ အဲဒီသတ်မှတ်ချက်တွေကို ဒီနှစ်ပယ်ဖျက်လိုက်ပါတယ်။ ဥပမာ-ကျောင်းသားတစ်ယောက်ဟာ မန္တလေးမှာ တက္ကသိုလ်ဝင်တန်းအောင်တယ်ဆိုပေမယ့် မန္တလေးမှာ သူနှစ်သက်တဲ့ ဘာသာရပ်ကို သူ့ရမှတ်နဲ့ မမီနိုင်ဘူးဆိုရင် ကျောင်းသားဦးရေနည်းတဲ့ အခြားဒေသတွေက တက္ကသိုလ်တွေမှာ ပြောင်းလျှောက်ထားနိုင်ပါတယ်။ သတ်မှတ်ထားတဲ့ကျောင်းသားဦးရေ မပြည့်မီတဲ့ကျောင်းတွေကို ကျောင်းသားဦးရေဖြည့်ပေးနိုင်တာပါ"ဟု သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်စွာစိုးက ပြောသည်။

"အဲဒီတက္ကသိုလ်တွေမှာ တက်ရောက်ခွင့်ရရှိတဲ့ ကျောင်းသားဦးရေကို စာသင်သားလက်ခံနိုင်တဲ့ကျောင်းရဲ့အရွယ်အစားနဲ့ သတ်မှတ်ပါတယ်။ နယ်က နည်းပညာကျောင်းတွေမှာဆို မြို့ပြအင်ဂျင်နီယာ(Civil)၊ စက်မှုအင်ဂျင်နီယာ (Mechanical)၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ(EP)၊ အီလက်ထရွန်နစ် အင်ဂျင်နီယာ(EC) ရယ်ဆိုပြီး ဘာသာရပ် လေးဘာသာအတွက် တစ်ဘာသာကို ကျောင်းသား ၄၀ နဲ့သတ်မှတ်ပါတယ်။ လေးဘာသာအတွက် ကျောင်းသား ၁၆၀ လက်ခံပါတယ်။ အနိမ့်ဆုံးရမှတ် သတ်မှတ်မထားတဲ့အတွက် ဘယ်သူပဲဖြစ်ဖြစ်လျှောက်လို့ရတယ်။ ဒါပေမယ့်ကျောင်းဝင်ခွင့်အတွက် ကျောင်းကလက်ခံနိုင်တဲ့ ကျောင်းသားကို လျှောက်လွှာထဲက ရမှတ်အများဆုံး လျှောက်ထားတဲ့သူကနေစပြီး စီနီယာအလိုက်ရွေးချယ်သွားမှာပါ။ ကျောင်းသားတွေအနေနဲ့ သူတို့ရရှိတဲ့အမှတ်တွေနဲ့ ပါနိုင်၊ မပါနိုင် လေ့လာပြီး တက်ရောက်ခွင့်ရနိုင်တဲ့နေရာကို ပြောင်းလဲလျှောက်လို့ရပါတယ်။ ဒီတက္ကသိုလ်တွေကို ဦးစားပေးအနေနဲ့ လျှောက်ဖို့လည်း လိုအပ်ပါတယ်။

သင်ကြားလိုတဲ့ဘာသာရပ်ကို ရွေးချယ်ပြီး ဦးစားပေးပြန်လျှောက်ရပါမယ်။ ဘာဖြစ်လို့လဲဆိုရင် သန်လျင်နည်းပညာတက္ကသိုလ်လိုကျောင်းမျိုးမှာဆို သင်ကြားပေးနိုင်တဲ့ဘာသာရပ်က လေးခုကျော်ပါတယ်။ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးအဖွဲ့အနေနဲ့ တစ်နိုင်ငံလုံးမှာ နည်းပညာကျောင်းတွေရှိပြီးတော့ ဝင်လာတဲ့ လျှောက်လွှာတွေများတဲ့အတွက် ဘာသာရပ်အတွက်တစ်ခါတည်း မစဉ်းစားနိုင်ပါဘူး။ ရွေးချယ်ခံရတဲ့ ကျောင်းသားတွေက ဒုတိယအဆင့်အနေနဲ့မှ ဦးစားပေးဘာသာရပ်တွေကို ဆန္ဒထပ်ပြုရပါတယ်။ ဒီထဲကမှ ဘာသာရပ်အလိုက် သတ်မှတ်ထားတဲ့ဦးရေကို ပြန်ပြီး ရွေးချယ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သို့သော် Centre of Excellence (COE) ကျောင်းများ၌မူ အနိမ့်ဆုံးရမှတ်များဖြင့် ကန့်သတ်ထားဆဲဖြစ်သည်။

"နည်းပညာတက္ကသိုလ်ရော ကွန်ပျူတာတက္ကသိုလ်တွေမှာပါ Centre of Excellence(COE) ကျောင်းတွေရှိပါတယ်။ အဲဒီကျောင်းတွေမှာ အနိမ့်ဆုံး ရမှတ် ၄၈၀ သတ်မှတ်ခဲ့ရတာက လိုအပ်တဲ့ကျောင်းသား အရေအတွက် ပြည့်မီကျော်လွန်နေလို့ဖြစ်ပါတယ်"ဟု ၎င်းက ဆိုသည်။

**မောင်ဖိုးဇော် (ကလေး)**

## အညတရနှလုံးသား ပုံရိပ်များ

☆ စစ်သည်ဘဝ၊ မြတ်နိုးလှ၍
တက်ကြွပျော်ရွှင်၊ ငယ်နစဉ်က
စစ်တွင်မွေ့လျော်၊ စစ်၌ပျော်သည်
ကျွန်တော် အညတရစစ်သားတည်း။
☆ စစ်သားပီပီ၊ စစ်မြေဆီ၌
ကြုံသည်ဘဝ၊ မျိုးစုံလှ၏
တက်ရမပန်း၊ လှမ်းရမငြီး
ဆီးကမဖြုံ၊ ဆင်းတုံမမော
တစ်တောမှထွက်၊ တစ်တောင်ဆက်ခဲ့
အထက်ဌာန၊ ညွှန်သမျှကို
မုချအမှန်၊ အမိန့်နာခံသည်
မိဌာန်လေးချက် အသက်တည်း။
☆ တစ်ခါတစ်ခါ၊ ရိက္ခာစားနပ်
ပြတ်လပ်လေလျှင်၊ ကျောက်ချဉ်ပေါင်ဟင်း
ဂဲ(ခဲ)ထမင်းကို၊ သွတ်သွင်းမျိုချ
ဝမ်းဖြည့်ရသည့်
ကာလများစွာ ကြုံဖူးသည်။
☆ တစ်ခါတစ်ခါ၊ ရေတွန်းကြာညောင်း
နစ်ချီပြောင်းသော်
ဘောင်းဘီဒူးကွဲ၊ အင်္ကျီပြဲလျက်
ဆောင်းဆဲဦးထုပ်၊ ချုပ်ရိုးပြုတ်သို့
အစုတ်စုတ်ဖာ၊ ဝတ်ရပါသည့်
ကာလများစွာ ကြုံဖူးသည်။
☆ တစ်ခါတစ်ခါ၊ ဆေးလိပ်ဆာသော်
ရရာထုပ်၊ စက္ကူကြား၌
သစ်ရွက်များကြိတ်၊ ဆေးလိပ်ပုံသွန်း
ပွတ်ချွန်းတစ်ဖွာ၊ လွမ်းစရာကို
ရှိုက်ကာရှူကြ၊ အတူမျှသည့်
ကာလများစွာ ကြုံဖူးသည်။
☆ သြော်… နှစ်ပေါင်းများစွာ၊ ကြာခဲ့ပါပြီ
တောင်ပြာတောကြား၊ စစ်သည်များနှင့်
လှုပ်ရှားခဲ့ကြ၊ မေ့မရတည့်
မဝတဝ၊ စားပါရလည်း
မလှမပ၊ ဝတ်ပါရလည်း
လုံးဝတို့ရင်၊ မနာကျင်ပါ
တို့လျှင်သယ်ပိုး၊ ပြည့်အကျိုးတည့်
အမျိုးချစ်စိတ်၊ ပြည်ချစ်စိတ်က
ပြည့်သိပ်နွေးထွေး၊ အားသစ်ပေးသည်
စစ်သွေးသစ္စာ၊ မှန်လှပါ၏
ရုံခါတို့များ၊ တောတောင်ကြားဝယ်
စောင်ကျားလေးပတ်၊ ညစ်ထပ်ထပ်နှင့်
ပလတ်စတစ်လေး၊ လွှမ်းခြုံပေးကာ
အလေးပြုရ၊ ခွဲခွာရသည့်
ဘဝတူများ၊ သူတို့အားလျှင်
လွမ်းငြားမျက်ရည်၊ ကျရမည်ဆို
မျက်ရည်ချောင်းမြစ်၊ ပင်လယ်ဖြစ်လိမ့်
ချစ်သောအမိမြေ၊ အစွန့်ရှည်ဖို့
မိုးမြေညွှတ်မျှ၊ စွန့်လွှတ်ကြသည့်
အညတရ နှလုံးသား၊ ပုံရိပ်များလျှင်
ထင်ရှားလှစွာ၊ ရှိခဲ့ပါ၏
"တစ်ခါက စစ်သား"၊ "ထာဝရ စစ်သား"
"အချစ်များမအို၊ စစ်သားအို" ၏
ညွှန်းဆိုဖွဲ့ရေး၊ ကဗျာတေးဖြင့်
လေးမြတ်ဂုဏ်ပြု လိုက်သည်တကား။ ။

အညတရသူရဲကောင်းစစ်သည်များအား လေးစားဦးညွှတ်လျက်

မြင်းမူမောင်နိုင်မိုး

## တောင်တက်ယာဉ် နှစ်ပတ်လည်နေ့တွင် ကျိုက်ထီးရိုးစေတီတော်သို့ အခမဲ့ပို့ဆောင်

**ကျိုက်ထို ဒီဇင်ဘာ ၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ကမ္ဘာ့အံ့ဖွယ်တန်ခိုးကြွယ်သော ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးတွင် ပြည်တွင်းပြည်ပ ဘုရားဖူးများနှင့် နိုင်ငံတကာမှ လာရောက်ကြသော ဘုရားဖူးပရိသတ်များကို တောင်တက်မော်တော်ယာဉ်အသင်းက ဒီဇင်ဘာ ၂ ရက်တွင် တောင်ပေါ်သို့ အရောက် မော်တော်ယာဉ်များဖြင့် အခမဲ့တင်/ချ ပို့ဆောင်ပေးကြသည်။

ထိုသို့ တင်ချပို့ဆောင်ပေးခြင်းနှင့်အတူ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူအပေါင်းတို့ အားလုံးကို တောင်ခြေ ကားဂိတ်တွင် မဏ္ဍပ်ထိုးကာ ဒံပေါက်ထမင်း၊ ထမင်းဖြူနှင့် သီးစုံပဲကုလားဟင်းများဖြင့် ဧည့်ခံကျွေးမွေးခြင်း အလှူပွဲတော်ကြီးကိုလည်း ပျော်ရွှင်ကြည်နူးစွာဖြင့် လှူဒါန်းကြသည်ကို တွေ့မြင်ရသည်။

တောင်တက်ယာဉ်နှစ်ပတ်လည်နေ့တွင် ယာဉ်ပိုင်ရှင်များကလည်း တစ်ဦးချင်း သီးခြားထပ်မံ၍ မုန့်ဟင်းခါးကျွေးခြင်း၊ အအေးပုလင်း၊ အချိုရည်များလည်း ထည့်ဝင်လှူဒါန်းကြသည်။ ယင်းနေ့က တောင်တက်ကားများသည် အတက်၊ အဆင်း ငါးကြိမ်စီထက်မနည်း ပို့ဆောင်ပေးခဲ့ကြောင်း၊ အလှူတွင် ကျပ်တစ်သိန်းနှုန်းရှိ ဒံပေါက်အိုးကြီး အလုံး ၂၀၊ ထမင်းဖြူအတွက် ဆန်တင်း ၂၀၊ သီးစုံပဲကုလားဟင်း ၂၅ အိုး၊ မုန့်ဟင်းခါးပိဿာချိန် ၅၀၀ စုစုပေါင်းငွေကျပ် သိန်း ၆၀ ကျော်ဖိုးကို လှူဒါန်းနိုင်ခဲ့ကြောင်း တောင်တက်ယာဉ်အသင်း ဥက္ကဋ္ဌ ဦးဝိတင်ထံမှ သိရသည်။

**ခင်မောင်မြင့်(ဇမ္ဗူသီရိ)**

## ၂၀၁၅ ခုနှစ် နဝမအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

မြန်မာ့တင်းနစ်အားကစား အဆင့်အတန်းတိုးတက်အောင်မြင်လာစေရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အဓိကကူညီပံ့ပိုးသော ၂၀၁၅ ခုနှစ် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့ ဗညားဒလလမ်းရှိ သိမ်ဖြူတင်းနစ်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း တစ်ဦးချင်း၊ နှစ်ယောက်တွဲ ပြိုင်ပွဲ၊ အမျိုးသမီး တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး (mixed doubles) နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး အသက်(၁၀)နှစ်နှင့်အောက်၊ အသက်(၁၂)နှစ်နှင့်အောက်၊ အသက်(၁၄)နှစ်နှင့်အောက် တစ်ဦးချင်းပြိုင်ပွဲများ၊ အသက်(၆၀)နှစ်နှင့်အထက် နှစ်ယောက်တွဲပြိုင်ပွဲ (နှစ်ယောက်တွဲ အသက်ပေါင်း ၁၃၀ ပြည့်ဖြစ်ရမည်)နှင့် အသင်းလိုက်ပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။ အသင်းလိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တွင် မှတ်ပုံတင်ထားသော ကလပ်အသင်းများသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများသည် ကွင်းတာဝန်ခံ ဒေါ်မေဖြိုးကျော် ဖုန်း-၀၉-၂၅၀၁၈၇၀၄၀၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် စုံစမ်းရေးဌာန ဖုန်း-၀၁-၃၇၂၃၆၀၊ ၃၈၁၉၉၂ တို့သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

(၉၅)နှစ်မြောက် အမျိုးသားနေ့ ဂုဏ်ပြုဆောင်းပါး

# အမျိုးသားနေ့၊ အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေးတာဝန်

**၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်၊ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် တနင်္ဂနွေနေ့သည် အမျိုးသားနေ့ဖြစ်ပါသည်။ ယခင် ၁၂၈၂ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်၊ ၁၉၂၀ပြည့်နှစ်၊ ဒီဇင်ဘာ ၅ ရက်နေ့တွင် စတင်ပေါ်ပေါက်လာခဲ့သော အမျိုးသားနေ့သည် ယနေ့ကာလအခါသမယ၌ (၉၅)နှစ်ပြည့် မြောက်ခဲ့ပြီ ဖြစ်ပါသည်။**

## ရေနံ့သာမောင်ကျော်ညွန့်

### အမျိုးသားနေ့ဖြစ်ပေါ်လာပုံ

တစ်ချိန်က ကျွန်ုပ်တို့တစ်နိုင်ငံလုံးသည် ဗြိတိသျှကိုလိုနီနယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရသည်။ ဗြိတိသျှကိုလိုနီနယ်ချဲ့အစိုးရက ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်တွင် ရန်ကုန်တက္ကသိုလ်ဥပဒေကို အတည်ပြုပြဋ္ဌာန်းလိုက်သည်။ အဆိုရန်ကုန်တက္ကသိုလ်ဥပဒေတွင် တက္ကသိုလ်ပညာကို လူတိုင်းသင်ယူခွင့်မရရှိနိုင်အောင် ကန့်သတ်ချုပ်ချယ်ထားမှုများပါဝင်နေသည်။ အနှစ်သာရအားဖြင့်လည်း အမျိုးသားရေး အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ခြင်းမရှိသည့်အပြင် မြန်မာလူမျိုးတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ၊ အမျိုးသားရေးစိတ်ဓာတ်များ၊ အမျိုးသားရေးအားမာန်များနှင့် ဇာတိသွေး၊ ဇာတိမာန်များ တိမ်ကောပပျောက်သွားစေရန် စီမံဖန်တီးထားခြင်းသာဖြစ်ပေသည်။

ထိုသို့ ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဥပဒေကို အတည်ပြုပြဋ္ဌာန်းလိုက်ခြင်းသည်ကပင် မြန်မာလူမျိုးတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ အမျိုးသားရေးစရိုက်လက္ခဏာများ၊ အမျိုးသားရေးအားမာန်နှင့် အမျိုးသားရေးစိတ်ဓာတ်များနိုးကြားတက်ကြွလာစေရန် ဖန်တီးပေးလိုက်ခြင်းဖြစ်ပေသည်ဟူ၍ ဆိုရပေတော့အံ့။ အကြောင်းမူကား ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဥပဒေကို အကြောင်းပြုပြီး ဗြိတိသျှကိုလိုနီနယ်ချဲ့တို့အား ဆန့်ကျင်တော်လှန် အောင်ပွဲခံနိုင်ရန်အတွက် မြန်မာနိုင်ငံတစ်နံတစ်လျားရှိ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည် အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအားမာန်၊ အမျိုးသားရေးသတိ၊ အမျိုးသားရေးအသိတို့နှင့်အတူ ဇာတိသွေး၊ ဇာတိမာန်များ တဖွားဖွားနိုးကြားတက်ကြွလာစေသောကြောင့် ဖြစ်ပါသည်။

ထိုအမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေး အားမာန်၊ အမျိုးသားရေးသတိ၊ အမျိုးသားရေးအသိနှင့် ဇာတိသွေး၊ဇာတိမာန်တို့သည် တစ်စထက်တစ်စ ရှင်သန်ကြီးထွားလာကာ ဗြိတိသျှနယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန် ကြိုးပမ်းဆောင်ရွက်နိုင်သည်အထိ အကျိုးသက်ရောက်စေခဲ့ပါသည်။ ထို့ကြောင့် မြန်မာ့လွတ်မြောက်ရေးကြိုးပမ်းမှုသမိုင်းစဉ်တွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်လျက်ရှိသော ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဥပဒေအား ဆန့်ကျင်တော်လှန် အောင်ပွဲခံနိုင်ခဲ့သည့် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်နေ့ကို အမျိုးသားနေ့ဟူ၍ ဂုဏ်ပြုသတ်မှတ်ခဲ့ကြပါသည်။ ထိုအချိန်ထိုအခါမှစ၍ နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်နေ့ရောက်တိုင်း အမျိုးသားနေ့ကို ခမ်းခမ်းနားနားကျင်းပလာခဲ့သည်မှာ ယနေ့ထိတိုင်အောင်ဖြစ်ပါသည်။

### အမျိုးသားရေးစိတ်ဓာတ်

မိမိနိုင်ငံနှင့်လူမျိုးကို အစဉ်စောင့်ရှောက်ခြင်းတည်းဟူသော ဝံသာနုရက္ခိတတရားကိုအခြေခံသည့် အမျိုး၊ ဘာသာ၊ သာသနာကို ကာကွယ်စောင့်ရှောက်ခြင်း၊ အမျိုးသားရေးစရိုက်လက္ခဏာများကို လေးစားမြတ်နိုးတန်ဖိုးထားခြင်း၊ အမျိုးသားရေးယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အမျိုးသားရေး အကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်ခြင်း စသည်တို့သည် အမျိုးသားရေးစိတ်ဓာတ်ဟူ၍ ခေါ်ဆိုနိုင်မည်ဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ် ရှင်သန်ဖြစ်ပေါ်လာစေရန်အတွက် ပဓာနကျသောအချက်မှာ အမျိုးသားပညာရေးဖြစ်ပါသည်။

အမျိုးသားပညာရေးဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ပြီး ဘက်စုံအတွေးအခေါ်မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရေးနှင့် ခေတ်စနစ်၏လိုအပ်ချက်များနှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးပင်ဖြစ်ပါသည်။

ယနေ့ ဒီမိုကရေစီအစိုးရလက်ထက်တွင် အမျိုးသားရေးစိတ်ဓာတ်ကိုမြှင့်တင်ပေးနိုင်မည့် အမျိုးသားပညာရေးကို အကောင်အထည်ဖော်ပေးနိုင်မည်ဖြစ်သော အမျိုးသားပညာရေးဥပဒေ ပေါ်ပေါက်လာခဲ့ပြီဖြစ်ပါသည်။ ထိုအမျိုးသားပညာရေးဥပဒေသည် မြန်မာတစ်မျိုးသားလုံး၏ ပညာရေးအရည်အသွေး မြှင့်တင်နိုင်ရန်အတွက် ပြည်သူ့ဆန္ဒအခြေပြု လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခွင့်ရှိသည့် ပထမဦးဆုံးသော အမျိုးသားပညာရေးဥပဒေလည်းဖြစ်ပါသည်။ အမျိုးသားပညာရေးဥပဒေတွင် အမျိုးသားပညာရေးကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားပညာရေးရည်မှန်းချက်များကို ပြဋ္ဌာန်းထားပါသည်။

အမျိုးသားပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အမျိုးသားပညာရေးရည်မှန်းချက်များမှာ-

(က) တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရန်၊
(ခ) ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများဖြင့် ဥပဒေကိုလေးစား လိုက်နာသော နိုင်ငံသားများဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊
(ဂ) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ သမိုင်းအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများ ဖြစ်လာစေရန်၊
(ဃ) ပညာအခြေပြု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊
(င) နိုင်ငံတကာအဆင့်မီ ပညာရပ်ဆိုင်ရာပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို ထိရောက်စွာအသုံးပြုခြင်းဖြင့် သင်ကြားရေး၊ သင်ယူရေး၊ သုတေသနနှင့် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ၏ အရည်အသွေး မြင့်မားလာစေရန်၊
(စ) ပညာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်စွာတတ်မြောက်သော ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ကျွမ်းကျင်သူများကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊
(ဆ) အားကစားကဏ္ဍကို အားပေးမြှင့်တင်ခြင်းနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို စနစ်တကျ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်

တို့ဖြစ်ပါသည်။

အမျိုးသားပညာရေးဥပဒေပါ အမျိုးသားပညာရေးရည်မှန်းချက်များသည် အမျိုးသားရေးစိတ်ဓာတ်ကို မွေးမြူပေးလျက်ရှိသည်။ ထို့ကြောင့် အမျိုးသားပညာရေးသည်သာလျှင် အမျိုးသားရေးစိတ်ဓာတ်ကို မွေးဖွားပေးနိုင်မည် ဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ်သည်သာလျှင် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်နှင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်ပြီး တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အရေးအရာကိစ္စများအားလုံးကို အောင်မြင်စွာဆောင်ရွက်နိုင်မည့်စိတ်ဓာတ်ဖြစ်ပါသည်။

### အမျိုးသားရေးတာဝန်

နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်နေ့သို့ ရောက်ရှိတိုင်း အမျိုးသားနေ့အခမ်းအနားများကို အမျိုးသားနေ့ ဦးတည်ချက်များနှင့်အညီ အမြို့မြို့ အနယ်နယ် တိုင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါသည်။ ယခုနှစ် (၉၅)နှစ်မြောက် အမျိုးသားနေ့ ကျင်းပရာတွင် ထားရှိသော အမျိုးသားနေ့ဦးတည်ချက်များမှာ-

(က) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
(ခ) စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
(ဂ) အမျိုးသားပညာရည်မြင့်မားရေး၊
(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေး

တို့ဖြစ်ပါသည်။

(၉၅)နှစ်မြောက် အမျိုးသားနေ့ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်မှာ နိုင်ငံသူ နိုင်ငံသားအားလုံး၏ မွန်မြတ်သော အမျိုးသားရေးတာဝန်ဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံပြီး အမျိုးသားရေးတာဝန်များကို ဦးလည်မသုန် ထမ်းဆောင်ကြရမည်ဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ် ရင့်ကျက်ခိုင်ကျည်စွာဖြင့် အမျိုးသားနေ့ဦးတည်ချက်များကို အမျိုးသားရေးတာဝန်အဖြစ် ဦးလည်မသုန်ထမ်းဆောင်နေခြင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော တို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေခြင်းလည်း ဖြစ်ပါသည်။

အချုပ်အားဖြင့်တင်ပြရပါမူ အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ အမျိုးသားရေးယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ပြီးဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားရေး တာဝန်အဖြစ်ခံယူကာ ဒို့တာဝန်အရေးသုံးပါးကို မယိုင်မလဲခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ နိုင်ငံတော်၏ ဖွံ့ဖြိုးရာဖွံ့ဖြိုးကြောင်း၊တိုးတက်ရာတိုးတက်ကြောင်းကိုလည်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။

ယနေ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင်လည်း ကျွန်ုပ်တို့တစ်မျိုးသားလုံးသည် အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားရေးတာဝန်ကို အင်တိုက်အားတိုက် ပူးပေါင်းဝိုင်းဝန်းဆောင်ရွက်ကြပါမူ မဝေးသောကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် မျက်ဝါးထင်ထင်တွေ့မြင်ရမည်မှာ သေချာပါဘိကြောင်း။ ။

**အမျိုးသားပညာရေးဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့်သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ပြီး ဘက်စုံအတွေးအခေါ်မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရေးနှင့် ခေတ်စနစ်၏လိုအပ်ချက်များနှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့လမ်းညွှန်ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးပင်ဖြစ်**

## (၉၅)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
- စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- အမျိုးသားပညာရည်မြင့်မားရေး၊
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရေး၊

# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်(မူကြမ်း) ရေးဆွဲပြီးစီး
## ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အစည်းအဝေး၌ မူကြမ်းကိုအတည်ပြုသွားမည်

သတင်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ - ဖိုးထောင်



**ရန်ကုန်  ဒီဇင်ဘာ  ၅**

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်(မူကြမ်း) ရေးဆွဲရေးကော်မတီ (Framework for Political Dialogue Drafting Committee)၏ ဒုတိယအကြိမ်အစည်းအဝေးတွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (မူကြမ်း) ကိုရေးဆွဲနိုင်ခဲ့ပြီး နေပြည်တော်၌ပြုလုပ်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)အစည်းအဝေးတွင် အတည်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့၊ နိုင်ငံရေးပါတီများအစုအဖွဲ့တစ်ခုချင်းစီတွင် ရှစ်ဦးကျစီပါဝင်သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်မူကြမ်းရေးဆွဲရေးကော်မတီ (Framework for Political Dialogue Drafting Committee) ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(Myanmar Peace Center)တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

အခန်းပေါင်း(၁၀)ခန်းနှင့် ကဏ္ဍခြောက်ခုပါဝင်သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်(မူကြမ်း)ကို အစုအဖွဲ့ တစ်စုလျှင် ကိုယ်စားလှယ် သုံးဦးကျစီဖြင့် မူဘောင်မူကြမ်းရေးဆွဲရေးကော်မတီမှ သုံးရက်ကြာရေးဆွဲခဲ့ခြင်းဖြစ်သည်။

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်(မူကြမ်း)ရေးဆွဲရေးကော်မတီမှ ရရှိလာသည့် အဆိုပါမူကြမ်းအား လာမည့် ဒီဇင်ဘာ ၁၄ ရက်တွင် နေပြည်တော်၌ ပြုလုပ်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် အတည်ပြုသွားမည်ဖြစ်သည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးအပြီးတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက နိဂုံးချုပ်စကား ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက "သုံးရက်အတွင်းမှာ မူကြမ်းတစ်စောင်ကို ရရှိခဲ့ပါပြီ။ ကျွန်တော်တို့အနေနဲ့ သုံးရက်အတွင်းမှာ ယခုလို မူကြမ်းတစ်စောင်ရအောင် ရေးဆွဲနိုင်တာဟာ ခိုင်မာစွာရေးဆွဲထားတဲ့ NCA စာချုပ်ထဲမှာပါတဲ့အချက်တွေကို မှီငြမ်းနိုင်ခဲ့လို့ပဲဖြစ်ပါတယ်။ လာမယ့် ၁၄ ရက်မှာ UPDJC အစည်းအဝေးကို ပြုလုပ်သွားမှာဖြစ်ပါတယ်။ UPDJC အစည်းအဝေးကနေ မူဘောင်(မူကြမ်း)ကိုအတည်ပြုပြီးရင် နိုင်ငံရေးဆွေးနွေးပွဲအတွက် မူဘောင်တစ်ခုကိုရရှိနိုင်မှာဖြစ်ပါတယ်။ ဒီမူဘောင်ကို အခြေခံပြီး နိုင်ငံရေးဆွေးနွေးပွဲတွေကို ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်"ဟုပြောကြားသည်။

တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက "NCA စာချုပ်ကိုအခြေခံပြီးရေးသားတဲ့အတွက် ဒီမူဘောင်ကို အမြန်ဆုံးရေးဆွဲနိုင်ခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးမှုမူဘောင်ကို ရက်ပေါင်း ၆၀ အတွင်း ရေးဆွဲနိုင်ပါ့မလားလို့ နိုင်ငံတကာပညာရှင်တွေနဲ့ ပြည်သူလူထုတော်တော်များများက မေးခဲ့ကြပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာရှိတဲ့ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ နိုင်ငံရေးပါတီတွေစုပေါင်းပြီး နိုင်ငံတကာက ပြီးအောင်မလုပ်နိုင်ဘူးလို့ ပြောခဲ့ကြတဲ့အလုပ်ကို ကျွန်တော်တို့ သုံးရက်အတွင်း ကမ္ဘာ့စံချိန်တင် လုပ်ပြနိုင်ခဲ့ပြီး သက်သေပြနိုင်ခဲ့တာပဲဖြစ်ပါတယ်။ အခုပူးပေါင်းဆောင်ရွက်မှုကို ဆက်လုပ်နိုင်မယ်ဆိုရင် အနှစ်(၆၀)ကျော်ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းပဋိပက္ခကို ရပ်စဲအောင်လုပ်နိုင်မှာဖြစ်ပါတယ်။ နှစ်ပေါင်း(၆၀)ကျော် လက်နက်ကိုင်စွဲပြီး တောင်းဆိုလာခဲ့တဲ့ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူညီမျှရေးနဲ့ ဖက်ဒရယ်ဖွဲ့စည်းရေးဆိုတဲ့ အခွင့်အရေးတွေအပြည့်အဝရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကို အမှန်တကယ်ထူထောင်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီတွေကိုလည်းမေတ္တာရပ်ခံချင်ပါတယ်။ ကျွန်တော်တို့ ကြိုးစားခဲ့ရတဲ့ နှစ်နှစ်တာကာလအခက်အခဲတွေ၊ ဖြတ်သန်းမှုတွေကိုအသိအမှတ်ပြုပေးပါ။ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ အစိုးရသစ်ကသော် လည်းကောင်း၊ နိုင်ငံရေးပါတီအားလုံးကသော် လည်းကောင်း၊ လူထုတစ်ရပ်လုံးက သော်လည်းကောင်း ပါဝင်ဖို့ ကျွန်တော်တို့ ဖိတ်ခေါ်ကမ်းလှမ်းလိုပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်တွေကလည်း ဒီမိုကရေစီကူးပြောင်းရေးမှာ တစ်တပ်တစ်အား ပါဝင်ပါ့မယ်"ဟုပြောကြားခဲ့သည်။

နိုင်ငံရေးပါတီအစုအဖွဲ့မှ ဦးစိုင်းကျော်ညွန့်က "ဒီနေ့ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်(မူကြမ်း)ရေးဆွဲရေးကော်မတီအစည်းအဝေးမှာ မူဘောင်(မူကြမ်း)ကို ရရှိအောင် လုပ်ဆောင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီမူကြမ်းကို UPDJC အစည်းအဝေးမှာ အတည်ပြုနိုင်မှာ ဖြစ်ပါတယ်။ UPDJC အစည်းအဝေးမှာ မြန်မာနိုင်ငံအတွက် အကောင်းဆုံးအဆင်ပြေနိုင်မယ့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်(မူကြမ်း)ရေးဆွဲရေးကော်မတီက ရေးဆွဲပေးလိုက်တဲ့ မူကြမ်းကို အကောင်းဆုံးအဖြေရရှိအောင် အတည်ပြုဆုံးဖြတ်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒီမူကြမ်းရရှိလာရင် ကျွန်တော်တို့လိုလားတဲ့ နိုင်ငံရေးဆွေးနွေးပွဲ စတင်နိုင်ပြီး ပြည်တွင်းငြိမ်းချမ်းရေးနဲ့ နိုင်ငံရေးပြဿနာအားလုံးကို အားလုံးပူးပေါင်းဖြေရှင်းလုပ်ဆောင်ကြဖို့ တိုက်တွန်းပါတယ်"ဟု နိဂုံးချုပ်စကားတွင် ထည့်သွင်းပြောကြားသည်။

အစည်းအဝေးအပြီးတွင် တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ နိုင်ငံရေးပါတီအစုအဖွဲ့မှ ဦးစိုင်းကျော်ညွန့်၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(Myanmar Peace Center)မှ ဒေါက်တာကျော်ရင်လှိုင်နှင့် ဦးညိုအုန်းမြင့်တို့က သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ပြုလုပ်ခဲ့ကြသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲ၌ နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်ကြမည့် လူဦးရေအချိုးအစားအား အစုအဖွဲ့သုံးခုမှ အချိုးတူပါဝင်ရန်အတွက် အခြေခံအားဖြင့် သဘောတူညီထားကြောင်း၊ ယင်းအချက်အား UPDJC အစည်းအဝေးတွင် ဆက်လက်အတည်ပြုသွားမည်ဖြစ်ကြောင်း၊ NCA စာချုပ်လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်လည်း လက်မှတ်ရေးထိုးရန်အတွက် ပြင်ဆင်မှုများရှိကြောင်း၊ လက်ရှိရေးဆွဲထားသည့် နိုင်ငံရေးဆွေးနွေးမှု မူဘောင်(မူကြမ်း)သည် လက်မှတ်မရေးထိုးရသေးသည့် အဖွဲ့အစည်းများ လက်မှတ်ရေးထိုးလာပါက နောင်လာမည့် အခြေအနေအတွက် ပြုလွယ်ပြင်လွယ်ဖြစ်စေရန် ရေးဆွဲထားကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲမစတင်မီ NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ဆွေးနွေးပွဲတစ်ရပ် ကျင်းပနိုင်ရန်လည်း စီစဉ်လျက်ရှိကြောင်း ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားကြသည်။

# ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်မှာ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးတည်ငြိမ်မှု အဓိကကျဟုဆို

**ရန်ကုန်  ဒီဇင်ဘာ  ၅**

မြန်မာနိုင်ငံတွင် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာအကောင်းဆုံးဖြစ်နေပြီး ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးတည်ငြိမ်မှုမှာ အဓိကကျကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ယနေ့နံနက်က ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ရှေ့အလားအလာအပေါ် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

ခရီးသွားကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် နိုင်ငံရေး တည်ငြိမ်နေမှုတို့အပေါ်တွင်လည်း တည်မှီနေပြီး ယခုနှစ် နိုဝင်ဘာလတွင် ကျင်းပနိုင်ခဲ့သည့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းကလည်း ကောင်းမွန်သော အပြောင်းအလဲနှင့် အခြေအနေများ ပေးခဲ့သည်ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

"အခု နိုဝင်ဘာအထိ စာရင်းအရ ဧည့်သည် ၄ ဒသမ ၂ သန်း ကျော်သွားပါပြီ။ ၂၀၁၅-၂၀၁၆ မတ်လလောက်ဆိုရင် ငါးသန်းလောက် ဖြစ်လာပါလိမ့်မယ်။ ရွေးကောက်ပွဲကာလကိုကြည့်ပြီး ချင့်ချိန်ကြတဲ့အတွက် ခရီးသွားတန့်သွားတဲ့ အနေအထားတော့ရှိတယ်။ အခုလာချင်တဲ့သူတွေ၊ သွားချင်တဲ့သူတွေ အများကြီး မေးတာတွေရှိပါတယ်။ အများကြီး အလားအလာကောင်းပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က မီဒီယာများအား ရှင်းလင်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်များတွင် အရေးပါသော ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းကလည်း အဓိက အရေးပါလှပြီး လက်ရှိအစိုးရလက်ထက် ဆောင်ရွက်ခဲ့သည့် ငြိမ်းချမ်းရေးဖြစ်စဉ်များ၊ အပစ်အခတ်ရပ်စဲရေးသဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပသွားခြင်းတို့ကို နောင်လာမည့် အစိုးရသစ်သို့ လက်ဆင့်ကမ်းလွှဲပြောင်းပေးအပ်သွားမည့်အပြင် ကောင်းမွန်သော အပြောင်းအလဲများအတွက် ပူးပေါင်းဆောင်ရွက်မှုများစွာ ရှိနေသည့်အပေါ် နိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင်သာမက မီးခိုးမထွက်သည့် စက်မှုလုပ်ငန်းအဖြစ် တင်စားခေါ်ဝေါ်ကြသည့် ခရီးသွားကဏ္ဍသည် တိုးတက်မှုအကောင်းဆုံး ဦးဆောင်ကဏ္ဍတစ်ခုဖြစ်လာမည်ဟု စီးပွားရေးလုပ်ငန်းရှင်များနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများက မျှော်လင့်ထားကြသည်။

"ဒီနှစ် ရာသီဥတုဖောက်ပြန်မှု၊ ရေကြီးရေလျှံမှုတွေ ဖြစ်သွားတယ်။ ခရီးသွားကဏ္ဍကို အနည်းနဲ့အများတော့ သက်ရောက်မှုရှိခဲ့တယ်။ ဥပမာ နာဂစ်ပေါ့။ နာဂစ်ဖြစ်တော့ ခရီးသွား လုံးဝကို ပြုတ်ကျသွားတယ်။ ၈၈ အရေးအခင်းဖြစ်တဲ့အခါ လုံးဝပြုတ်ကျသွားခဲ့တာ။ အဲဒီကနေပြန်ပြီး တက်လာခဲ့တာ ဖြစ်ပါတယ်။ ဒါမျိုးတွေဖြစ်တယ်ဆိုရင် အများကြီး ထိခိုက်ပါတယ်။ ဒီမှာ ရွေးကောက်ပွဲရှိတယ်ဆိုရင် ရွေးကောက်ပွဲကာလကိုကြည့်ပြီး ဧည့်သည်တွေက ချင့်ချိန်ကြတယ်။ သွားလို့ရလား၊ မရဘူးလားဆိုပြီးတော့ တန့်သွားတတ်တဲ့ အနေအထားရှိတယ်။ နိုင်ငံတော်ရဲ့ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ ဖွံ့ဖြိုးလာတယ်ဆိုရင် ခရီးသွားကဏ္ဍဟာ အလိုလိုတက်လာမှာ ဖြစ်ပါတယ်။ ဒီအချက်က အင်မတန်မှ အရေးကြီးပါတယ်။ တိုင်းပြည်ကြီးဟာ ငြိမ်းချမ်းသွားမယ်၊ တိုင်းပြည်ကြီးဟာ တည်တည် ငြိမ်ငြိမ်အေးချမ်းမယ်ဆိုရင် ခရီးသွားကဏ္ဍဟာ တိုးတက်လာမှာပဲ ဖြစ်တယ်။ ကျွန်တော်တို့မှာ ဟိုးမြောက်ပိုင်းမှာ ရေခဲတောင်တွေရှိတယ်။ တောတွင်း တောင်တက်လမ်းကြောင်းတွေရှိတယ်။ လုပ်လို့ရတဲ့နေရာတွေ အများကြီးရှိတယ်။ သွားချင်စရာနေရာတွေ အများကြီးရှိတယ်။ ယဉ်ကျေးမှုအမွေအနှစ်တွေ အများကြီးရှိတယ်။ တောင်ဘက်မှာ ကျွန်းပေါင်း ၈၀၀ ကျော် ဒီအတိုင်းပဲ ရှိနေတယ်"ဟု ဦးဌေးအောင်က ပြောကြားခဲ့သည်။

ယင်းသို့ မြန်မာ့ခရီးသွားကဏ္ဍ တိုးတက်လာမှုအပေါ် ခရီးသွားဧည့်သည် တိုးတက်လာသည်နှင့်အမျှ ဝန်ဆောင်မှုများကောင်းမွန်ရန် လိုအပ်ပြီး ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဟိုတယ်ဈေးနှုန်းများလည်း သင့်တင့်မျှတရန် လိုအပ်သည်ဟု သုံးသပ်မှုများရှိသည်။ အရေအတွက်များ များလာခြင်းထက် ခရီးသွားကဏ္ဍကို အထောက်အကူဖြစ်သည့် ခရီးသွား ဝင်ငွေတိုးတက်စေမည့် ဆွဲဆောင်မှုများ ဆောင်ရွက်ရမည်ဟု ဝါရင့်ဧည့်လမ်းညွှန်များက သုံးသပ်သည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည် သုံးသန်းကျော် ဝင်ရောက်မှုရှိခဲ့ပြီး ယခုနှစ်တွင် နိုဝင်ဘာလကုန်အထိ ဧည့်သည် ၄ ဒသမ ၂ သန်းကျော် ဝင်ရောက်မှုရှိခဲ့သည်ဟုသိရသည်။ လက်ရှိတွင် ဟိုတယ်အလုံးပေါင်း ၁၂၆၇ လုံး၊ အခန်းပေါင်း ၄၉၅၈၄ ခန်းဖြင့် ဝန်ဆောင်မှုများပေးနေပြီး ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများလည်း တိုးမြှင့်လာသည်ဟု သိရသည်။ လေကြောင်းလိုင်းများအနေဖြင့်လည်း ပြည်ပလေကြောင်းလိုင်း ၂၅ လိုင်း၊ ပြည်တွင်းရှစ်လိုင်း ပြေးဆွဲနေသည့်အပြင် ကုန်းလမ်းပို့ဆောင်ရေး ခရီးစဉ်များတွင်လည်း အဆင့်မြင့်ဘတ်စ်ကားများဖြင့် တိုးချဲ့ပြေးဆွဲနေရသည်ဟုသိရသည်။ နှစ်ပေါင်းများစွာ ပိတ်ဆို့မှုများရှိခဲ့သည့် မြန်မာနိုင်ငံတွင် ခရီးသွားဆွဲဆောင်ရာနေရာဒေသ အများအပြားရှိသည့်အတွက် လက်ရှိဒေသတွင်း ခရီးသွားဖွံ့ဖြိုးနေသည့် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်တို့နှင့် အပြိုင် နိုင်ငံတကာ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်ရန်မှာ အရှိန်ယူကြိုးပမ်းရမည့် အချိန်ဖြစ်သည်ဟု ကျွမ်းကျင်သူများက သုံးသပ်သည်။

(၀၀၁)

# တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရရဲ့ လှူဒါန်းမှုဟာ မြန်မာနိုင်ငံရဲ့ သဘာဝဘေးသင့်ဒေသများရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ တစ်တပ်တစ်အား ပါဝင်မှာဖြစ်ပါတယ်

*ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန*

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရ နိုင်ငံတကာရေးရာပူးပေါင်းဆောင်ရွက်ရေးရုံးမှ မြန်မာနိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ဆက်သွယ်၍ ရခိုင်ပြည်နယ်တွင် ဆောက်လုပ်မည့် နေအိမ်များအနက် နေအိမ်ငါးထောင်အတွက် ဆားငန်ရည်ဒဏ်ခံနိုင်သော အလူမီနီယံဇင့်သွပ်ပြားချပ်ရေနှစ်သိန်းကို ပေးပို့လှူဒါန်းခဲ့သည်။**

အဆိုပါ သွပ်ပြားများမှာ အလူမီနီယံဇင့်သွပ်အမျိုးအစား၊ အရွယ်အစား(၇ × ၃)ပေဖြစ်ပြီး အောက်တိုဘာ ၂၄ ရက်တွင် ယူနန်ပြည်နယ် ရွှေလီမြို့မှတစ်ဆင့် မြန်မာနိုင်ငံ မူဆယ်မြို့သို့ မော်တော်ယာဉ်များဖြင့် ပေးပို့ခဲ့ရာ ဆက်လက်၍ ဒီဇင်ဘာ ၂ ရက်မှ ၄ ရက်အတွင်း မန္တလေးမြို့သို့ ကုန်တင်ယာဉ် ၄၉ စီးဖြင့် ပို့ဆောင်ခဲ့ခြင်းဖြစ်ပြီး မန္တလေးမြို့ရှိ ကုန်သွယ်လယ်ယာ သိုလှောင်ရုံဝင်းအတွင်း၌ စနစ်တကျ သိုလှောင်ထိန်းသိမ်းထားရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။


"တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရရဲ့ လှူဒါန်းမှုဟာ မြန်မာနိုင်ငံရဲ့ သဘာဝဘေးသင့်ဒေသများရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ တစ်တပ်တစ်အား ပါဝင်မှာ ဖြစ်ပါတယ်။ အဲဒီအိမ်မိုးသွပ်ပြားတွေ လှူဒါန်းမှုနဲ့ ဆက်စပ်စာရွက်စာတမ်းတွေ လွှဲပြောင်းပေးအပ်မယ့် အခမ်းအနားကို ဒီဇင်ဘာ ဒုတိယပတ်အတွင်း နေပြည်တော်မှာ ပြုလုပ်ရန်လျာထားပါတယ်"ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က ပြောကြားသည်။

အဆိုပါ အိမ်မိုးသွပ်များလှူဒါန်းမှုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်မှုအောင်မြင်သည့် နှစ်(၇၀)ပြည့် နှစ်ပတ်လည် အခမ်းအနားသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက်ခဲ့သည့် ခရီးစဉ်အတွင်း ကူမင်းမြို့၌ ယူနန်ပြည်နယ်ပါတီအတွင်းရေးမှူးနှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ရေဘေးသင့်ဒေသများရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ နေအိမ်များဆောက်လုပ်ရာတွင် အသုံးပြုရန်အတွက် ယူနန်ပြည်နယ်အစိုးရမှ လှူဒါန်းနိုင်မည့်အခြေအနေများ ဆွေးနွေးခဲ့ရာမှ စတင်ခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ပြည်သူ့အစိုးရအဖွဲ့ထံသို့ လှူဒါန်းမည့်အခြေအနေ အသေးစိတ်ကို ဆွေးနွေးညှိနှိုင်း၍ စက်တင်ဘာ ဒုတိယပတ်အတွင်း ပြန်ကြားခဲ့ပြီး စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ထံမှ သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အနေဖြင့် ဩဂုတ် ၇ ရက်တွင် ယူနန်ပြည်နယ်မှ တရုတ်ယွမ်ငွေ သိန်း ၃၀ တန်ဖိုးရှိ ဆန်ရိက္ခာနှင့် မိုးကာတဲ အလုံး ၁၀၀၀ တို့ကိုလည်းကောင်း၊ ဩဂုတ် ၁၃ ရက်တွင် တက်ဟုန်ပြည်နယ်ခွဲမှ မြန်မာကျပ်ငွေ ၁၅၆၂၇၂၇၁၂ ခန့် တန်ဖိုးရှိ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် မိုးကာတဲ အလုံး ၁၂၀ တို့ကိုလည်းကောင်း၊ ဩဂုတ် ၁၄ ရက်တွင် ယွမ် ၂၅၉၀၀၀၀ တန်ဖိုးရှိ အသင့်တပ်ဆင်နေထိုင်နိုင်သည့်အိမ် (Modular House) ၁၅၀နှင့် ဆန်၊ ဆိုလာမီးအိမ်နှင့် အရေးပေါ်သုံး ဆေးပစ္စည်းများကိုလည်းကောင်း၊ ဩဂုတ် ၁၆ ရက်တွင် ရွှေလီမြို့ ပြည်သူ့အစိုးရမှ ယွမ် ၂၀၄၅၀၀ တန်ဖိုးရှိ စားသောက်ကုန်နှင့် အဝတ်အထည်များကိုလည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်တွင် လင်ချန်းမြို့မှ တရုတ်ယွမ် ၁၀ သိန်းတန်ဖိုးရှိ မြန်မာကျပ်ငွေနှင့် တရုတ်ယွမ် ၂ ဒသမ ၈ သိန်း တန်ဖိုးရှိ ပစ္စည်းများကိုလည်းကောင်း လှူဒါန်းခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။




မြန်မာနိုင်ငံအတွင်း ယခုနှစ် ဇွန်လမှစ၍ နိုဝင်ဘာလဆန်းအထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေကြီး၊ ရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုတို့တွင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ကြရပြီး အိမ်ထောင်စုပေါင်း ၄၂၃၂၁၆ မှ ပြည်သူ ၁၆၉၂၈၇၃ ဦးမှာ ဘေးဒုက္ခနှင့် ကြုံတွေ့ခဲ့ကြရသည်။

"ဘေးသင့်ပြည်သူတွေအတွက် ရှာဖွေကယ်ဆယ်ရေးနဲ့ ထောက်ပံ့ရေးလုပ်ငန်းတွေကို အရေးပေါ်ကာလ တုံ့ပြန်မှုအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးရှိ ဝန်ကြီးချုပ်တွေက ဦးဆောင်ပြီး ပြည်သူတွေနဲ့ လက်တွဲပြီး ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အမျိုးသားသဘာဝဘေးကော်မတီကလည်း လိုအပ်တဲ့ထောက်ပံ့ကူညီမှုတွေနဲ့ ပေါင်းစပ်ညှိနှိုင်းမှုတွေကို ပြုလုပ်ပေးနိုင်ခဲ့ပါတယ်"ဟု အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က ဆက်လက်ပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် အရေးပေါ်ထောက်ပံ့နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC)မှ တန်ဖိုးငွေကျပ် ၁၈၆ ဒသမ ၄၉ သန်းတန်ဖိုးရှိ ခုနစ်ပေအမိုးသွပ်ချပ်ရေ ၆၀၀၀၀ ကို ဝယ်ယူ၍ ရန်ကုန်မြို့ရှိ ဗဟိုသိုလှောင်ရုံ၌ စနစ်တကျ သိုလှောင်ထားရှိကြောင်းလည်း သိရသည်။

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ မှတ်တမ်းများအရ ဇူလိုင် ၂၉ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ ပြည်တွင်းပြည်ပ အလှူရှင်များက ငွေကျပ် ၉၀၅၆ ဒသမ ၀၂ သန်း၊ အမေရိကန်ဒေါ်လာ ၃၅၄၁၂၉၂ ဒသမ ၄၀ နှင့် အဝတ်အထည်မျိုးစုံ၊ ဆန်၊ ရေသန့်၊ ခေါက်ဆွဲခြောက်၊ ဆပ်ပြာမှုန့် အစရှိသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံကို လှူဒါန်းခဲ့ကြောင်း တွေ့ရသည်။

ပြည်တွင်းပြည်ပမှ သဘာဝဘေးဒဏ်အတွက် လှူဒါန်းမှုများအပေါ် အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က "လက်ခံရရှိတဲ့ ပစ္စည်းအားလုံးကို ဘေးသင့်ပြည်သူတွေ လက်ဝယ်သို့ ဖြန့်ခွဲထောက်ပံ့ပေးပြီးဖြစ်ပါတယ်။ အလှူငွေတွေကိုတော့ မြန်မာငွေနဲ့ အမေရိကန်ဒေါ်လာခွဲခြားပြီး သက်ဆိုင်ရာနိုင်ငံပိုင်ဘဏ်များမှာ ဥပဒေနဲ့အညီ စာရင်းဖွင့်ထိန်းသိမ်းထားရှိပြီး ပြန်လည်ထူထောင်ရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေမှာ စနစ်တကျသုံးစွဲ ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောကြားသည်။

**(ညီဇော်-MNA)**

---

### ❁ ချင်းတိုင်းရင်းသားမှ

ခူမီးရိုးရာနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်လာသည့် အမျိုးသားလွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးထိုက်က "ဒီနေ့ဒီနေရာမှာ စုစည်းရောက်ရှိလာကြတဲ့ ညီအစ်ကို မောင်နှမတွေ အားလုံးက ချင်းပြည်နယ် ပလက်ဝမြို့နယ်၊ ဆမီးမြို့နယ်ကို အခြေခံတဲ့ဒေသက ခူမီးမျိုးနွယ်စု အများစုဖြစ်ပါတယ်။ တစ်မြေတည်းနေ တစ်ရေတည်းသောက်ခဲ့ကြပြီး တစ်နယ်တစ်ကျေးကို ရောက်ရှိခဲ့ကြပေမယ့် ဘယ်ကိုရောက်ရောက် ခူမီးဟာ ခူမီးပါပဲ။ မိမိတို့လူမျိုးကို ချစ်တဲ့စိတ်ကတော့ အတူတူပဲရှိကြပါလိမ့်မယ်။ အဲဒါကြောင့်လည်း ရန်ကုန်ရောက် ခူမီးလူငယ်မောင်မယ်တွေဦးစီးပြီး ခူမီးရိုးရာနှစ်သစ်ကူးပွဲတော်ကို အခု ခမ်းခမ်းနားနားကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်" ဟုပြောသည်။

ချင်းတိုင်းရင်းသားထဲတွင်ပါဝင်သော လူမျိုးစု ၅၃ စု တွင် ခူမီးလူမျိုးသည် မျိုးနွယ်စုတစ်ခုဖြစ်ပြီး ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဝတ်စားဆင်ယင်မှုရှိသော မျိုးနွယ်စုဖြစ်ကြောင်း ပလက်ဝမြို့တွင် ဖွင့်လှစ်ထားသော ခူမီးမျိုးနွယ်စုယဉ်ကျေးမှုပြတိုက်တွင် ထိန်းသိမ်းထားရှိသည့် အထောက်အထားမှတ်တမ်းများအရ သိရသည်။

ခူမီးရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်၍ ခူမီးနှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီမှ အတွင်းရေးမှူး ဦးပီတာလွှယ်လူးက" အမှန်က နှစ်သစ်ကူးရက်က ဒီဇင်ဘာ ၁ ရက်နေ့ပါ။ ဒီနေ့မှာ ကျင်းပဖြစ်တာက စနေနေ့ဆိုတော့ အများပြည်သူအားလပ်ရက်လည်းဖြစ်တဲ့အတွက် အကုန်လုံးလာနိုင်မယ့်ရက်ကိုရွေးလုပ်ဖြစ်တာပါ။ ရန်ကုန်မှာ ဒါပထမဆုံးအကြိမ်ပါ။ အဓိကရည်ရွယ်ချက်ကတော့ ဘိုးဘွားဘီဘင်တွေထားရှိခဲ့တဲ့ ခူမီးလူမျိုးတွေရဲ့ ထုံးတမ်းဓလေ့တွေကို မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းပေးတဲ့သဘောပါ။ နှစ်သစ်မှာ လူသစ်စိတ်သစ်နဲ့ အလုပ်အကိုင်တွေကောင်းမယ်၊ အောင်မြင်မှုတွေရရှိမယ်၊ အခက်အခဲအနှောင့်အယှက်တွေ ကင်းစင်မယ်စတဲ့ ရည်ရွယ်ချက်တွေရယ်၊ ပလက်ဝမှာက ခရစ်ယာန်ရှိတယ်၊ ဗုဒ္ဓဘာသာရှိတယ်။ အားလုံးစုစည်းဖို့ဆိုတာ ဘာသာရေးနဲ့မဆိုင်တဲ့ ပွဲတော်အနေနဲ့ စုစည်းမှုရမယ်။ ဒါကြောင့် နှစ်သစ်ကူးပွဲတော်ကို နှစ်စဉ်နှစ်တိုင်းကျင်းပခဲ့တာပါ။ နောက်ပြီး ရန်ကုန်မှာ ကျင်းပဖြစ်တာကတော့ ရန်ကုန်မှာရှိတဲ့ ခူမီးလူမျိုးတွေ ပြန်လည်ဆုံတွေ့စေလိုတဲ့အတွက်ဖြစ်ပါတယ်" ဟုပြောသည်။

ခူမီးရိုးရာ နှစ်သစ်ကူးပွဲတော်ကို ချင်းပြည်နယ် ပလက်ဝမြို့တွင် ဒီဇင်ဘာ ၁ ရက် ရောက်တိုင်း နှစ်စဉ်ကျင်းပလေ့ရှိပြီး ယခုနှစ်တွင်လည်း ပလက်ဝမြို့၌ ကျင်းပကြောင်းသိရသည်။

၂၀၁၄ ခုနှစ်က ချင်းပြည်နယ် ပလက်ဝမြို့တွင် ကျင်းပခဲ့သည့် ခူမီးရိုးရာနှစ်သစ်ကူးပွဲသည် ပလက်ဝမြို့နယ်နှင့် ဆမီးမြို့နယ်တစ်ခုလုံးအား စုစည်းကျင်းပနိုင်ခဲ့သည့်အပြင် ခူမီးစာပေနှင့် ယဉ်ကျေးမှုပြတိုက် အဆောက်အအုံကိုလည်း အထိမ်းအမှတ်တစ်ခုအနေဖြင့် ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း ခူမီးစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ သိရသည်။

ယခုနှစ် ရန်ကုန်မြို့တွင် ကျင်းပသည့် ခူမီးနှစ်သစ်ကူးပွဲတော်တွင် ချင်းတိုင်းရင်းသားတို့၏ သင်္ကေတဖြစ်သော ခေါင်ရေနှင့် ခူမီးရိုးရာပြာရည်ဟင်းတို့ဖြင့် ဧည့်ခံကျွေးမွေးခဲ့သည့်အပြင် ခူမီးရိုးရာအကများဖြစ်ကြသည့် ချင်းရိုးရာဝါးညှပ်အက၊ ကောက်စိုက်ကောက်ရိတ်အကနှင့် ခေတ်မီတေးသီချင်းများဖြင့်လည်း သီဆိုဖျော်ဖြေခဲ့ကြသည်။

---

### ❖ မသန်စွမ်းမှ

သွင်းယူခဲ့ပြီး ပွဲပြီးခါနီးမှသာ နှစ်ဂိုးပြန်ပေးခဲ့ရခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့က နှစ်ပွဲကစား နှစ်ပွဲစလုံးနိုင်ကာ အုပ်စုကို ဦးဆောင်လျက်ရှိသည်။ မြန်မာအသင်းသည် အုပ်စုတတိယပွဲစဉ်အဖြစ် ဒီဇင်ဘာ ၆ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ထပ်မံကစားရမည်ဖြစ်သည်။

မြန်မာအသင်းများ ဝင်ရောက်ယှဉ်ပြိုင်နေသည့် Goalball ပြိုင်ပွဲ အုပ်စုဒုတိယနေ့ ပွဲစဉ်များကို ယနေ့ ဆက်လက်ကျင်းပသည်။ အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းက လာအိုအသင်းကို ၁၂ ဂိုး-ရှစ်ဂိုး၊ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းက ထိုင်းအသင်းကို ၁၂ ဂိုး-နှစ်ဂိုးတို့ဖြင့် နှစ်ပွဲစလုံးရှုံးနိမ့်ခဲ့သည်။

**(ရှိုင်းထက်ဇော်)**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း

**(ပြည်သူအများ လေ့လာကြည့်ရှုအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)**

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို
တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
၁၃၇၇ ခုနှစ်၊ လ ရက်
၂၀၁၅ ခုနှစ်၊ လ ရက်

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ရွေးကောက်ပွဲဆိုသည်မှာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာလွှတ်တော် ပုံမှန်သက်တမ်းအတွက် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်။"

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၈၊ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်သောကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို သို့မဟုတ် မည်သည့် မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့်ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်း အကြောင်းပြ၍ ကန့်ကွက်လိုလျှင် ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သောအကြောင်းပြချက်များကိုဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။"

------------------------------------------------------------

# အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း

**(ပြည်သူအများ လေ့လာကြည့်ရှုအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)**

အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို
တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၇ ခုနှစ်၊ လ ရက်
၂၀၁၅ ခုနှစ်၊ လ ရက်

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ရွေးကောက်ပွဲဆိုသည်မှာ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာလွှတ်တော် ပုံမှန်သက်တမ်းအတွက် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာသတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်။"

၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ(က)ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"(က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို သို့မဟုတ် မည်သည့် မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်းအကြောင်းပြ၍ ကန့်ကွက်လိုလျှင် ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သောအကြောင်းပြချက်များကိုဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။"

------------------------------------------------------------



## ပုလောတွင် မီးငြိမ်းသတ်ရေယာဉ် စမ်းသပ်မောင်းနှင်း၍ မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

**ပုလော ဒီဇင်ဘာ ၅**

ပုလောမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ရေယာဉ် စမ်းသပ်မောင်းနှင်ခြင်း၊ ဆီတင်ရေယာဉ်များ မီးလောင်မှုအား မီးငြိမ်းသတ်ခြင်းနှင့် ရေပြင် အသက်ကယ်ခြင်း သရုပ်ပြလေ့ကျင့်မှုကို ဒီဇင်ဘာ ၂ရက် မွန်းလွဲ ၂နာရီခွဲက ပုလောချောင်းအတွင်း မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက လေ့ကျင့်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ အစီအစဉ်အား မြို့နယ်မီးသတ်ဦးစီးဌာနမှူးကြီးမှူး၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ဆိပ်ခံတံတားများတွင် ဆိုက်ကပ်ရပ်နားထားသည့် ရေယာဉ်များ၊ ပုလောချောင်းအတွင်း သွားလာလျက်ရှိသည့် ရေယာဉ်များ၊ ဆီတင်ရေယာဉ်များ၊ မီးဘေးအန္တရာယ်ကြုံတွေ့လာပါက မီးငြိမ်းသတ်နိုင်ရေးနှင့် ရေပြင်အသက်ကယ်မှုများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းအဆင့်ဆင့်အား သရုပ်ပြလေ့ကျင့်ဆောင်ရွက်ကြခြင်း ဖြစ်သည်။**(ဝဲပုံ)**

ပုလောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူအချို့သည် ရေလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုပြီး အဆိုပါ ပုလောချောင်းရှိ ကမ်းစပ်တစ်လျှောက်တွင် နေအိမ်များ ဆောက်လုပ်နေထိုင်ကြသောကြောင့် ရေယာဉ်များမှ မီးဘေးအန္တရာယ်ကြုံတွေ့ပါက နေအိမ်များသို့ ကူးစက်လောင်ကျွမ်းကာ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်၍ မီးလောင်မှုကြုံတွေ့လာပါက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါ သရုပ်ပြပွဲကို ပုလောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

■

## စပါးရိတ်လုပ်သားတစ်ဦးလျှင် ကျပ် ၃၅၀၀ ခန့်ရသော်လည်း ဝမ်းစာမျှသာ အဆင်ပြေ

**ဝန်းသို ဒီဇင်ဘာ ၅**

စပါးရိတ်သိမ်းရာသီရောက်ပြီဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် စပါးရိတ်သိမ်းလုပ်သားတစ်ဦးလျှင် တစ်နေ့လုပ်အားခ ငွေကျပ် ၃၀၀၀ မှ ၃၅၀၀ အထိရရှိကြောင်းသိရသည်။

ယခုနောက်ပိုင်းတွင် စပါးရိတ်သိမ်းလုပ်သားရှားပါးလာခြင်းကြောင့် လုပ်သားတစ်ဦးကို တစ်နေ့ ငွေကျပ် ၃၀၀၀မှ ၃၅၀၀ အထိပေးကာ ခေါ်ယူလုပ်ကိုင်ရကြောင်း၊ နေ့လယ်စာပါ ကျွေးရကြောင်း စပါးရိတ်သိမ်းလုပ်သား ခေါ်ယူသူများက ပြောသည်။

"စပါးရိတ်သိမ်းသူတစ်ဦးကို နေ့လယ်စာ ထမင်းတစ်နပ်ကျွေးရရင် ကျပ် ၃၀၀၀ ပဲပေးရပေမယ့် ကိုယ့်ထမင်းကိုယ်စားဆို တစ်နေ့ ငွေကျပ် ၃၅၀၀အထိ ပေးငှားရတယ်။ ကျွန်တော်တို့ဒေသအနေနဲ့လည်း နွားစာကရှိသေးတော့ စပါးရိတ်သိမ်းစက်ကိုငှားချင်ပေမယ့် ကောက်ရိုးရရှိရေးကတစ်ပိုင်း၊ စပါးရိတ်သိမ်းစက်တွေ သွားလာမှုအခက်အခဲရှိတဲ့နေရာ၊ စပါးလှဲနေတဲ့လယ်ဆိုရင် စပါးရိတ်အလုပ်သမားတွေကိုပဲ ငှားရမ်းရပါတယ်"ဟု ရှမ်းစုကျေးရွာမှ မိုးစပါးစိုက်ပျိုးသူတောင်သူတစ်ဦးက ပြောသည်။

နေ့စားစပါးရိတ်သိမ်းလုပ်သားအနေဖြင့် နံနက် ၉နာရီခွဲမှ ညနေ ၄နာရီအထိလုပ်ကိုင်ရပြီး ဝမ်းစာအဆင်ပြေရုံမျှဝင်ငွေသာဖြစ်ကြောင်း သိရသည်။

"စပါးရိတ်သိမ်းမှုလုပ်အားခ တစ်နေ့ ကျပ် ၃၅၀၀ အထိရရှိပေမယ့် ဆီဈေး၊ ဆန်ဈေး၊ သားငါးဈေးက ကြီးနေတာမို့ အသားဟင်း၊ ငါးဟင်းနဲ့ ထမင်းစားလို့မရဘူး။ ဒါပေမယ့် အရင်တုန်းက စပါးရိတ်သိမ်းနေ့စား လုပ်အားခ ငွေကျပ် ၁၅၀၀ ကနေ ၂၀၀၀ လောက်ပဲရတာထက်စာရင်တော့ နည်းနည်း မဆိုးဘူးပဲမှတ်ရမယ်"ဟု စပါးရိတ်သိမ်းသူဒေသခံ အမျိုးသမီးတစ်ဦးက ပြောသည်။

ယခင်က ကျေးရွာဒေသများတွင် လက်စားလိုက် စပါးရိတ်သိမ်းသည့် ဓလေ့များရှိခဲ့သော်လည်း သူတစ်ပါး၏စပါးကွက်အား မိမိမှလိုက်လံရိတ်သိမ်းပေးပြီး မိမိစပါးကွက် ရိတ်သိမ်းချိန်တွင် သူတစ်ပါးမှ လက်စားပြန်လည်ရိတ်သိမ်းပေးသည့်ဓလေ့မှာ စပါးရိတ်သိမ်းလုပ်သားများ ရှားပါးလာပြီးနောက် ကွယ်ပျောက်စပြုနေကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

❖

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အမြန်ပြီးစီးရေး ကွင်းဆင်းဆောင်ရွက်

**ပုလဲ ဒီဇင်ဘာ ၅**

ပုလဲမြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ဆောက်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရည်အသွေး ပြည့်မီစွာဖြင့် အမြန်ဆုံးပြီးစီးရေးအတွက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးညွန့်ဝေနှင့်အဖွဲ့သည် ဒီဇင်ဘာ ၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ပုလဲမြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းခြောက်ခု၊ ပညာရေးလုပ်ငန်း ၂၂ ခု၊ တံတားလုပ်ငန်း ငါးခု၊ လမ်းလုပ်ငန်း ၄၁ ခုနှင့် ရေကျော်လုပ်ငန်း သုံးခုတို့ကို ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး ဒီဇင်ဘာလကုန်တွင် လုပ်ငန်းများအားလုံးပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ **(မင်းခန့်စိုး)**

**ပြင်ဆင်ဖတ်ရှုပါရန်**

ဒီဇင်ဘာ ၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၉) တွင် ဖော်ပြပါရှိသည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးဝဏ္ဏကျော်ထင်ခင်အောင်မြင့်နှင့်ဇနီး အစား ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင် ခင်အောင်မြင့်နှင့်ဇနီးဟု ပြင်ဆင်ဖတ်ရှုပါရန်။

(မြဝတီ)

# တိုင်းရင်းဆေးတက္ကသိုလ်၌ကျင်းပသော ဆဋ္ဌမအကြိမ် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲမှ စကားသံများ

**ဆဋ္ဌမအကြိမ် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲကို ဒီဇင်ဘာ၄ ရက်နှင့် ၅ ရက်တို့တွင် တိုင်းရင်းဆေးတက္ကသိုလ် မန္တလေး၌ကျင်းပခဲ့ရာ အဆိုပါစာတမ်းဖတ်ပွဲသို့တက်ရောက်လာကြသော တိုင်းရင်းဆေးလောကသားများ၊ဆက်စပ်နှီးနွယ်ရာဌာနများမှပညာရှင်များနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကိုဖော်ပြလိုက်ပါသည်။**



**ဒေါက်တာရီရီမြင့်**
**ညွှန်ကြားရေးမှူးချုပ်**
**တိုင်းရင်းဆေးပညာဦးစီးဌာန**

တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲတွေ တိုင်းရင်းဆေးတက္ကသိုလ်ကြီးမှာကျင်းပလာတာ ခြောက်ကြိမ်မြောက် ရှိပြီဖြစ်ပါတယ်။ အနယ်နယ်အရပ်ရပ်က တိုင်းရင်းဆေးပညာရှင်တွေနဲ့ ဌာနဆိုင်ရာတိုင်းရင်းဆေးသုတေသနပညာရှင်တွေ တွေ့ဆုံနှီးနှော ဖလှယ်ခွင့်ရရှိစေတာဖြစ်လို့ အကျိုးကျေးဇူးဖြစ်ထွန်းတယ်လို့ ယုံကြည်ပါတယ်။ တိုင်းရင်းဆေးမှာသုတေသနလုပ်စရာတွေများစွာရှိပါတယ်။ ကျွန်မတို့ဦးစီးဌာနအနေနဲ့ အခုလိုတိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲတွေ နှစ်စဉ်ကျင်းပနိုင်အောင် စီစဉ်အားထုတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

---



**ဦးကျော်သိန်းဌေး**
**ဒုတိယပါမောက္ခချုပ်**
**(သင်ကြားရေး)**
**တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)**

တိုင်းရင်းဆေးတက္ကသိုလ်အနေနဲ့ တိုင်းရင်းဆေးပညာရှင်တွေကို သိပ္ပံနည်းကျသမားတော်တွေဖြစ်အောင် မွေးထုတ်ပေးနေပါတယ်။ တက္ကသိုလ်အနေနဲ့ယနေ့အထိ ပုံမှန်ဘွဲ့ရ ၁၂၃၆ ဦးနဲ့မာစတာဘွဲ့ရ ၁၂ ဦးမွေးထုတ်ပေးပြီးဖြစ်ပါတယ်။ ဒ့ါအပြင် တိုင်းရင်းဆေးသိပ္ပံကမွေးထုတ်ပေးခဲ့တဲ့ ဒီပလိုမာတွေကို ပေါင်းကူးသင်တန်းအနေနဲ့ တက္ကသိုလ်မှာ ဆက်လက်တက်ရောက်စေပြီးတော့ ဘွဲ့ပေးခဲ့တာခုဆိုရင် ၈၀ လောက်ရှိပြီ ဖြစ်ပါတယ်။

---



**ဒေါ်မြင့်မြင့်စန်း**
**လက်ထောက်သုတေသနအရာရှိ**
**သစ်တောသုတေသနဌာန**

ဆေးဖက်ဝင် ဒရင်ကောက်ပင်များဆိုတဲ့စာတမ်းကို ဖတ်ကြားတင်ပြမှာပါ။ မြန်မာနိုင်ငံမှာဒရင်ကောက်ပင်မျိုးစိတ်တော်တော်များများရှိတယ်။ ဒါပေမယ့်သူ့ရဲ့ အကျိုးပြုပုံကိုတော့ သိပ်မသိကြသေးဘူး။ ဒါကြောင့် ကျွန်မတို့က ဒရင်ကောက်ပင်ဟာ ဆေးဝါးအဖြစ်သာမက လူသုံးကုန်၊ အလှကုန်ပစ္စည်းတွေ၊ ဆပ်ပြာ၊ ရေမွှေး၊ အစားအစာအဖြစ် အသုံးပြုနိုင်ကြောင်း တင်ပြထားပါတယ်။

---

**ဒေါ်ဝေဝေမာ (ဒုတိုင်းရင်းဆေးမှူး)**
**ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ (တောင်ကြီး)**

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေမှာ မြန်မာ့တိုင်းရင်းဆေးဝါးကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာကြတာဟာ တိုင်းရင်းဆေးရဲ့ဖွံ့ဖြိုးတိုးတက်မှုပြယုဂ်ပဲဖြစ်ပါတယ်။ ကျွန်မတို့အဖွဲ့က ရှမ်းပြည်နယ်မှာပေါက်ရောက်တဲ့ ဆေးဖက်ဝင်အပင်တွေထဲက အပင် ၁၃ မျိုးကိုရွေးထုတ်ပြီး ရှမ်းပြည်နယ်မှ အစွမ်းထက်ဆေးပင်များဆိုပြီးတော့ ပိုစတာအနေနဲ့လာရောက်ပြသတာဖြစ်ပါတယ်။ ဒီဒေသထွက်ဆေးပင်တွေကို အသုံးပြုခြင်းအားဖြင့် ကုန်ကျမှုသက်သာပြီး အာနိသင်ထိရောက်မှုရှိတယ်ဆိုတာကို သိစေချင်တဲ့အတွက် ပြသရခြင်းဖြစ်ပါတယ်။

---



**ဒေါက်တာတင်စိမ်းမာ**
**တွဲဖက်ပါမောက္ခ(ရုက္ခဗေဒဌာန)**
**ထားဝယ်တက္ကသိုလ်**

အပင်တွေကနေ တိုင်းရင်းဆေးကဏ္ဍအတွက် ဆေးဝါးတွေထုတ်တယ်။ ဒီလိုထုတ်တဲ့အခါမှာ ဆေးသုတေသနဌာနနဲ့ပေါင်းပြီး အဆင့်ဆင့်သုတေသနပြုစမ်းသပ်ရတာပါ။ ဒီလိုစမ်းသပ်တဲ့အပင်ဟာ မျိုးစိတ်မှန်၊ မမှန်ဆိုတာကို အခြေခံအကျဆုံးလုပ်ဆောင်ဖော်ထုတ်ပေးရတာက ကျွန်မတို့ ရုက္ခဗေဒပညာရှင်တွေရဲ့ အဓိကလုပ်ငန်းဖြစ်ပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်နဲ့ပဲဖြစ်ဖြစ်၊ ဆေးဝါးထုတ်လုပ်သူတွေနဲ့ပဲဖြစ်ဖြစ် ဆက်စပ်ပြီးတော့ အပြန်အလှန် ပူးပေါင်းလုပ်ဆောင်နေရတာပါ။ မျိုးစိတ်အသစ်တွေကိုလည်း ဖော်ထုတ်ပါတယ်။ မနှစ်ကတောင် ဆီးချိုပျောက်တဲ့အပင်မျိုးစိတ်သစ်တစ်မျိုးကို ဒီမှာစာတမ်းလာဖတ်ခဲ့သေးတယ်။ အရင်ကတော့တိုင်းရင်းဆေးအခေါ်နဲ့ရုက္ခဗေဒအခေါ်လေးတွေ ကွဲလွဲတာလေးတွေရှိပါတယ်။ ခုနောက်ပိုင်းမှာတော့ကွဲလွဲမှုတွေ သိပ်မရှိတော့ပါဘူး။ ဒါဟာသုတေသနစာတမ်းဖတ်ပွဲတွေရဲ့ အကျိုးကျေးဇူးကြောင့်လို့ ထင်ပါတယ်။

---



**ဦးမောင်မောင်ဦး**
**ဂရိတ်ဝေါတိုင်းရင်းဆေးဝါး**
**ထုတ်လုပ်ရေး**

တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲကို ဒီတိုင်းရင်းဆေးတက္ကသိုလ်ကြီးမှာတစ်နိုင်ငံလုံး အတိုင်းအတာနဲ့ လွှမ်းခြုံကျင်းပနိုင်ခဲ့တာ ခြောက်ကြိမ်တိုင်ခဲ့ပါပြီ။ ကျင်းပတဲ့အခါတိုင်းမှာလဲ ဝန်ကြီး၊ ဒုဝန်ကြီးအဆင့်ထိ တက်ရောက် ချီးမြှင့်ပေးတဲ့အတွက် အားရကျေနပ်မိပါတယ်။ မြန်မာ့တိုင်းရင်းဆေးကို ပိုပြီးတော့ခြေခြေမြစ်မြစ်ကျတဲ့နိုင်ငံတကာစံနှုန်းများနဲ့ကိုက်ညီမယ့် သက်သေအထောက်အထားအခြေပြုဆေးပညာဖြစ်ဖို့အတွက် တိုင်းရင်းဆေးသမားတော်တွေအပြင် အခြားသောတက္ကသိုလ်တွေက ပညာရပ်ဆိုင်ရာပါမောက္ခတွေ၊ သုတေသနပညာရှင်တွေ တစ်နှစ်ထက်တစ်နှစ် ပိုမိုလာရောက်ပြီးတော့ ဆွေးနွေးဖတ်ကြားနေကြတာ အလွန်ပဲအားရစရာကောင်းပါတယ်။ ကျွန်တော်တို့ထုတ်လုပ်သူတွေအပိုင်းကလည်း စာတမ်းဖတ်ပွဲတွေနှစ်စဉ်ကျင်းပနိုင်ဖို့ ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

---



**မဖြိုးသီရိကျော်**
**နောက်ဆုံးနှစ်၊ တိုင်းရင်းဆေး**
**တက္ကသိုလ်(မန္တလေး)**

တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲကို ပထမဆုံးအကြိမ်တက်ဖူးတာပါ။ စာတမ်းဖတ်ပွဲမှာအနယ်နယ်အရပ်ရပ်ကတိုင်းရင်း ဆေးပညာရှင်တွေတက်ရောက်တဲ့အတွက် သူတို့ရဲ့ ဗဟုသုတတွေ၊ ကိုယ်ပိုင်ကုထုံးအတွေ့အကြုံတွေကိုမျှဝေပေးတဲ့အတွက် ကုသရေးမှာအများကြီးအထောက်အကူဖြစ်မယ်လို့ ထင်ပါတယ်။ ကျောင်းမှာပို့ချတဲ့ သင်ခန်းစာတွေနဲ့ပေါင်းစပ်လိုက်ရင် အတွေးအခေါ်တွေလဲပိုပြီး ထက်မြက်လာမယ်လို့ထင်ပါတယ်။

---



**ဒေါက်တာခင်ခင်ဝင်းအောင်**
**ဒုတိယညွှန်ကြားရေးမှူး**
**ပရဆေးသုတေသနဌာန**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

ကျွန်မတို့ဖတ်ကြားမယ့်စာတမ်းအမည်က မြန်မာ့တိုင်းရင်းဆေးပင်တချို့နဲ့ တိုင်းရင်းဆေးဝါးထုတ်ကုန်တွေမှာပါဝင်တဲ့ ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိ(Anti Oxident)ကို စမ်းသပ်ဖော်ထုတ်ခြင်းဖြစ်ပါတယ်။ ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိဆိုတာကတော့ လွယ်လွယ်ပြောရရင် လူတွေမှာစိတ်ဖိစီးလို့ပဲဖြစ်ဖြစ်၊ စိတ်ညစ်စိတ်ပင်ပန်းတဲ့အခါမှာပဲဖြစ်ဖြစ်၊ အသက်တွေကြီးလာတဲ့အခါမှာပဲဖြစ်ဖြစ် လူရဲ့ခန္ဓာကိုယ်ထဲမှာဓာတ်တစ်မျိုးထွက်လာတယ်။ ဒီဓာတ်ကသူ့ဟာသူဆိုရင်တော့ ဘာမှုဖြစ်ဘူး။ ဒါပေမယ့် အက်တမ်တစ်ခုခုနဲ့တွေ့တဲ့အခါမှာ ဓာတ်တိုးခြင်းဖြစ်စဉ်ဆိုတာဖြစ်လာတယ်။ အဲဒီအခါမှာ သွေးတိုးရောဂါလို၊ ဆီးချိုရောဂါလို၊ နှလုံးရောဂါလို ရောဂါတွေဖြစ်လာတယ်။ အဲဒီလိုမဖြစ်အောင် အစားအသောက်တွေမှာ၊ တိုင်းရင်းဆေးဝါးတွေမှာ ဒီဓာတ်တိုးကိုဆန့်ကျင်နိုင်တဲ့ ဂုဏ်သတ္တိတွေဘယ်လောက်ပါသလဲဆိုတာကို စမ်းသပ်ဖော်ထုတ်တင်ပြထားတဲ့ စာတမ်းဖြစ်ပါတယ်။

---



**ဦးလှမြင့်အောင်**
**ရခိုင်ပြည်နယ်တိုင်းရင်းဆေးဦးစီးမှူး**

ကျေးလက်ပြည်သူတွေရဲ့ကျန်းမာရေးကို တိုင်းရင်းဆေးနဲ့အပြည့်အဝစောင့်ရှောက်မှုပေးဖို့ဆိုရင် မီဒီယာတွေရဲ့အခန်းကဏ္ဍကလည်း အများကြီးလိုအပ်ပါတယ်။ ဥပမာရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာတွေကနေ ဆေးဖက်ဝင်သစ်ပင် တစ်ပင်အကြောင်း၊ ယာဂု(ဆန်ပြုတ်)တစ်ခွက်အကြောင်း ထုတ်လွှင့်ဖော်ပြတာမတွေ့မိပါဘူး။ ဒီလိုမျိုး အသိပညာပေးမှုတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ဖို့လိုပါတယ်။ မြို့နယ်တိုင်းမှာလည်းတိုင်းရင်းဆေးရုံ၊ ဆေးကုခန်းတွေရှိသင့်ပါတယ်။

---



**ခိုင်ဇာဝေ**
**အရည်အသွေးထိန်းသိမ်းရေး**
**ဓာတ်ခွဲခန်း(ထွန်းရွှေဝါ**
**တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)**

တိုင်းရင်းဆေးတွေမှာ ဖော်စပ်အသုံးပြုတဲ့ ပရဆေးကုန်ကြမ်းတွေဖြစ်တဲ့ နံ့သာနီနဲ့ ဒန္တကူးနီတို့မှာ အနီရောင်ဆိုးဆေးပါ၊ မပါ စစ်ဆေးတာပါ။ အပြင်မှာသံသယနဲ့ပြောဆိုနေကြတာရှိပါတယ်။ ဒီနံ့သာနီတို့ ဒန္တကူးတို့မှာ အရည်အသွေးပိုမိုကောင်းမွန်အောင် အနီရောင်ဓာတုဆိုးဆေးတွေ သုံးထားတယ်။ သုံးနိုင်တယ်ဆိုတဲ့ သံသယတွေကို တကယ်ဟုတ်၊ မဟုတ် ဈေးကွက်ထဲမှာရှိတဲ့ ကုန်ကြမ်းတွေကို နမူနာမှာယူပြီးတော့ ဓာတ်ခွဲခန်းမှာလက်တွေ့လေ့လာ စစ်ဆေးလိုက်တော့ ဓာတုဆိုးဆေးတွေဆိုးမထားဘူးဆိုတာကို စမ်းသပ်အတည်ပြုနိုင်ခဲ့ပါတယ်။ ဒီကုန်ကြမ်းတွေမှာသဘာဝအတိုင်း အရောင်ပါဝင်မှုရှိတယ်ဆိုတာကို တွေ့ရှိခဲ့ရပါတယ်။

**(ကြေးမုံ)**

---

## ❍ မြန်မာနိုင်ငံမှ

အမေရိကန်နိုင်ငံခြားပိုင်ဆိုင်မှုများ ထိန်းချုပ်ရေးရုံး (Office of Foreign Assets Control)သို့ အရေးယူပိတ်ဆို့မှုဖြေလျှော့ရေးနှင့်ပတ်သက်ပြီး မေတ္တာရပ်ခံထားကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုနှင့် မြန်မာနိုင်ငံအကြားကုန်သွယ်မှုပမာဏမှာ သေးငယ်သော်လည်း တဖြည်းဖြည်းနှင့်ကြီးထွားလာခဲ့ကြောင်း၊ နှစ်နိုင်ငံအကြားကုန်သွယ်မှုပမာဏမှာ ၂၀၁၄ ခုနှစ်က ကန်ဒေါ်လာ ၁၈၅ သန်းသာရှိခဲ့သော်လည်း ၂၀၁၅ ခုနှစ် ပထမဆယ်လအတွင်း ကုန်သွယ်မှုပမာဏမှာ ကန်ဒေါ်လာ ၃၀၆ ဒသမ ၁ သန်းအထိမြင့်တက်လာခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ခဲ့ခြင်းကြောင့် အမေရိကန်အစိုးရက လွန်ခဲ့သောသုံးနှစ်က မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုအပေါ် ကန့်သတ်ချက်အများအပြား ဖြေလျှော့ပေးခဲ့သည့်အပြင် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များက အေးရှားဝေါလ်ဆိပ်ကမ်းမှတစ်ဆင့် ကုန်သွယ်မှုဆိုင်ရာငွေကြေးလုပ်ငန်းများလုပ်ဆောင်ခွင့်ပေးရန် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တိုက်တွန်းခဲ့ရာမှ အမေရိကန်အစိုးရက ယခုကဲ့သို့အရေးယူပိတ်ဆို့မှုအချို့ကို ဖြေလျှော့ပေးရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သတင်းများ၌ ဖော်ပြထားသည်။


အလုံမြို့နယ်ရှိ အေးရှားဝေါလ်ဆိပ်ကမ်း။

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၆**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ကျရောက်သော ဖင်လန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဖင်လန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တီမို ဂျူဟာနီ ဆိုအီနီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

## သံအမတ်ကြီး သူရဦးသက်ဦးမောင်အား ကိုရီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး သူရဦးသက်ဦးမောင်အား ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

## သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်အား ဖင်လန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဖင်လန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

# အသက်အရွယ်ကြီးရင့်ပြီး ထင်ရှားတဲ့သတင်းစာဆရာ၊ သတင်းစာပညာရှင်တွေကိုလည်း နိုင်ငံတော်အစိုးရအနေနဲ့ ချီးကျူးဂုဏ်ပြုပေးစေချင်ပါတယ်

ဦးအုန်းကြိုင်(ဟံသာဝတီ)

တွေ့ဆုံမေးမြန်း-သီသီမင်း
ဓာတ်ပုံ-အောင်မင်း (ဒလ)

မြန်မာနိုင်ငံ၏ သတင်းမီဒီယာသမိုင်းကို ပြန်ပြောင်းစေ့ငုကြည့်လျှင် သတင်းစာဆရာကြီးများသည် ခေတ်အဆက်ဆက်တွင် အမျိုးသားရေးတာဝန်ကျေပွန်ခဲ့သည်ကို တွေ့ကြရမည်ဖြစ်သည်။ ခေတ်အဆက်ဆက် လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့်နှင့် သတင်းအချက်အလက်အမှန်များကို ပြည်သူတို့ထံပေးပို့တင်ပြခွင့်တည်းဟူသော သတင်းမီဒီယာ လွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။


ဦးအုန်းကြိုင်


ဦးစိန်ထွန်းအောင်


ဦးကိုကိုကြီး


ဦးခင်မောင်အေး

သတင်းစာပညာဖြင့် ပြည်သူတို့၏ အသိဉာဏ်ကို ဖွင့်ပေးခဲ့ရုံသာမက နိုင်ငံတော်၏ တာဝန်ကိုပါ သတင်းမီဒီယာကဏ္ဍဖြစ်သည့် စတုတ္ထမဏ္ဍိုင်မှနေ၍ စွမ်းစွမ်းတမံ ပါဝင်ထမ်းဆောင်ခဲ့ကြသည့် သက်ရှိထင်ရှားရှိဆဲ သက်ကြီးသတင်းစာ ပညာရှင်များ ပူဇော်ကန်တော့ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမတွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်းက ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် ပူဇော်ကန်တော့ပွဲသို့ တက်ရောက်လာသည့် ကန်တော့ခံ သတင်းစာဆရာကြီးများနှင့် တက်ရောက်လာသူများအား ကြေးမုံမှ တွေ့ဆုံမေးမြန်းခဲ့သည်များကိုရေးသားလိုက်ရပါသည်။

**ဦးအုန်းကြိုင်(ဟံသာဝတီ) (ကန်တော့ခံ သက်ကြီး သတင်းစာပညာရှင်)**

အခုလို တိုင်းကျိုးပြည်ကျိုးဆောင် သတင်းစာဆရာကြီးတွေကို အနယ်နယ်အရပ်ရပ်က ဖိတ်ခေါ်ပြီး ပူဇော်ကန်တော့ကြတဲ့အတွက် သတင်းစာဆရာကြီးများကိုယ်စား ကျေးဇူးတင်ပါတယ်။ ဒီနေ့ခေတ်မှာဆို အွန်လိုင်းမီဒီယာတွေက ခေတ်စားနေတယ်။ ဘဘတို့ခေတ်နဲ့ အခုခေတ်က အများကြီးကွာသွားပြီ။ အွန်လိုင်းမှာမပါတဲ့ သတင်းတွေကို ပုံနှိပ်မီဒီယာမှာဖော်ပြနိုင်တာဟာ သတင်းသမားတွေရဲ့ အရည်အချင်းပဲ။ သတင်းစာဆရာတွေဟာ ခေတ်အဆက်ဆက်ကနေ ယနေ့အထိ နိုင်ငံတော်ရဲ့ အရေးကိစ္စတွေမှာ ပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်။ သတင်းစာပညာနဲ့ ပြည်သူတွေရဲ့ အသိဉာဏ်ကို ဖွင့်ပေးခဲ့ကြတယ်။ ဒါပေမယ့် နိုင်ငံတော်အစိုးရရဲ့ ချီးကျူးမှုတော့ မခံကြရသေးဘူး။ အသက်အရွယ်ကြီးရင့်ပြီး ထင်ရှားတဲ့ သတင်းစာဆရာ၊ သတင်းစာပညာရှင်တွေကိုလည်း နိုင်ငံတော်အစိုးရအနေနဲ့ ချီးကျူးဂုဏ်ပြုပေးစေချင်ပါတယ်။

**ဦးစိန်ထွန်းအောင်(ကန်တော့ခံ သက်ကြီးသတင်းစာဆရာ)**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းက သက်တမ်းအလွန်နုသေးတဲ့ အတွက် အခုလို ပြည်လုံးကျွတ်သတင်းစာပညာရှင်တွေကို နှစ်ကြိမ်တိုင်တိုင် ပူဇော်တာ အလွန်ဂုဏ်ယူဖို့ကောင်းပါတယ်။ ဒီလိုပွဲမျိုးအောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ဖို့ ပံ့ပိုးပေးတဲ့သူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။ ၁၉၅၈ ခုနှစ်မှာ အထောက်တော် သတင်းစာမှာ အမှုဆောင်အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ အထောက်တော်စိန်ထွန်းအောင်၊ မောင်ဉာဏ်ရှိန်၊ စိန်ထွန်းအောင်နာမည်တွေနဲ့ သတင်းဆောင်းပါး၊ ဝတ္ထု၊ ကဗျာတွေရေးခဲ့ပါတယ်။ သတင်းစာဆရာသက်တမ်း တစ်လျှောက်မှာတော့ ပြည်ကျော်၊ နိုင်ငံသစ်၊ ကြေးမုံ၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွေမှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ သတင်းစာထုတ်ဝေခွင့်နဲ့ လွတ်လပ်စွာရေးသားခွင့်တွေကို အစိုးရက ခွင့်ပြုတာတွေ့ရတော့ အကောင်းမြင်မိတယ်။ သတင်းသမားတွေဘက်ကလည်း ကျင့်ဝတ်နဲ့အညီ လုပ်ကြဖို့တော့လိုပါတယ်။ နိုင်ငံတော်အစိုးရပိုင် သတင်းစာတွေကိုတော့ ဆက်လက် ရှင်သန်စေချင်တယ်။ ဒီသတင်းစာတွေရှိမှလည်း အစိုးရက ပြည်သူတွေကိုသိစေချင်တာ၊ ပြည်သူကအစိုးရကို သိစေချင်တာတွေကို ထိထိရောက်ရောက်နဲ့ ပြည့်ပြည့်စုံစုံ ဖော်ပြနိုင်မှာ၊ အသိပေးနိုင်မှာဖြစ်ပါတယ်။

**ဦးကိုကိုကြီး (ဟန်ဂေရီ)(ကန်တော့ခံ သက်ကြီး သတင်းစာဆရာ)**

ဟန်ဂေရီမှာ သတင်းစာပညာသင်ခဲ့လို့ ဟန်ဂေရီ ကိုကိုကြီးလို့ခေါ်တာပါ။ သတင်းစာသမား သက်တမ်းကတော့ အနှစ် ၅၀ ကျော်ပါပြီ။ ကြေးမုံမှာ ဒုတိယအယ်ဒီတာချုပ်လုပ်ခဲ့တယ်။ ၈၈ နောက်ပိုင်း အပြင်မှာ ရပ်တည်ခဲ့ပါတယ်။ သတင်းစာဆရာတွေကို ပြည်သူတွေ အသိအမှတ်ပြုတာပဲ ဝမ်းသာလှပါပြီ။ မြန်မာနိုင်ငံသတင်းစာဆရာအသင်း ပေါ်လာပြီးတော့မှ ပူဇော်ကန်တော့ပွဲလုပ်တာ နှစ်ကြိမ်ရှိပါပြီ။ အင်မတန်မှ ဝမ်းသာဖို့ကောင်းပါတယ်။ ဒီအစဉ်အလာလေးကို သတင်းသမားတွေရှိနေသရွေ့ ဆက်လက် ဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းပါတယ်။

**ဦးခင်မောင်အေး(မန္တလေး) (ကန်တော့ခံသက်ကြီး သတင်းစာဆရာ)**

စာရေးဆရာအသင်း စာပေလုပ်သားအဖွဲ့ စတင်တည်ထောင်တုန်းက အတွင်းရေးမှူးတာဝန်ထမ်းဆောင်ခဲ့ပါတယ်။ စာပေနယ်ထဲကို မရောက်ခင်က ခင်မောင်အေး (မန္တလေး)ဆိုပြီး စာရေးခဲ့ပါတယ်။ စာရေးသက်က နှစ်ပေါင်း ၆၀ ရှိပါပြီ။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ၁၁ နှစ်လုပ်ခဲ့ပါတယ်။ တပ်မတော်ကနေ ရွှေ့ပြောင်းရောက်ရှိလာတဲ့အချိန်မှာ သတင်းနှင့် စာနယ်ဇင်းကော်ပိုရေးရှင်းကိုရောက်ခဲ့ပြီး သတင်းစာပညာ၊ အုပ်ချုပ်မှုပညာတွေကို လေ့လာခဲ့ပါတယ်။ ကြိုးစားပြီးလည်း ဆောင်ရွက်ခဲ့ပါတယ်။ သတင်းစာနဲ့စာပေဟာ ကျွန်တော့်အတွက်တော့ မိဘလိုပါပဲ။ ဆက်လက်ပြီး စာပေတာဝန်ကို ထမ်းဆောင်လိုစိတ် ရှိနေပါသေးတယ်။ အသက်ကတော့ ၈၅ နှစ်ရှိပါပြီ။ အသက်ရှင်သန်နေတဲ့ အတိုင်းအတာအထိ ကျွန်တော်စာရေးနေပါဦးမယ်။


စာရေးဆရာ ဦးတိုး


ဒေါ်လတ်လတ်စိုး


ဦးလူမင်း

**စာရေးဆရာ ဦးတိုး(တက္ကသိုလ)**

ဒီနှစ်မှ အဘပါတာပါ။ ၁၉၇၅ ခုနှစ်လောက်က အဘကဆည်မြောင်းမှာလုပ်ခဲ့တယ်။ အဲဒီတုန်းက ဌာနကထွက်တဲ့ မဂ္ဂဇင်းမှာ ခရီးသွားဆောင်းပါးတွေရေးတယ်။ ၁၉၉၃ မှာ လဝကဦးစီးကနေ ပင်စင်သွားတဲ့အထိ စာတွေရေးခဲ့တာ အခုထိပါပဲ။ ဂျာနယ်နဲ့ သတင်းစာတွေမှာ သတင်းတော်တော်များများ ရေးခဲ့တယ်။ မဂ္ဂဇင်းတွေမှာလည်း ဆောင်းပါးတွေ၊ ဘာသာပြန်သတင်းတွေ ရေးနေဆဲပါ။ အခုတော့ အသက် ၈၀ ရှိပြီ။စာရေးရင်းနဲ့ပဲ နေထိုင်သွားမှာပါ။

**ဒေါ်လတ်လတ်စိုး(မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ အတွင်းရေးမှူး)**

မနှစ်ကစလုပ်ခဲ့တာပါ။ ဒီနှစ်နဲ့ဆို နှစ်ကြိမ်ရှိပါပြီ။ မြန်မာနိုင်ငံသတင်းစာဆရာအသင်းက ၂၀၁၂ ခုနှစ်က စပြီး တည်ထောင်ခဲ့ပါတယ်။ ဒီသက်ကြီးပူဇော်ပွဲကလည်း မြန်မာနိုင်ငံ သတင်းစာဆရာအသင်းရဲ့ လုပ်ဆောင်ချက်တွေထဲက တစ်ခုပါ။ ရည်ရွယ်ချက်ကတော့ မျိုးဆက်သစ်တွေအနေနဲ့ ရှေ့မှာ လုပ်ဆောင်သွားတဲ့ သတင်းစာဆရာကြီးတွေရဲ့ သမိုင်းကြောင်းလည်း သိအောင်၊ မြန်မာလူမျိုးတွေရဲ့ ရိုးရာဓလေ့လည်းဖြစ်တဲ့ ဂါရဝထားရမယ့်လူကို ဂါရဝထားရမယ်ဆိုတဲ့စိတ်ကို အမွေအနှစ်အနေနဲ့ ထိန်းသိမ်းတဲ့အနေနဲ့ သက်ကြီးဝါကြီး သတင်းစာဆရာကြီးတွေကိုပူဇော်တာပါ။ အစ်မတို့ တာဝန်ယူပြီး လှုပ်ရှားဆောင်ရွက်နေတဲ့အချိန်မှာ လုပ်နိုင်သလောက် ဆရာသမားကြီးတွေရဲ့ သာရေး၊ နာရေး၊ လူမှုရေးတွေကိုလုပ်ပါမယ်။ မြန်မာနိုင်ငံသတင်းစာဆရာအသင်းအနေနဲ့ နိုင်ငံတကာ ပြည်တွင်းပြည်ပ သတင်းသမားတွေနဲ့ ပူးပေါင်းပြီးတော့ ရှေ့ဆက်လုပ်ဆောင်သွားဖို့တွေရှိပါတယ်။

**ဦးလူမင်း(မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ)**

ကျွန်တော့်အနေနဲ့ ဒီနေ့တက်ရောက်ဖြစ်တာက မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ တစ်ယောက် အနေနဲ့ ဖိတ်ကြားတဲ့အတွက်ရယ်၊ ကျွန်တော်ကိုယ်တိုင်ကလည်း သတင်းစာပညာရှင်ကြီးတွေ၊ စာပေပညာရှင်ကြီးတွေကို လေးစားတဲ့အနေနဲ့ ဂါရဝပြုဖို့ရယ် တက်ရောက်လာတာပါ။ ကျွန်တော်တို့ ငယ်ငယ်တုန်းကဆိုရင် စာပေ၊ အတွေးအခေါ်စာပေတွေဖတ်ပြီး ကြီးပြင်းခဲ့ရတာ။ အဲဒီလိုရေးသားခဲ့တဲ့ ဆရာကြီးတွေရဲ့အဆုံးအမ သွန်သင်မှုတွေ၊ ဆောင်ပုဒ်တွေကို ကျွန်တော်တို့ ကျင့်သုံးပြီးတော့ ဘဝကို ဖြတ်သန်းခဲ့ရတယ်။ ဒီဆရာကြီးတွေက ကျွန်တော်တို့ဘဝအတွက် ဆရာသမားတွေပါ၊ ကျေးဇူးရှင်တွေပါ။

## လေဖိအားနည်းရပ်ဝန်း အိန္ဒိယတောင်ပိုင်းကမ်းခြေသို့ ရွေ့လျား

**နေပြည်တော် ဒီဇင်ဘာ ၅**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ တမီနာဒူး(လ်) ကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် သီရိလင်္ကာနိုင်ငံနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ တမီနာဒူး(လ်) တောင်ပိုင်းကမ်းခြေသို့ ရွေ့လျားခဲ့ပြီးဖြစ်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

(ကြေးမုံ)

# ရုပ်မြင်သံကြားအစီအစဉ်များ

[၆ - ၁၂ -၂၀၁၅ (တနင်္ဂနွေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့်<br>-အလင်္ကာကျော်စွာ ရွှေပြည်အေး<br>နှစ်(၁၀၀)ပြည့် တေးဂီတ<br>အစီအစဉ် (အပိုင်း-၂) |
| ၆း၂၀ | မြန်မာဗီဒီယိုဇာတ်လမ်း<br>"ရေနွေးကြမ်း"(ထိုက်တန်၊<br>ရတနာမိုင်၊ မေသန်းနု)<br>(ဒါရိုက်တာ-ဟိန်းဇော်) |
| ၈း၂၀ | ဝတ်စားဆင်ယင်မှုပြပွဲ(တေးဂီတ) |
| ၈း၃၀ | ပြည်သူ့နီတိ<br>"ချစ်တတ်အောင်ချစ်ပြပါ" |
| ၈း၅၀ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၉း၃၅ | မြန်မာ့ရုပ်ရှင်(ဆေးရောင်စုံ)<br>"လာထားအာဘွား(၁)"<br>(ရန်အောင်၊ နေတိုး၊ ဝေဠုကျော်၊<br>သက်မွန်မြင့်၊ ခရစ္စတီးနား)<br>[(ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)] |
| ၁၂း၀၀ | အစီအစဉ်ပြီး၏ |

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏<br>ပရိတ်တရားတော် |
| ၇း၃၅ | Business NEWS |
| ၈း၃၅ | အောင်မြင်သူနှင့်အတူ<br>(Dancer မင်းမင်းထွန်း) |
| ၉း၃၅ | အနုပညာသတင်းအစီအစဉ် |
| ၁၀း၃၅ | ကဗျာရိပ်မြုံ(အမှုအရာ) |
| ၁၁း၁၅ | "သတင်းအတတ်ပညာ<br>သင်တန်းသားများလက်တွေ့<br>သတင်းထုတ်လုပ်မှု"<br>(ထန်းတစ်ပင်၏ အသုံးဝင်ပုံ) |
| ၁၁း၃၅ | ချစ်သောဤကမ္ဘာမြေ |
| ၁၂း၅၀ | ဆေးရောင်စုံရုပ်ရှင်"ဒဏ္ဍာရီ"<br>(ဇင်ဝိုင်း၊ မေသန်းနု)<br>(ဒါရိုက်တာ-မောင်တင်ဦး) |
| ၃း၃၅ | Business NEWS |
| ၄း၁၅ | "သတင်းအတတ်ပညာ<br>သင်တန်းသားများ လက်တွေ့<br>သတင်းထုတ်လုပ်မှု"<br>(ကလေးလုပ်သား+မျှော်လင့်ချက်) |
| ၅း၁၅ | "အမျိုးသားနေ့ ဒို့မမေ့" |
| ၅း၃၅ | ပြည်သူတို့ရဲ့ စကားသံများ |
| ၆း၁၅ | သတင်းအတတ်ပညာသင်တန်းသား<br>များ လက်တွေ့သတင်းထုတ်လုပ်မှု"<br>(ရွှေ့လျားဈေးသည်+ဓာတု<br>ကင်းလွတ်သီးနှံ) |
| ၆း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ<br>အမျိုးသမီးများ |
| ၇း၁၅ | ဟိုးတုန်းက<br>ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ<br>"အဖေ" |
| ၈း၀၀ | ပြည်တွင်းသတင်း၊<br>နိုင်ငံတကာသတင်း၊<br>မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း<br>-Tasty Trip (ကရင်ပြည်နယ်၊<br>ဖွဲ့ကပင် တောင်ခရီးစဉ်)<br>- ဆိုကြမယ်၊ ပျော်ကြမယ် |

## မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၅ | မေတ္တာပို့ |
| ၆း၂၅ | ဓမ္မပူဇာတေး |
| ၆း၃၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၄၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၈း၁၅ | စိုက်ပျိုးသုတ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | အင်္ဂလိပ်စာသုတ |
| ၈း၅၅ | မြန်မာပြည်တွင်ထုတ်လုပ်သည် |
| ၁၁း၀၀ | English For Myanmar |
| ၁၁း၀၈ | မျိုးချစ်တပ်မတော် |
| ၁၁း၁၅ | ကုသုပ္ပါသသမ |
| ၁၂း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း<br>- ဘဝလှည့်ကွက် |
| ၁၃း၁၉ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း<br>- မေတ္တာအသင်္ချေ<br>အပိုင်း(၁၅) |
| ၁၄း၃၀ | အိမ်ရှင်မတို့ရဲ့အချစ်ဆုံး |
| ၄း၁၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၂၅ | လျှပ်တစ်ပြက် |
| ၄း၃၅ | သီဆိုဖြေဖျော်တစ်ကိုယ်တော် |
| ၄း၅၅ | မြဝတီရုပ်မြင်သံကြား<br>မဂ္ဂဇင်းကဏ္ဍ |
| ၅း၀၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း<br>- ဂါလီမာ<br>အပိုင်း(၈၄) |
| ၅း၄၀ | ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း |
| ၆း၁၀ | ဘဝကြေးမုံ |
| ၆း၃၅ | လူစွန့်စားခရီးသွားနေသည် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း<br>- အရာရာထက်မင်း<br>အပိုင်း(၄၂)<br>- VOA အင်္ဂလိပ်စာသင်ခန်းစာ<br>- ပဟေဠိနန်းတော်<br>- ယနေ့ညအတွက်မြဝတီ၏<br>တေးလက်ဆောင်<br>- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း<br>- ရာဇဝင်တွင်မည့်နိမိတ်သခင်<br>(အပိုင်း-၂၄) |

## MRTV - 4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊<br>မင်္ဂလသုတ် |
| ၅း၄၀ | "မဟာသတိပဋ္ဌာနသုတ္တာန်"<br>(အပိုင်း-၁၀)တရားတော်<br>(ဓမ္မဒူတဒေါက်တာအရှင်<br>ပညိဿရာဘိဝံသ) |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ<br>"အကြင်နာလက်ကလေး"<br>(အပိုင်း-၃၂) |
| ၉း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ<br>"မျဉ်းပြိုင်ကြားကမေတ္တာများ"<br>(အပိုင်း-၅၆) |
| ၁၁း၀၅ | Star တို့ရဲ့လက်ရာ |
| ၁၁း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ<br>"ငြိမ်းချမ်းခြင်းတေးသွား"<br>(အပိုင်း-၅၁+၅၂) |
| ၂း၂၅ | World of Knowledge<br>(Megastructures: Porsche) |
| ၃း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ<br>"အကြင်နာလက်ကလေး"<br>(အပိုင်း-၃၂) |
| ၃း၅၅ | ဝေဟင်ထက်မှ ရာဇဝင်ပုဂံမြေသို့ |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ<br>"အကြင်နာလက်ကလေး"<br>(အပိုင်း-၃၃) |
| ၇း၄၅ | Myanmar Got Talent<br>(Final) (LIVE) |
| ၁၀း၅၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ<br>"မျဉ်းပြိုင်ကြားက မေတ္တာများ"<br>(အပိုင်း-၅၇) |
| ၁၁း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ<br>"ငြိမ်းချမ်းခြင်းတေးသွား"<br>(အပိုင်း-၅၃+၅၄) |
| ၃း၃၀ | Weekly Sports Diary |
| ၄း၅၀ | တန်ခိုးကြီးမားဘုရားစေတီ<br>ပုထိုးများ(ရွှေနတ်တောင်<br>စေတီတော် မြတ်ကြီး) |

# ဓာတ်ပုံဆရာဆန်းဂျန်အတွက် အာရှအနုပညာရှင်ရှစ်ဦးက ဓာတ်ပုံမော်ဒယ်လ်အဖြစ် ရိုက်ကူးပေးခဲ့


အဲလ်ဗစ်ဟန်


လျူရီဖိုင်


ဖန်ဘင်းဘင်း

တရုတ်လူမျိုးနာမည်ကျော်ဓာတ်ပုံပညာရှင်ဆန်းဂျန်၏ အနုပညာဖန်တီးမှုအသစ်တစ်ရပ်အဖြစ် ရိုက်ကူးခဲ့သည့်ဓာတ်ပုံများအတွက် အာရှရှိအနုပညာရှင်ရှစ်ဦးက ဓာတ်ပုံမော်ဒယ်လ်များအဖြစ် ရိုက်ကူးပေးခဲ့ကြောင်း ပြီးခဲ့သည့်သောကြာနေ့က ဒရမ်မာဖီဗာ ဒေ့ါကွန်း၌ ဖော်ပြခဲ့သည်။

သူ၏လက်ရာများတွင် တရုတ်ရိုးရာကို ခေတ်မီနည်းပညာနှင့်ပေါင်းစပ်ကာ အနုပညာမြောက် ဓာတ်ပုံများအဖြစ်ဖန်တီးထားပြီး တရုတ်နှင့် ထိုင်ဝမ်တို့မှ ထိပ်တန်းအနုပညာရှင်ရှစ်ဦးက ဓာတ်ပုံမော်ဒယ်လ်အဖြစ် သရုပ်ဆောင်ပေးခဲ့သည်။ ယင်းသရုပ်ဆောင်များမှာ တရုတ်မင်းသား အဲလ်ဗစ်ဟန်၊ တရုတ်မင်းသမီးနှင့်အဆိုတော် ဖန်ဘင်းဘင်း၊ တရုတ်မင်းသမီး အိန်ဂျယ်လာဘေဘီ၊ တရုတ်-အမေရိကန်မင်းသမီး လျူရီဖိုင်၊ တရုတ်မော်ဒယ်လ် လျူဝမ်၊ ဟောင်ကောင်မင်းသမီး ကာရီနာလျူ၊ တရုတ်အဆိုတော်နှင့် မင်းသမီး လီဘင်းဘင်းနှင့် ထိုင်ဝမ်မင်းသား ချန်းချန်တို့ဖြစ်ကြသည်။

ဆန်းဂျန်သည် တရုတ်နိုင်ငံ၏ အနုပညာအကယ်ဒမီသင်တန်းကျောင်းတွင် ဓာတ်ပုံပညာကိုဆည်းပူးခဲ့ပြီး အသက်(၇)နှစ်အရွယ်ကတည်းက တရုတ်ရိုးရာပန်းချီပညာကို လေ့လာလိုက်စားခဲ့သူတစ်ဦးဖြစ်သည်။ ထူးခြားသည့် စိတ်ကူးစိတ်သန်းများကြောင့် သူ၏ အနုပညာလက်ရာများမှာ ဒေသတွင်း၌သာမက ပြည်ပနိုင်ငံများ၌ပါ ကျော်ကြားခဲ့သည်။

အေးပြည့်
ရေးသားသည်။

# ဟန်းနီးမွန်းခရီးစဉ်အတွင်းက သေလုမြောပါးဖြစ်ရပ်အကြောင်း ဖွင့်ပြောလာတဲ့ ဂျက်စတင်သရိုင်

ဟောလိဝုဒ်ရဲ့ ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ ဂျနီဖာအန်နစ်စတန်နဲ့ မင်းသားဂျက်စတင်သရိုဇ်တို့ဟာ ပြီးခဲ့တဲ့ နွေရာသီတုန်းက လက်ထပ်ပွဲဆင်နွှဲခဲ့ကြပြီး သူတို့ရဲ့ဟန်းနီးမွန်းခရီးစဉ်အဖြစ် ဘိုရာဘိုရာကျွန်းကို အလည်အပတ်ထွက်ခဲ့ကြပါတယ်။ ယင်းခရီးစဉ်အတွင်းမှာ ဂျက်စတင်ဟာ ပင်လယ်ထဲမှာ ရေငုပ်နေရင်းက ရေနစ်ခဲ့ရာ သူ့ဘဝမှာ ပထမဦးဆုံးအကြိမ်အဖြစ် သေလုမြောပါးဖြစ်ခဲ့ရတဲ့ ခံစားချက်မျိုး ခံစားခဲ့ရကြောင်း အေ့စ်ရှိုးဘေ့စ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

သူဟာ သူငယ်ချင်းတွေနဲ့အတူ ရေငုပ်နေရင်းက ရေအောက်ကမ္ဘာကို လှည့်လည်ကြည့်ရှုနေရင်း သူဝတ်ဆင်ထားတဲ့ အောက်ဆီဂျင်ဘူးက အောက်ဆီဂျင်ပမာဏဟာ အလွန်ပဲလျော့နည်းလာခဲ့ပြီး အနီရောင်အဆင့်ကို ကျရောက်သွားခဲ့ပါတယ်။ သူ့ရဲ့အခြေအနေကို ဧည့်လမ်းညွှန်အား လက်ဟန်ခြေဟန်နဲ့ ရှင်းပြခဲ့ပေမယ့် နားမလည်တာကြောင့် လျစ်လျူရှုခံခဲ့ရပါတယ်။

တဖြည်းဖြည်းအသက်ရှုကျပ်လာပြီး လည်းချောင်းနဲ့ ပါးစပ်ထဲ ရေတွေဝင်လာတာကို ခံစားလိုက်ရကြောင်းနဲ့ အဲ့ဒီနောက်မှ အရေးပေါ် အောက်ဆီဂျင်ကိုရခဲ့ကြောင်း မင်းသားကဆိုပါတယ်။ "ရေမြှုပ်တွေထပြီး နှာခေါင်းထဲရေတွေ ဝင်လာတယ်။ ချောင်းဆိုးပြီး ရေတွေအန်မိတယ်။ အဲဒီ အချိန်ခေါင်းထဲမှာလည်း ချာချာလည်ပြီး ရူးသွားမလားတောင်ထင်ရတယ်။ ပြန်အသက်ရှူနိုင်တော့မှ ဘုရားတနိုင်ခဲ့တော့တယ်"လို့ မင်းသားက သူရဲ့ ခံစားချက်ကို ပြန်ပြောင်းပြောကြားခဲ့ပါတယ်။

ယင်းအဖြစ်အပျက်ကနေ သိရှိလိုက်တဲ့အရာကတော့ စီးလာတဲ့လှေကနေ ဝေးဝေးရောက်သည်အထိ ရေငုပ်ခြင်းဟာ လွဲချော်မှုတစ်စုံတစ်ရာဖြစ်ခဲ့ပါက ဧည့်လမ်းညွှန်အတွက် မိမိဧည့်သည်ကို ရေမျက်နှာပြင်ပေါ် ရောက်သည်အထိ ပြန်သယ်ရတဲ့အခါ အခက်အခဲဖြစ်စေကြောင်းနဲ့ အသက်အန္တရာယ်နှင့်လည်း နီးစပ်ကြောင်း ဂျက်စတင်က ဖွင့်ဟခဲ့ပါတယ်။ ဆက်လက်ပြီး မင်းသားက အဆိုပါ ဖြစ်ရပ်အပြီးမှာ ရေငုပ်ရတာကိုကြောက်သွားပြီး နောက်ထပ်ရေမငုပ်ဖြစ်တော့ဘူးလို့ ဆိုပါတယ်။

# စစ်မှုထမ်းကာလအတွင်း တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ထုတ်လွှင့်သွားမည့် ဂျေဂျွန်း



တောင်ကိုရီးယားပေ့ါပ်အဆိုတော်တစ်ဦးဖြစ်တဲ့ ဂျေဂျွန်းဟာ ဒီနှစ် မတ်လက စတင်ပြီး စစ်မှုထမ်းခဲ့ပါတယ်။ သူ့ရဲ့စစ်မှုထမ်းကာလဟာ ၂၀၁၇ခုနှစ်မှ ပြီးဆုံးမှာဖြစ်လို့ ပရိသတ်တွေ သူ့ရဲ့တေးသီချင်းသစ်တွေကို စစ်မှုထမ်းကာလပြီးဆုံးသည်အထိ စောင့်မျှော်မနေရစေဖို့ စစ်မှုထမ်းနေတဲ့ကာလအတွင်းမှာပဲ ထုတ်လွှင့်ပေးသွားဖို့စီစဉ်ခဲ့တာဖြစ်တယ်လို့ သူ့ရဲ့တေးဂီတအဖွဲ့ဖြစ်တဲ့ ဂျေဝိုင်ဂျေက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ယင်းတေးအယ်လ်ဘမ်တစ်ခုလုံးကို ၂၀၁၆ ဖေဖော်ဝါရီလအတွင်းမှာ ထုတ်လွှင့်သွားဖို့ အတည်ပြုခဲ့ပြီး ယခုထုတ်လွှင့်မယ့်တေးအယ်လ်ဘမ်ဟာ ၂၀၁၃ခုနှစ်တုန်းက ထုတ်လုပ်ဖြန့်ချိခဲ့တဲ့ ဂျေဂျွန်းရဲ့ ပထမဦးဆုံးတေးအယ်လ်ဘမ် "WWW"အပြီး ထုတ်လုပ်ခဲ့တဲ့ ဒုတိယမြောက်တေးအယ်လ်ဘမ် ဖြစ်ပါတယ်။

ဂျေဂျွန်းဟာ အဆိုပါတေးအယ်လ်ဘမ်အတွက် သီချင်းတွေကို သူစစ်မှုမထမ်းမီနဲ့ စစ်မှုထမ်းကာလအတွင်းက အားလပ်ချိန်တွေမှာ စပ်ဆိုခဲ့တာဖြစ်ပြီး တစ်ပြိုင်နက်တည်းမှာပဲ အသံသွင်းခဲ့တာလည်းဖြစ်တယ်လို့ သူ့ရဲ့တေးဂီတအဖွဲ့ဝင်တွေက ရှင်းပြခဲ့ပါတယ်။

အဆိုပါတေးအယ်လ်ဘမ်မှာ ဂျေဂျွန်းကိုယ်တိုင်ရေးစပ်ခဲ့တဲ့ တေးသီချင်းတွေအပြင် နိုင်ငံခြားတေးရေးတွေရေးစပ်ပေးထားတဲ့တေးသီချင်းတွေလည်း ပါဝင်မှာဖြစ်ပြီး ရော့ခ်အမျိုးအစားတေးဂီတကိုလည်း ထည့်သွင်းသီဆိုထားကြောင်း သိရပါတယ်။

ဂျေဂျွန်းဟာ တောင်ကိုရီးယားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "JYJ"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သလို "TVXQ"ရဲ့ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါတယ်။ ဂျေဂျွန်းဟာ "JYJ"တေးဂီတအဖွဲ့ကို ၂၀၁၀ခုနှစ်မှာ စတင်ဝင်ရောက်ခဲ့တာဖြစ်ပြီး ယခင်က အမျိုးသားပေ့ါပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "TVXQ"မှာ ၂၀၀၃ခုနှစ်ကနေ ၂၀၁၀အထိ အဖွဲ့ဝင်အဖြစ်လှုပ်ရှားခဲ့ပါတယ်။ သူဟာတေးသံရှင်တစ်ဦးအဖြစ်ကျော်ကြားသလို တေးရေးဆရာ၊ သရုပ်ဆောင်၊ ဒါရိုက်တာ၊ ဒီဇိုင်နာစသည်ဖြင့် အနုပညာနယ်ပယ်ပေါင်းစုံမှာ ကျွမ်းကျင်အောင်မြင်တဲ့သူလည်းဖြစ်ပါတယ်။ ၁၉၈၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်မှာမွေးဖွားခဲ့တဲ့ ဂျေဂျွန်းဟာ ယခုအချိန်မှာ အသက် (၂၉)နှစ်ကျော်ရှိပါပြီ။

## ဒီဇင်ဘာ ၆/၇ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၁၅**

| | | | |
|---|---|---|---|
| နယူးကာဆယ် | - | လီဗာပူး | ည-၁၀း၃၀ |

**စီးရီးအေ ပွဲစဉ်-၁၅**

| | | | |
|---|---|---|---|
| ဘိုလော့နာ | - | နာပိုလီ | ညနေ-၆း၀၀ |
| အတ္တလန္တာ | - | ပါလာမို | ည-၈း၃၀ |
| ဖီအိုရင်တီးနား | - | အူဒီးနီးစ် | ည-၈း၃၀ |
| ဖရိုစီနုန် | - | ချီယေဗို | ည-၈း၃၀ |
| ဗီရိုနာ | - | အမ်ပိုလီ | ည-၈း၃၀ |
| ဆမ်ဒိုးရီးယား | - | ဆာစူအိုလို | ည-၁၁း၃၀ |
| ကာပီ | - | အေစီမီလန် | နံနက်-၂း၁၅ |

**လာလီဂါ ပွဲစဉ်-၁၄**

| | | | |
|---|---|---|---|
| ဆိုစီဒက် | - | အီအာ | ညနေ-၅း၃၀ |
| ဗီလာရီးယဲလ် | - | ဗယ်လီကာနို | ည-၉း၃၀ |
| စပို့တင်းဂီဂွန် | - | လက်စ်ပါးမက်စ် | ည-၁၁း၄၅ |
| ဘီဘာအို | - | မာလာဂါ | နံနက်-၂း၀၀ |

**ဘွန်ဒက်လီဂါ ပွဲစဉ်-၁၅**

| | | | |
|---|---|---|---|
| စတုဂတ် | - | ဝါဒါဘရီမင် | ည-၉း၀၀ |
| ဖရန့်ဖတ် | - | ဒမ်စတက် | ည-၁၁း၀၀ |

**ပြင်သစ်လီဂူ ပွဲစဉ် - ၁၇**

| | | | |
|---|---|---|---|
| မာဆေး | - | မောင့်ပယ်လီယာ | ည-၇း၃၀ |
| ဘော်ဒိုး | - | ဂူအင်ဂမ့် | ည-၁၀း၃၀ |
| စိန့်အက်တီယန် | - | ရင်းနက်စ် | နံနက်-၂း၃၀ |
| လီယွန် | - | စိန့်အက်တီယန် | နံနက်-၂း၃၀ |

## ဒီဇင်ဘာ ၆ ရက် အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၁၅**

| | | | | |
|---|---|---|---|---|
| စတုတ်စီးတီး | ၂ | - | ၀ | မန်စီးတီး |

**စီးရီးအေ ပွဲစဉ်-၁၅**

| | | | | |
|---|---|---|---|---|
| လာဇီယို | ၀ | - | ၂ | ဂျူဗင်တပ် |
| တိုရီနို | ၁ | - | ၁ | ရိုးမား |

**ဘွန်ဒက်လီဂါ ပွဲစဉ်-၁၅**

| | | | | |
|---|---|---|---|---|
| ရှောလ်ကေး | ၃ | - | ၁ | ဟန်နိုဗာ |
| ဂလက်ဘက် | ၃ | - | ၁ | ဘိုင်ယန်မြူးနစ် |
| ဟမ်းဘတ် | ၁ | - | ၃ | မိန့်ဇ် |
| ကိုလုံး | ၀ | - | ၁ | အော့စ်ဘတ် |
| ဟာသာဘာလင် | ၂ | - | ၁ | လေဗာကူဆင် |
| အင်ဂိုလ်စတက် | ၁ | - | ၁ | ဟောဖန်ဟိမ်း |

**မောင်မောင်ဇော်**



## မော်ရင်ဟိုထက် ဂွါဒီယိုလာကို ပိုသဘောကျလို့ ဘိုင်ယန်ကိုရွေးချယ်ခဲ့ဟု ဒေါက်ဂလက်စ်ကော်စတာထုတ်ဖော်ပြောကြား

ဘိုင်ယန်ကွင်းလယ်ကစားသမား ဒေါက်ဂလက်စ်ကော်စတာက ပြီးခဲ့သည့်နွေဈေးကွက်တွင် ၎င်းအား မော်ရင်ဟို၏ ချယ်လ်ဆီးနှင့် ဂွါဒီယိုလာ၏ ဘိုင်ယန်တို့မှ တစ်ပြိုင်နက်တည်း ကမ်းလှမ်းခဲ့သော်လည်း ဂွါဒီယိုလာအား ပိုမိုသဘောကျ၍ ဘိုင်ယန်အားရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ကော်စတာသည် ရှက်တာဒိုးနက်ခ်အသင်းတွင် ငါးနှစ်တာ ကျင်လည်ခဲ့ဖူးပြီး သူ့အားပြီးခဲ့သည့်နှစ်နွေက ဥရောပ ထိပ်တန်းကလပ်အသင်းအတော်များများက ချိတ်ဆက် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ကော်စတာက"ကျွန်တော့်ကို ပြီးခဲ့တဲ့နှစ်နွေက ချယ်လ်ဆီးကလည်းခေါ်ယူဖို့ ကြိုးပမ်းခဲ့သေးတယ်။ ဒါပေမယ့် ဂွါဒီယိုလာနဲ့ တွဲပြီးအလုပ်လုပ်ချင်တာကြောင့် ဘိုင်ယန်ကိုပဲ ကျွန်တော်ရွေးချယ်လိုက်တာပါ"ဟု ဘိုင်းထ်သတင်းစာနှင့် အင်တာဗျူးပြုလုပ်စဉ်ပြောကြားခဲ့သည်။

ဘိုင်ယန်သည် လက်ရှိတွင် အကောင်းဆုံးပုံစံတစ်ခုကို ရရှိနေပြီး ဘွန်ဒက်စ်လီဂါတွင်လည်း အနီးဆုံးပြိုင်ဘက်ဒေါ့မွန်အား ရှစ်မှတ်အထိဖျက်ချထားနိုင်ခဲ့သလို ချန်ပီယံလိဂ် ၁၆ သင်း ရှုံး/ထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်ရာ ကော်စတာက သူ၏ဆုံးဖြတ်ချက်မှာ မှန်ကန်ခဲ့ကြောင်း ပြောကြားလိုက်သည်။

**ရှိုင်ဟန်ဟေဒင်**

## ကိုပါဒယ်ရေးဖလားပွဲမှ ရီးယဲလ်ထုတ်ပယ်ခံရသည့် ကိစ္စရပ်အတွက် အကြီးအကျယ်နောင်တရမိဟု ကာဒက်ဇ်ထုတ်ပြန်

ရီးယဲလ်အသင်း ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှ ထုတ်ပယ်ခံခဲ့ရသောကိစ္စရပ်နှင့် ပတ်သက်၍ အကြီးအကျယ် စိတ်မကောင်းဖြစ်ကာ နောင်တရမိသည်ဟု ကာဒက်ဇ်အသင်းက ၎င်းတို့၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ရီးယဲလ်အသင်းသည် ပွဲပယ်ပြစ်ဒဏ်ကျခံနေရသော ချီရီရှက်ဗ်အား ကိုပါဒယ်ရေးဖလား (၃၂)သင်း ပတ်လည်အဆင့်တွင် ထည့်သွင်းကစားစေမိ၍ ပြိုင်ပွဲမှ ထုတ်ပယ်ခံရခြင်းဖြစ်သည်။

ချီရီရှက်ဗ်သည် ယင်းပွဲစဉ်တွင် ရီးယဲလ်အတွက် အဖွင့်ဂိုးကို ပွဲချိန် ၃ မိနစ်ကတည်းက သွင်းယူပေးခဲ့ခြင်းဖြစ်သော်လည်း သူသည်ပြီးခဲ့သည့်နှစ်ဗီလာရီးယဲလ်တွင် အငှားဖြင့် သွားရောက်ကစားနေစဉ်အတွင်း အဝါကတ်ပြားသုံးကြိမ်ထိထားသူဖြစ်၍ တစ်ပွဲပယ် ပြစ်ဒဏ်ချမှတ်ခံထားရသူဖြစ်သည်။ ထို့ကြောင့် ကာဒက်ဇ်အသင်းက မကျေနပ်၍ တိုင်ကြားရာ ရီးယဲလ်အသင်းအနေဖြင့် ယခုကဲ့သို့ ပြစ်ဒဏ်ချမှတ်ခံရခြင်းဖြစ်သည်။ ကာဒက်ဇ်အသင်းဘက်က ၎င်းတို့မှာ မျှတသည့် ရလဒ်ရရှိချင်၍သာ စောဒကတက်ခဲ့ခြင်းဖြစ်ပြီး ရီးယဲလ်အား ပြိုင်ပွဲမှ ထုတ်ပယ်ခံရရန် ရည်ရွယ်ချက်မရှိကြောင်း ပြောကြားခဲ့သည်။

ကာဒက်ဇ်အသင်း၏ ထုတ်ပြန်ချက်တွင် ဖြစ်ပျက်ခဲ့သည့် ကိစ္စရပ်နှင့် ပတ်သက်၍ မိမိတို့အသင်းအနေဖြင့် အကြီးအကျယ် နောင်တရမိကြောင်း၊ မိမိတို့ ကလပ်အသင်းအား ထင်ရှားကျော်ကြားလာစေချင်၍ ကမ္ဘာ့အင်အားအကြီးဆုံးကလပ်အသင်းကို ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းမဟုတ်ကြောင်း၊ တရားမျှတမှုအတွက်သာ စောဒကတက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကိုပါဒယ်ရေးဖလားမှာ မိမိတို့အသင်းအတွက် မျှော်လင့်ချက်ထားရသည့် ပြိုင်ပွဲဖြစ်သဖြင့် ယခုကဲ့သို့ တိုင်ကြားမိခဲ့ခြင်းဖြစ်ကြောင်းဖော်ပြပါရှိသည်။

**မေလဲ့သင်း**

## ဂျူဗင်တပ်အတွက် ခက်ခဲနေဆဲ အခြေအနေပင်ရှိနေသေးဟု အယ်လီဂရီဆို

ဂျူဗင်တပ်အနေဖြင့် ယခုလက်ရှိတွင် ရာသီအစရလဒ်ဆိုးများမှ ရုန်းထွက်ကာ လိဂ်ငါးပွဲဆက်တိုက်အနိုင်ရအောင်စွမ်းဆောင်နိုင်ခဲ့သော်လည်း နည်းပြအယ်လီဂရီကမူ ကလပ်အသင်းအနေဖြင့် ခက်ခဲသောအခြေအနေထဲမှ ရုန်းမထွက်နိုင်သေးကြောင်း ဆိုခဲ့သည်။ ဒီဇင်ဘာ၄ရက်က



ကစားခဲ့သည့် စီးရီးအေ ပွဲစဉ်(၁၅)တွင် ဂျူဗီက လာဇီယိုအားနှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သော်လည်း ချန်ပီယံဆုအတွက် ယခုထက်ပိုမို တိုးတက်အောင် ကြိုးပမ်းရဦးမည်ဖြစ်ကြောင်း အယ်လီဂရီက ထောက်ပြခဲ့သည်။

ဂျူဗင်တပ်သည် ပြီးခဲ့သည့်နှစ်ဘောလုံးရာသီတွင် စီးရီးအေချန်ပီယံဆု၊ ကိုပါအီတလီယာဖလားတို့ကို ရရှိခဲ့ပြီး ချန်ပီယံလိဂ်ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သော်လည်း ပြီးခဲ့သည့်နွေဈေးကွက်၌ အဓိက ကစားသမားအတော်များများ ကလပ်အသင်းမှ ထွက်ခွာသွားသောကြောင့် ရလဒ်ဆိုးများမှ ရုန်းထွက်ရန် ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ရခြင်းဖြစ်သည်။ ဂျူဗင်တပ်သည် လက်ရှိတွင် ရမှတ် ၂၇ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၅)နေရာတွင်ရပ်တည်နေသည်။

သို့သော် အယ်လီဂရီက ဂျူဗင်တပ်အနေဖြင့် ချန်ပီယံဆုစာရင်းအတွက် အင်တာ၊ နာပိုလီ၊ ဖီအိုရင်တီးနား၊ ရိုးမားတို့အား စိန်ခေါ်ရမည်ဖြစ်သဖြင့် ယခုထက်ပို၍ အင်အားကောင်းစေရန် တည်ဆောက်ရဦးမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် တိုက်စစ်ထက် ခံစစ်ကို ကျစ်လစ်အောင်တည်ဆောက်နိုင်ရန် အဓိကထားကြိုးပမ်းနေရကြောင်း၊ ချန်ပီယံလိဂ်အုပ်စုဗိုလ်အဖြစ်နှင့် ၁၆ သင်းအဆင့် ရှုံးထွက်အဆင့်သို့တက်ရောက်နိုင်ရန် ဆီဗီလာအားအနိုင်ကစားသွားမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

## နေရာစုံမှာ ကစားနိုင်တဲ့ ဟာဇက်

မော်ရင်ဟိုက မကြာသေးခင်ကပဲ ဟာဇက်ကို ဗဟိုတိုက်စစ်နေရာမှာထားပြီးကစားစေခဲ့သလို နောက်ပိုင်းမှာ တောင်ပံတိုက်စစ်နေရာ၊ နောက်ချန်တိုက်စစ်နေရာတို့မှာပါ ထားပြီးကစားခိုင်းသွားမယ်လို့ ပြောကြားခဲ့ပါတယ်။ ဟာဇက်က မနှစ်ကဘောလုံးရာသီမှာ ကွင်းလယ်ဖန်တီးရှင်နေရာက ကစားခဲ့ပေမယ့်လည်း ဒီနှစ်မှာတော့ ခြေစွမ်းမပြနိုင်တာကြောင့် မော်ရင်ဟိုက စပါးနဲ့ပွဲကစပြီး သူ့ကိုဗဟိုတိုက်စစ်နေရာမှာထားပြီးကစားခိုင်းခဲ့တဲ့အခါ ချယ်လ်ဆီးရဲ့ ကစားအား သိသိသာသာတက်လာတာကိုတွေ့ရပါတယ်။

မော်ရင်ဟိုက ဟာဇက်ဟာနေရာစုံမှာ ကစားနိုင်တဲ့ကစားသမားဖြစ်တာကြောင့် တောင်ပံနှစ်ဖက်၊ ကွင်းလယ်ဖန်တီးရှင်နေရာအပြင် ဗဟိုတိုက်စစ်နေရာတွေမှာပါ အံဝင်အောင်ကစားနိုင်သူလို့ ဆိုခဲ့ပါတယ်။ ဒါ့ကြောင့် ဟာဇက်ကို အရင်ကလိုကွင်းလယ်ဖန်တီးရှင်နေရာမှာ ပုံသေချပြီးကစားခိုင်းတာမျိုး ပရိသတ်တွေအနေနဲ့ မြင်တွေ့ရဖို့ မရှိတော့ပါဘူး။ဟာဇက်ကတော့ သူဟာ ကွင်းလယ်ဖန်တီးရှင်နေရာမှာသာ ကစားချင်တယ်လို့ မော်ရင်ဟိုထံ တောင်းဆိုခဲ့တယ်လို့ သိရပါတယ်။

**မေလဲ့သင်း**

## ဗာဒီကို စာချုပ်သစ်ထပ်မံချုပ်ဆိုရန် လက်စတာကမ်းလှမ်း

လက်စတာအသင်းက သူတို့ရဲ့ တိုက်စစ်မှူး ဗာဒီကို ပေါင်၁၆သန်းတန်ကြေးရှိတဲ့ စာချုပ်သစ် ထပ်မံချုပ်ဆိုဖို့ ကမ်းလှမ်းခဲ့ပါတယ်။ ဗာဒီရဲ့ စာချုပ်က နှစ်နှစ်ခွဲလောက်သက်တမ်းကျန်သေးပေမယ့် မန်ယူနဲ့ ချယ်လ်ဆီးတို့က ဒီအင်္ဂလန် တိုက်စစ်မှူးကိုခေါ်ယူဖို့ ကြိုးပမ်းနေတာကြောင့် လက်စတာအသင်းက အခုလို စာချုပ်သစ်ထပ်မံချုပ်ဆိုဖို့ အလျင်အမြန်လှုပ်ရှားလာတာဖြစ်ပါတယ်။

ဗာဒီက လက်ရှိစာချုပ်မှာ တစ်ပတ်လုပ်ခပေါင် ၄၅၀၀၀ သာရနေပေမယ့် စာချုပ်သစ်ချုပ်ဆိုရင် တစ်ပတ် လုပ်ခပေါင် ၉၀၀၀၀ရရှိမှာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်အထိ လူမသိသူမသိတိုက်စစ်မှူးလေးဗာဒီက တစ်နှစ်အတွင်း ပရီမီယာလိဂ် ထိပ်တန်းဂိုးသွင်းရှင်ဖြစ်လာသလို သူ့ကိုခေါ်ယူချင်တဲ့ အသင်းတွေကလည်း ပရီမီယာလိဂ်ထိပ်တန်းအသင်းတွေဖြစ်နေတာကြောင့် အသင်းပိုင်ရှင် ဆရီဗက်ဟားနားပရာဟာက စာချုပ်သစ်ချုပ်ဆိုဖို့ အလျင်အမြန် ညွှန်ကြားခဲ့ရတာပါ။

**မေလဲ့သင်း**



## ကာဗာနီအား မန်ယူသို့ရောင်းချရန် ပီအက်စ်ဂျီက သဘောတူညီခဲ့ဟု သတင်းထွက်ပေါ်

ကာဗာနီအား မန်ယူသို့ပေါင် ၃၂သန်းဖြင့်ရောင်းချရန် ပီအက်စ်ဂျီဘက်မှ သဘောတူညီချက်ပြုခဲ့သည်ဟု ဂိုးလ်ဒေါ့ကွန်းကဖော်ပြသည်။ မန်ယူသည် ပြီးခဲ့သည့်နွေဈေးကွက်ကတည်းက ကာဗာနီအားခေါ်ယူရန် တောက်လျှောက်ကြိုးပမ်းနေပြီး ယခုအခါ ယေဘုယျသဘောတူညီချက်တစ်ခု ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်ဟု အဆိုပါ ဝက်ဘ်ဆိုက်က ဆက်လက်ဖော်ပြသည်။

ပီအက်စ်ဂျီနည်းပြ လောရင့်ဘလန့်က တိုက်စစ်မှူး အီဗရာဟီမိုဗစ်၌ နေရာလွတ်များ ပိုမိုရလာစေရန် ကာဗာနီအားတောင်ပံထွက်၍ ကစားစေသောကြောင့် ဗဟိုတိုက်စစ်တွင်ကစားချင်သော ကာဗာနီက ပီအက်စ်ဂျီမှ ထွက်ခွာလိုနေခြင်းဖြစ်သည်။ ထို့ပြင် မန်ယူသို့ရောက်ရှိလျှင် ၎င်းကစားချင်သည့် ဗဟိုတိုက်စစ်မှူးနေရာတွင်သာ ကစားရမည်ဟု ဗန်ဟားလ်က အာမခံချက်ပေးထားသောကြောင့် မန်ယူသို့ လာမည့်ဇန်နဝါရီ ဈေးကွက်ဖွင့်လှစ်ချိန်တွင် ပြောင်းရွှေ့ရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

ကာဗာနီသည် နာပိုလီမှ ပီအက်စ်ဂျီသို့ ၂၀၁၃ခုနှစ်တွင် ပြောင်းရွှေ့ကြေးယူရို ၆၅သန်းဖြင့် ပြောင်းရွှေ့လာသူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် လီဂူး-၁၌ ပွဲစဉ်၁၅ပွဲ ဝင်ရောက်ကစားပေးခဲ့ပြီး သွင်းဂိုးကိုးဂိုးအထိ သွင်းယူပေးထားနိုင်သူဖြစ်သည်။

**မေလဲ့သင်း**

# လိုက်ထရပ်ယာဉ် အရှိန်မထိန်းနိုင်ဘဲ ဆိုက်ကားအား ဝင်တိုက်မိပြီး လမ်းဘေးထိုးကျ တိမ်းမှောက်၍ သုံးဦးသေ၊ ၁၈ ဦး ဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ချမ်းသာကုန်းကျေးရွာအနီး ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် (၈၆/၇)နှင့် (၈၇/၀)ကြားတွင် ဒီဇင်ဘာ ၃ ရက် ညနေပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ရန်ကုန်ဘက်မှ ပြည်ဘက်သို့ မိုးညိုမြို့နယ် သက္ကယ်တန်းကျေးရွာနေ ခင်မောင်လတ်(၃၀)နှစ် မောင်းနှင်လာသော 2E/---- လိုက်ထရပ်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်ဘက်မှ ချမ်းသာကုန်းကျေးရွာနေ ဦးမြင့်အောင် (၅၁)နှစ် စီးနင်းလာသည့် ဆိုက်ကားအား ဝင်တိုက်မိကာ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်တိုက်မိမှုကြောင့် ဦးမြင့်အောင်တွင် ဒဏ်ရာများရရှိသေဆုံးခဲ့ပြီး လိုက်ထရပ်ယာဉ်မောင်း ခင်မောင်လတ်မှာ အခင်းဖြစ်နေရာမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း၊ လိုက်ထရပ်ယာဉ်ပေါ်တွင် လိုက်ပါလာသူ ၂၀ အနက် သက္ကယ်တန်းကျေးရွာနေ ဒေါ်တင်နု(၆၈)နှစ်နှင့် ဒေါ်သန်းကြည်(၆၄)နှစ်တို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း၊ တစ်ရွာတည်းနေ ဦးလှကြည်(၆၁)နှစ်ပါ ၁၈ ဦးတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ခင်မောင်လတ်(ထွက်ပြေးတိမ်းရှောင်ဆဲ)အား လက်ပံတန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ရဲပြန်ကြား)**

နိုင်ငံတကာသတင်းဂျာနယ်
ဆန်ဘားနာဒီနိုတိုက်ခိုက်မှုနှင့် အကြမ်းဖက်အငွေ့အသက်များ
ရုရှားနှင့်ဘောလ်တစ်နိုင်ငံများ၏ ဆက်ဆံရေးသမိုင်းကြောင်း
ရုရှား-တူရကီ ကန့်သတ်စစ်ပွဲနှင့် ရုရှားလက်နက်ဆန်းများ
ဂါမြစ် ထိန်းသိမ်းစောင့်ရှောက်ရေး အိန္ဒိယအစိုးရ အလေးပေးပြီ
အိုင်အက်စ်အကြမ်းဖက်အဖွဲ့အပေါ်တိုက်ခိုက်မှုများနှင့် အမေရိကန်တို့၏ အားနည်းချက်များ
အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ၁၅ နှစ်အတွင်း သေဆုံးမှု ကိုးဆမြင့်တက်
ကမ္ဘာ့ပြိုင်ပွဲအတွက် ကမ္ဘာ့ခေါင်းဆောင်များ ရွေးချယ်ရမည့် ရေရှည်အကျိုးစီးပွား စသည့် သတင်းဆောင်းပါးများနှင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ အမှုထမ်းများ၊ အင်္ဂလိပ်ဘာသာလိုက်စားသူများအတွက် အင်္ဂလိပ်ဘာသာသင်ခန်းစာနှင့် လေ့ကျင့်ခန်းများ ထည့်သွင်းဖော်ပြထားပါသည်။
နယ်စာဖတ်ပရိသတ်များ ကြိုတင်မှာယူပါက ကိုယ်စားလှယ်ကြီးများထံမှ တစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀ ဖြင့် အရောက်ပေးပို့ပါမည်။

## ဆိုင်ကယ်ချင်း မျက်နှာချင်းဆိုင်တိုက်မိ၍ အမျိုးသားတစ်ဦးသေဆုံး

**ပွင့်ဖြူ ဒီဇင်ဘာ ၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းကုန်းကြီးကျေးရွာတွင် ဒီဇင်ဘာ ၃ ရက် ညနေပိုင်းက ဆိုင်ကယ်ချင်းမျက်နှာချင်းဆိုင် တိုက်မိ၍ အမျိုးသားတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောင်းကုန်းကြီးကျေးရွာ (အထက)ရှေ့ မြေနီလမ်းပေါ်တွင် ရွာအနောက်ဘက်မှ အရှေ့ဘက်သို့ ကျောင်းကုန်းကြီးကျေးရွာနေ မျိုးနိုင်ဦး(၂၃)နှစ် မောင်းနှင်လာသော နံပါတ်မပါ JIAFA-110 ဆိုင်ကယ်အား ၎င်းလမ်းအတိုင်း ရွာအရှေ့ဘက်မှအနောက်ဘက်သို့ တစ်ရွာတည်းနေ ရဲနိုင်စိုး (၁၉)နှစ် မောင်းနှင်လာသည့် ၃၂ယ/---- ရင်စင်း-၁၁၀ ဆိုင်ကယ်မှ ဝင်တိုက်မိပြီး ရဲနိုင်စိုးတွင်(မစိုးရိမ်ရ)ဒဏ်ရာနှင့် မျိုးနိုင်ဦးတွင် ဒဏ်ရာများရရှိပြီး သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ရဲနိုင်စိုးအား ပွင့်ဖြူမြို့နယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကျော်ဇေယျ)**

သင့်သွေးဖြင့် အသက်ကယ်ပါ



## မှတ်တိုင်ရပ်ထားသည့်ယာဉ်အား နောက်မှတိုက်၍ လမ်းဘေးအုတ်ခုံဝင်တိုက်

**ရန်ကုန် ဒီဇင်ဘာ ၅**

ရန်ကုန်မြို့တွင်း မဟာဗန္ဓုလလမ်းမကြီး(၃၇)လမ်းထိပ်တွင် ယနေ့နံနက် ၁၁နာရီ မိနစ် ၂၀ခန့်က မဟာဗန္ဓုလလမ်းအတိုင်း အနောက်မှအရှေ့သို့ ယာဉ်မောင်း ဦးကျော်စိန်မောင်းနှင်လာသည့် 3B/--- အမှတ် (၂၁၀)ခရီးသည်တင်ယာဉ်သည် ပန်းဆိုးတန်းလမ်းနှင့် (၃၇)လမ်းထိပ်အရောက်တွင် ကားမှတ်တိုင်တွင် ရပ်တန့်ထားသော ယာဉ်မောင်း ကိုသူရ 5D/----အမှတ် (၂၅၈)ခရီးသည်တင်ယာဉ်အား အနောက်မှ ဝင်ရောက်တိုက်မိပြီး အရှိန်လွန်ကာ ဝဲဘက်ယာဉ်ကြောကို ကျော်လွန်၍ (၃၇)လမ်းထိပ်ရှိ ရေပေးဝေသည့်အဝီစိရေစက်အုတ်ခုံအား ဝင်ရောက်တိုက်မိပြီး ရပ်တန့်သွားခဲ့သည်။

ယာဉ်တိုက်မှုဖြစ်စဉ်ကြောင့် အမှတ် (၂၅၈) ခရီးသည်ယာဉ်၏နောက်ကျောဘက်ပျက်စီးသွားပြီး အမှတ် (၂၁၀)ခရီးသည်တင်ယာဉ်မှာ ယာဉ်ဦးခေါင်းပိုင်းပျက်စီးခဲ့ပြီး ယာဉ်မောင်းမှာ ဦးခေါင်းတွင် ဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့သည်။ ယာဉ်နှစ်စီးပေါ်ပါ ခရီးသည်တစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိခဲ့ပေ။ ယင်းဖြစ်စဉ်အား သက်ဆိုင်ရာယာဉ်မှုစစ်က အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

## စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၅**

မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃ ရက်က တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ကျောက်တောင်ရွာနေ ဒေါ်ခင်ခင်၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ သားဖြစ်သူ အောင်ညီစိုး(ခ)အာနိုးတို့ နှစ်ဦးအားတွေ့ရှိပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၀ နှင့် ဘိန်းဖြူ သုည ဒသမ ၀၀၄၃၁ ကီလို တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ နိုဝင်ဘာ၂၇ရက်က လားရှိုးမြို့ ရပ်ကွက် (၅) နယ်မြေ(၁၉)နေ မလျှိုဖန်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၅ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## ကျွန်းသစ်ခွဲသားများ သယ်ဆောင်လာသူအား အမှုဖွင့်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက တရားမဝင်သစ်များ သယ်ဆောင်လာကြောင်းသတင်းအရ ကောလင်း-ကန့်ဘလူကားလမ်း ဒေါင်းမြူးချောင်းအနီး သွားရောက်စောင့်ဆိုင်းနေစဉ် ကောလင်းမြို့ဘက်မှ ကိုးတောင်ဘို့ကျေးရွာဘက်သို့ ကိုးတောင်ဘို့ကျေးရွာနေ မောင်ညို(၃၈)နှစ် မောင်းနှင်လာသည့် 9X/--- တုံဖုန်းခြောက်ဘီးယာဉ်အား ရပ်တန့်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ ယာဉ်ပေါ်မှ တရားမဝင်ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၁၁၈ ချောင်း(၁ဒသမ၄၆၄၀ တန်)တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မောင်ညိုအား ကန့်ဘလူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။**(ကြေးမုံ)**

## ဓမ္မဒူတယဉ်ကျေးလိမ္မာကလေးတရားစခန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့၊ အောက်ဝါးနက်ချောင်းကျေးရွာ၊ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်၌ ယဉ်ကျေးလိမ္မာ ကလေးတရားစခန်းဖွင့်လှစ်မည်ဖြစ်ရာ Grade 10 (9တန်း)များအတွက် (၂၁-၁၂-၂၀၁၅ မှ ၂၃-၁၂-၂၀၁၅)ရက်အထိ၊ တက္ကသိုလ်ကျောင်းသားများအတွက် (၂၄-၁၂-၂၀၁၅ မှ ၂၆-၁၂-၂၀၁၅) ရက်အထိ၊ Grade 8,9(၇/၈ တန်း)များအတွက် (၂၇-၁၂-၂၀၁၅မှ ၂၉-၁၂-၂၀၁၅)ရက်အထိ၊ Grade 6,7 (၅/၆ တန်း)များအတွက် (၃၀-၁၂-၂၀၁၅ မှ ၁-၁-၂၀၁၆)ရက်အထိ၊ Grade 4,5 (၃/၄ တန်း)များအတွက် (၂-၁-၂၀၁၆ မှ ၄-၁-၂၀၁၆)ရက်အထိ ဖွင့်လှစ်မည် ဖြစ်ပါသည်။

တရားစခန်းဝင်ရောက်ရန်အတွက် ဖော်ပြပါ website http://reg. dhamma-dutahmawbi.org/သို့ အမည်၊ မိဘအမည် ပညာအရည်အချင်း၊ ကျောင်း၊ နေရပ်လိပ်စာတို့ကို အင်္ဂလိပ်လိုရေးသားပြီး ဒီဇင်ဘာလ ၇ ရက်မှ ၁၂ ရက်အတွင်း သက်ဆိုင်ရာအတန်းနှင့် အချက်အလက်များကို မှန်ကန်စွာဖြည့်သွင်း စာရင်းပေးရပါမည်။ စာရင်းပေးသွင်းသော e-mail လိပ်စာများသို့ ဒီဇင်ဘာလ ၁၆ ရက်မှ ၂၀ ရက်နေ့အတွင်း အကြောင်းပြန်ပါမည်။ အချက်အလက်မပြည့်စုံ မမှန်သူများကို စာရင်းလက်ခံမည် မဟုတ်ပါ။

## အမည်ပြောင်း

ဖခင် ဦးထွန်းဝင်း၏သမီး ပြည်မြို့ အထက(၅)၊ အဌမတန်း(F)မှ မရှင်းသန့်ကြည်ဖြူအား မရှင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။ မရှင်းသန့်

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ အထက(၅)၊ နဝမတန်း(E) မှမောင်ပြည့်ဖြိုးမောင်၏ ဖခင်အမည်မှန်မှာ ဦးကိုလေး[၇/ရတန(နိုင်)၁၀၅၉၈၉]ဖြစ်ပါကြောင်း။ ဦးကိုလေး

## (၁၉၈၅-၁၉၉၂) ရန်ကုန်တက္ကသိုလ် ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်၊ အာစရိယပူဇော်ပွဲနှင့် ညစာစားပွဲ

၁၉၈၅ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဘာသာရပ်သို့ စတင်တက်ရောက်ခဲ့သူများနှင့် ၁၉၉၂ခုနှစ်တွင် ဘူမိဗေဒဘွဲ့ရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဆရာ၊ ဆရာမကြီးများအား ကိုယ်တိုင်ကိုယ်ကျ ပူဇော်ကန်တော့နိုင်ပါရန်နှင့် သူငယ်ချင်းများ ပြန်လည်ဆုံတွေ့နိုင်ရန် မပျက်မကွက် တက်ရောက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါကလည်း အောက်ပါသူငယ်ချင်းများထံတွင် ထည့်ဝင် လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| နေ့ရက် | -၂၇-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) |
| အချိန် | -ညနေ ၅း၃၀နာရီ |
| နေရာ | -ဆီဒိုးနားဟိုတယ်(ရန်ကုန်)၊ အင်းယားခန်းမ(၁၁ထပ်) |

| | | | |
|---|---|---|---|
| အောင်သွင် | -၀၉-၇၃၄၅၅၅၅၅ | ဝင်းနိုင်ထွန်း | -၀၉-၅၁၉၆၇၅၈ |
| သက်ဦး | -၀၉-၅၀၀၅၂၆၀ | ကျော်စွာထွန်း | -၀၉-၅၁၇၇၅၃၁ |
| မြင့်ကြည်ထွန်း | -၀၉-၅၁၄၉၅၁၈ | ဝင်းမောင်မောင် | -၀၉-၇၃၀၇၅၈၈၆ |
| မောင်မောင်စိုး | -၀၉-၅၀၄၀၄၈၉ | ဇော်နိုင်ဦး | -၀၉-၉၇၆၈၈၆၅၈၇ |
| စိုးသူရထွန်း | -၀၉-၅၁၄၄၀၀၅ | စန္ဒာညွန့် | - +၆၅-၉၀၂၉၇၇၂၆(စင်ကာပူ) |

GEO-FRIENDS Engineering & Construction Co.,Ltd-၀၁-၅၆၁၄၃၁/၀၁-၅၇၇၀၃၅/၀၉-၄၂၀၀၇၇၅၇/၀၉-၄၂၀၀၇၇၆၇

ဘဏ် Account သို့ ငွေလွှဲလိုပါက Account No-၀၆၉၁၂၁၀၁၇၀၈၃၄/

Account name-အောင်သွင်

KBZ (S/OKA), ကမ္ဘောဇဘဏ် (တောင်ဥက္ကလာဘဏ်ခွဲ)

ဓါကာဘိုရာ ကားမျိုးစုံစင်းလုံးငှါးအထူးလျှော့ဈေး
> တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ်ခံစမ်းလိုက်ဂူ
> ပုဂံ (ဗွယ်တော်လေးဆူ)၊ ပခုက္ကူ၊ ပုပ္ပါး အပတ်စဉ်(သောကြာ)
> ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်) (စား/တည်းခိုခမ်း-၃၀၀၀၀/-)
> ငွေဆောင်(စား/တည်းခိုခမ်း- ၂ ညအိပ်၊ ၃ရက်- ၅၀၀၀၀/-)
0973257853
09440023997
0943160345

၂၀၁၆-၁၀တန်းစာမေးပွဲအောင်မြင်လိုသူများအတွက်
၁၀တန်းဘာသာစုံ (၃)လပြတ်
EXAM: SPECIAL
စာမေးပွဲအနီးကပ်မေးခွန်းလွှာသင်တန်း
မြန်မာ - ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် - ဦးနေအုပ်(စိန်ပေါလ်)
အင်္ဂလိပ် - ဦးတင်ကို
သင်္ချာ - ဆရာပိုင်(ပိုင်သင်္ချာ)
ဓာတု - ဦးမြင့်ဝင်းကျော်
ရူပ - ဦးဆက်မွန်
ဇီဝ - ဒေါက်တာမြသိန်း
ဘောဂ - စိုင်းထွန်းအောင်
၁၆၅၊ ပ-ထပ်(ထောင့်စွန်းခန်း)၊ ဆိပ်ကမ်းသာလမ်း။ 09-73105201

အိမ်နှင့်ခြံရောင်းမည်
ပေ(၂၀×၆၀)၊ သန်လျင်(၁၂၅သိန်း) လျှော့မည်။
ဖုန်း-၂၅၂၈၉၉၅၂၁

## တစ်ဦးတည်းဖြစ်ပါကြောင်း

တံတားမြို့နယ်ခွဲ၊ ပုတ္တလုတ်ကျေးရွာ၊ အထက (ခွဲ)တက္ကသိုလ်ဝင်တန်းမှ မသွယ်သွယ်အေး၏ ဖခင်ဦးဝင်းနှင့် ဦးထိန်ဝင်း[၁၂/သခန(နိုင်) ၁၁၂၅၆၅]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ ဦးထိန်ဝင်း

သင့်သွေးဖြင့် အသက်ကယ်ပါ

# ပင်လည်ဘူးဒေသထွက်မျှစ်ခြောက် ဝယ်ယူသိုလှောင်ရောင်းချသူများအဆင်ပြေ



**ကောလင်း ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ်မှ ဒေသထွက်မျှစ်ခြောက်များသည်ကောလင်းဈေးကွက်တွင် မိုးရာသီကာလ၌အရောင်းအဝယ်အေးလျက်ရှိပြီး ယခုအခါ ပွင့်လင်းရာသီရောက်လာသဖြင့် မျှစ်ခြောက်များ ပြန်လည်အရောင်သွက်လာကြောင်း မျှစ်ခြောက်ရောင်းဝယ်သူများထံမှ သိရသည်။

"ကောလင်းမြို့မှာက မိုးရာသီဆိုရင် ဝန်းသို၊ ပင်လည်ဘူးနဲ့ ကိုးတောင်ဘို့ဒေသကမျှစ်အစိုနဲ့ မျှစ်မီးဖုတ်တွေတအားပေါတော့ မျှစ်အစိုနဲ့မျှစ်မီးဖုတ်တွေကိုပဲ အဓိကဝယ်ယူစားသုံးကြတယ်။ အခြားဒေသကိုသွားရင်လည်း လက်ဆောင်ပေးဘို့ဝယ်ယူတာ များတာကြောင့် မျှစ်ခြောက်ကိုလည်း စားသုံးသူလည်းနည်းပြီး လက်ဆောင်ပေးဖို့ဝယ်တဲ့သူလည်း နည်းတော့ မိုးတွင်းကာလမှာ အရောင်းအဝယ်အေးခဲ့တာပါ။ အခုရာသီကြတော့ မျှစ်စိုလည်းမထွက်တော့ မျှစ်ခြောက်ကိုစားသုံးတဲ့သူတွေနဲ့ လက်ဆောင်ပေးမယ့်သူတွေပါ အဝယ်များလာတယ်" ဟု မျှစ်ခြောက်ဝယ်ယူသိုလှောင်သူတစ်ဦးက ပြောသည်။

ပင်လည်ဘူးဒေသမှ မျှစ်ခြောက်လုပ်ငန်းလုပ်ကိုင်သူများသည် အဆိုပါဒေသရှိ သဘာဝတောတောင်များ၌ မိုးရာသီမျှစ်စိုပေါ်ချိန်တွင် မျှစ်များချိုးကြကာ မျှစ်စိုများလှိုင်လှိုင်ပေါ်ချိန် မျှစ်စိုများကို ပါးပါးလွှာ၍လည်းကောင်း၊ ရိုက်ပြား၍လည်းကောင်း နေလှန်းခြင်းနှင့် မီးကြပ်တင်ခြင်းများပြုလုပ်ကာ ကောလင်းမြို့ရှိ မျှစ်ခြောက်ဝယ်ယူသိုလှောင်သူများအား ရောင်းချလျက်ရှိပြီး ယခုအခါ ကောလင်းဈေးကွက်တွင် မျှစ်ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

**(စိုင်းလူမင်း)**

# မုံရွာအထက(၃)တွင် ကျောင်းသား/ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေး



**မုံရွာ ဒီဇင်ဘာ ၅**

မိုးပွင့်အထူးအပိုင်း (၂) စီမံချက်ဖြင့် ဒီဇင်ဘာလ ၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီး အထက(၃) တွင် ကျောင်းသား ကျောင်းသူများအား မုံရွာမြို့နယ် ဦးစီးဌာနမှူးရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနဝန်ထမ်းများမှ အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လက်ဝယ်ရရှိရေးအတွက်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ယာယီတိုင်းဒေသကြီးဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ရွှေနှင့် မုံရွာမြို့နယ် ဦးစီးဌာနမှူး လ/ထညွှန်ကြားရေးမှူး ဦးသောင်းညွှန့်တို့က လာရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး ကျောင်းသား ကျောင်းသူ ၁၉၁ဦးအား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မြစိမ်းရောင် စီမံကိန်းလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်

**ခရမ်း ဒီဇင်ဘာ ၅**

ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မြစိမ်းရောင်စီမံကိန်းကျေးရွာ ၁၄ ရွာမှ ကမာကလူကျေးရွာ၊ ကြူတောကျေးရွာနှင့် အေးရွာကျေးရွာတို့တွင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်း ကြပ်မတ်စစ်ဆေးခဲ့ပြီး စာရင်းဇယားပုံစံများ ပြည့်စုံစွာရေးသွင်းရေး ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ခရမ်းကျေးလက်)**

# မိုးနှောင်းရွှေတောင်(၈)ချည်မျှင်ရှည်ဝါ တောင်သူပညာပေး ကွင်းသရုပ်ပြ

**ငဖဲ ဒီဇင်ဘာ ၅**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)က ကြီးကြပ်၍ ၂၀၁၅-၂၀၁၆ ခုနှစ် မိုးနှောင်း ရွှေတောင်(၈) ချည်မျှင်ရှည်ဝါ တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ဒီဇင်ဘာ ၃ရက် နံနက်ပိုင်းက ပင်ဦးကျေးရွာအုပ်စု လေးအိမ်စုကျေးရွာအဝင်လမ်းဘေးစိုက်ခင်းကွင်း အမည်ကြမ်းပြင် ဦးပိုင်အမှတ် (၈၇) တောင်သူဦးသိန်းမြင့်၏ စိုက်ခင်းကွင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက တက်ရောက်လာသော တောင်သူများအား ဝါသီးနှံဆိုင်ရာ တောင်သူပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ စိုက်ကွင်းသရုပ်ပြပွဲသို့ ပင်ဦးကျေးရွာအုပ်စု အတွင်းရှိ ပင်ဦး၊ ကံသာ၊ ညောင်ကိုင်းကြီး၊ လေးအိမ်စု၊ ရေပုတ်၊ကံရွာ၊ငရဲ့ချောင်းကျေးရွာများမှ တောင်သူများ လာရောက်လေ့လာကြည့်ရှုခဲ့ကြပြီး ငဖဲမြို့နယ်တွင် ဝါစိုက်ဧက ၄၀၅၇ ဧကခန့် စိုက်ပျိုးထားကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

ဦးအောင်အောင် LCCI
B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc
အမှတ်(၂၃၉)၊ ၃ထပ်(ဘယ်)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉ ၅၁၀၃၀၀၂၊ ၀၉၉၇ ၅၁၀၃၀၀၂၊ ၀၉၇၈ ၅၁၀၃၀၀၂၊
Level I+II 15%Dis:
SAT-SUN 7-8:30 am 26.12.15
THU-FRI 9:30-11:30 am 31.12.15
SUN 2-5 pm 10.1.16
Level III 15%Dis:
SUN 9:00-5:00 pm 27.12.15

Topsyne® HERBAL CREAM
အရည်အသွေးမြင့် ဘူးဒီဇိုင်းအသစ်
ပန်းပွင့်ပုံဘူးအသစ်တစ်မျိုးတည်းအတွက်သာ
သုံးစွဲသူများ အတွက် အထူးကံစမ်းမဲ
( 15.5.2015 - 15.3.2016 )
1,000,000 ကျပ် (1) ဆု
400,000 ကျပ် (2) ဆု
300,000 ကျပ် (2) ဆု
100,000 ကျပ် (5) ဆု
50,000 ကျပ် (10) ဆု
20,000 ကျပ် (20) ဆု



မျက်နှာအသားအရေ၏ အစိုဓာတ်ကို ကြာရှည်ထိန်းပေးထားနိုင်စွမ်း ရှိသောကြောင့် ရေရှည်သုံးစွဲပေးပါက အရေးအကြောင်းဖြစ်ခြင်း ၊ ချွေးပေါက်ကျယ်ခြင်းကို ကာကွယ်ပေးနိုင်၍ ရှိရင်းစွဲအရွယ်ထက် နုပျိုစေနိုင်ပါသည်။ နေရောင်ခြည်ဒဏ်ကို နှစ်ဆ ကာကွယ်ပေးနိုင်၍ တင်းတိတ်၊ မှဲ့ခြောက်ဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။ လိမ်းထားစဉ် မိတ်ကပ်လိမ်းထားမှန်း မသိသာဘဲ သဘာဝအလှအတိုင်း ဝင်းပနေစေပြီး အဆီပြန်ခြင်း ကင်းစေပါသည်။
Apple Production Co., Ltd. - (09) 86 180 81 , 49 316 408

မိတ်ဆွေ . . . စီးပွားရေးလမ်းတွေပွင့်တော့မယ်
လက်ဦးအောင်ဌားထားဖို့လိုမယ်နော်
၃၀'×၁၀၀'၊ (၃)ထပ် RC ၊ ရေမီးအစုံ၊ (ပါဝါမီတာ)၊ နောက်မြေပို ၇၀'၊ ပဒုမ္မာလမ်း၊ မ/ဥက္ကလာစက်မှုဇုန်၊ မြို့နယ်ခန်းမအနီး၊ (အဝိုင်းအနီး)၊
ဦးအုန်းမြင့် 09-73174600

**တောင်ကြီးမြို့ရှိ အဝေးပြေးကမ္ဘောဇဘီအမ်အသင်းပိုင်ဂိတ် ဥပစာအား ရောင်းချမည်ဖြစ်ကြောင်း ယာဉ်ပိုင်ရှင်အားလုံးနှင့် အများသိစေရန်ကြေညာခြင်း**

တောင်ကြီးမြို့၊ အဝေးပြေး ကမ္ဘောဇဘီအမ်အသင်းမှ ယာဉ်ပိုင်ရှင်အများစု၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

၂၇-၉-၂၀၁၅ရက်က ကျင်းပပြုလုပ်ခဲ့သော ကမ္ဘောဇခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေး အဝေးပြေးလုပ်ငန်းအသင်းမှ ယာဉ်ပိုင်ရှင်အများစု ပါဝင်ဆွေးနွေးခဲ့ကြသော အစည်းအဝေးတွင် ယာဉ်ပိုင်ရှင်အများစု၏ သဘောတူဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ကမ္ဘောဇဘီအမ်အသင်းပိုင် တောင်ကြီးပင်မဂိတ်ဥပစာအား ရောင်းချရန်အတွက် ယာဉ်ပိုင်ရှင်အများစုက သဘောတူကတိပြု မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ပါသည်။ အဆိုပါဥပစာကို ရောင်းချပြီးနောက် ယာဉ်ပိုင်ရှင်များအား အချိုးကျခွဲဝေမည်ဖြစ်ကြောင်း ယာဉ်ပိုင်ရှင်များအားလုံးနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

ရောင်းချမည့် ကမ္ဘောဇဘီအမ်(ပင်မဂိတ်)ဥပစာ

တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်၊ အကွက်အမှတ်-၁၆၊ အကွက်အမည်-မင်းကျောင်းရပ်၊ မြေကွက်အမှတ်(၁၀၆/၁၂၅)၊ ဦးပိုင်အမှတ်(၅၂-ပ)၊ ဧရိယာ(၀. ၁၀၃)ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်များ

(ဂရန်တွင် ပိုင်ရှင်အမည်မှာ-ဥက္ကဋ္ဌ အဝေးပြေးကမ္ဘောဇဘီအမ်အသင်းဟု)ပါရှိပါသည်။

**ယာဉ်ပိုင်ရှင်အများစု၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်ထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၂၂/၁၉၉၈)**
**အမှတ်(၃၁-ဃ)နယ်မြေ(၇)ဝန်ကြီးလမ်းခွဲ(၂)**
**ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့။**

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့်နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန်လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင်နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ် များကိုဖော်ပြအပ်ပါသည်။ (စာတည်း)*



# အကုဋေ အကုဋာ သတ္တဝါခပင်း

# မှီတင်းနေရာ ဤလူ့ရွာ သာယာစေကြောင်း ဆုမွန်ကောင်း

à ကိုရင်ညြ

လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ကမ္ဘာ့ဒေသအများအပြား၌ ပျမ်းမျှအပူချိန် တအိအိတိုးခဲ့သည်။ အာရှနှင့် အာဖရိကဒေသအချို့၌ မိုးခေါင်မှုဖြစ်စဉ်များကို ပိုမိုတွေ့ကြုံလာရသည်။ ပိုမိုအင်အားပြင်းထန်လာသည့် မိုးခေါင်မှုများကြောင့် လူမှု-စီးပွားရေးဘဝ ထိခိုက်ရလေသည်။

၁၉၇၀ ပြည့်လွန် ဆယ်စုနှစ်လယ် ကာလနောက်ပိုင်း အယ်လ်နီညိုထူးခြားဖြစ်စဉ်များ တဝဲလည်လည် ဖြစ်ပေါ်ခြင်းနှင့်အတူ အင်အားပြင်း မုန်တိုင်းများ တရွတ်တိုက်ဖြတ်သန်းမှုကို ကျွန်ုပ်တို့ မကြာမကြာ တွေ့မြင်ခဲ့ကြရသည်။

လတ္တီတွဒ်ခပ်မြင့်မြင့် ဒေသတို့၌ မိုးရွာသွန်းမှုပိုများလာသည်ကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ကြရသည်။ ၁၉၉၈ ခုနှစ်သည် အပူပြင်းဆုံးနှစ်တစ်နှစ်အဖြစ်လည်းကောင်း၊ ၁၉၉၀ ပြည့်လွန် ဆယ်စုနှစ်သည် အပူပြင်းဆုံး ဆယ်စုနှစ်အဖြစ်လည်းကောင်း ရာသီဥတုမာန်ထခဲ့၏။

ရာသီဥတု ပြောင်းလဲလာသည့် လက္ခဏာများသည်ကား ကျွန်ုပ်တို့၏ အမိကမ္ဘာမြေ နာမကျန်းသည့် လက္ခဏာများအဖြစ် ကွက်ကွက်ကွင်းကွင်းပင် ထင်ရှားပေါ်လွင်လာ၏။

ကျွန်ုပ်တို့ လူသားမျိုးနွယ်တို့မှာ ပြောင်းလဲလာသော ရာသီဥတု၏ ကွေ့လည်ကြောင်ပတ်လုပ်မှုကြောင့် မွန်းကျပ်လာနေရပြီ။

ရာသီဥတုပညာရှင်တို့ကမူ အနာဂတ်ဘဝသာယာစိုပြည်ရေးအတွက် သဘာဝဘေးမှ ကင်းဝေးစေရန် စိတ်ရည်သန်ကာ ကမ္ဘာ့ရာသီဥတု ပုံစံများကို ကွန်ပျူတာကြီးများဖြင့် တွက်ချက်ကာ ကိုယ်စွမ်းကိုယ်စရှိသမျှ အဖြေရှာနေကြလေသည်။

အနာဂတ်ကာလ၌ လူဦးရေမည်မျှရှိလာမည်၊ စွမ်းအင်သုံးစွဲမှု မည်မျှရှိလာမည် စသည့်စသည့် အကြောင်းခြင်းရာတို့အပေါ် အခြေခံကာ ကျေကျေလည်လည် တွက်ချက်နေကြဆဲ၊ ခန့်မှန်းနေကြဆဲပင်။

လက်ရှိ ၂၁ ရာစုကာလ ရေစီးကြောင်းနှင့်အတူ ရာသီဥတု အပြောင်းအလဲများ မည်သို့ဖြစ်ပေါ်လာနိုင်အံ့နည်းဟူ၍ ရရှိခဲ့လေပြီးသော အတွေ့အကြုံများအပေါ် အခြေခံကာ သုံးသပ်တွက်ချင့်နေကြသူများလည်းရှိလေသည်။

ကမ္ဘာ့ပျမ်းမျှ မျက်နှာပြင် အပူချိန်သည် မဝေးသော အနာဂတ်ကာလ၌ ၁ ဒသမ ၄ ဒီဂရီ စင်တီဂရိတ်မှသည် ၅ ဒသမ ၈ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်လာနိုင်သည်ဟု ကျွန်ုပ် လေ့လာမှတ်သားမိသည်။

ရာသီဥတုကြမ်းလာလေလေ ရေလွှမ်းမိုးမှုသို့မဟုတ် မိုးခေါင်မှုဖြစ်ပေါ်လေလေ ဖြစ်ရကား စည်းလွတ်ဝါးလွတ် ရာသီဥတုအစွန်းရောက်မှုကို ပြန်လည်ထိန်းညှိနိုင်ရန်သာ ကြိုးပမ်းရပေအံ့။

ရာသီဥတု စည်းလွတ်မှု ပြယုဂ်တစ်ရပ်မှာ ယနေ့ကာလတွင် အပူလှိုင်းများ ကျရောက်မှု တိုးလာပြီး အအေးလှိုင်းများ ကျရောက်မှုလျော့လာခြင်းဖြစ်သည်။

ကမ္ဘာ့ပျမ်းမျှ ပင်လယ်ရေမျက်နှာပြင်သည် ၂၁၀၀ ပြည့်နှစ်ထက်နောက်မကျဘဲ ၉ ဒသမ ၈၈ စင်တီမီတာခန့် တိုးလာမည်ဟု သိပ္ပံပညာရှင်တို့က ခန့်မှန်းထားသည်။ ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်မှာ ပင်လယ်ပြင်မှ ကီလိုမီတာ ၆၀ အကွာအဝေးအတွင်း နေထိုင်ကြသူများဖြစ်ပေရာ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုနှင့် ဆားငန်ရေ ဝင်ရောက်မှုတို့၏ အကျိုးသက်ရောက်မှုများကို ဆိုးဆိုးရွားရွား တွေ့ကြုံလာရဖွယ်ရှိလေသည်။

ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် ဘေးအန္တရာယ် မလုံခြုံသည့်ဒေသများတွင် အီဂျစ်နိုင်ငံ နိုင်းမြစ်၏ မြစ်ဝကျွန်းပေါ်ဒေသ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဂင်္ဂါ-ဗြဟ္မပုတ္တရမြစ်ဝကျွန်းပေါ်ဒေသ၊ မာရှယ်ကျွန်းစုနှင့်မော်လ်ဒိုက်ကျွန်းစုတို့ အပါအဝင် ကျွန်းနိုင်ငံငယ်အများအပြား ပါဝင်လေသည်။

ရေကောင်းရေသန့်ရရှိခြင်း၊ စားစရာလောက်လောက်ငင ရရှိခြင်း၊ ကောင်းစွာခိုလှုံနိုင်သည့် နေစရာရရှိခြင်း စသည်တို့မှာ ရာသီဥတုအပေါ် မှီတည်နေလေရာ ရာသီဥတု ဖောက်ပြန်ပြီဆိုလျှင် လူသားတို့ဒုက္ခပင်လယ်ဝေရမည်မှာ မြေကြီးလက်ခတ်မလွဲတည်း။

ဒေသတစ်ခု၌ ရာသီဥတု မူမမှန်တော့လျှင် စားနပ်ရိက္ခာထုတ်လုပ်မှု ထိခိုက်နိုင်ပြီး အခြေအနေဆိုးရွားလာပါက အစာရေစာ ငတ်မွတ်ခေါင်းပါးခြင်း၊ အာဟာရဓာတ်မပြည့်ဝသည့် ကမ္ဘာ့ဒဏ်ရှပ်အသွင်ဆောင်လူသားများ တိုးပွားခြင်း၊ ပြည်သူ့ကျန်းမာရေး ထိခိုက်ခြင်း စသည်စသည်ဖြင့် ကသောင်းကနင်း ဖြစ်တတ်သည်ကို ကျွန်ုပ်တို့ သတိချပ်အပ်၏။

အစာရေစာနှင့် သောက်သုံးရေ ရှားပါးပြတ်လပ်ပြီဆိုလျှင် ပဋိပက္ခ အသံဗလံများကျွက်ကျွက်ညံလာပေလိမ့်မည်။ ဘဝရှင်သန်ရပ်တည်ရေးအတွက် ယှဉ်ပြိုင်ကြရာမှ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်သူများအချင်းချင်း ငြိုးသူရန်ဘက်ဖြစ်တတ်ပေသည်။

ရာသီဥတု ပျက်ယွင်းမှုနှင့်အတူ သဘာဝဒုက္ခသည်များ (Environmental Refugees) ဘဝသို့ ဆောလျင်စွာ ကူးပြောင်းကြရပေဦးမည်။

ဥပမာ၊ ဥပမည်း (အနှိုင်းခံ) တစ်ရပ်ကို ညွှန်းဆိုရသော် ရာသီဥတုပြောင်းလဲမှုကြောင့် ခြင်ပေါက်ပွားမှုတိုးလာပြီး တုပ်ကွေးကြီး၊ အဝါရောင်အဖျားရောဂါ၊ ငှက်ဖျားရောဂါစသည့် ရောဂါဘယများ ဖိစီးခံရကာ ပြည်သူ့ကျန်းမာရေးပြဿနာ အတုံးလိုက်အတစ်လိုက် ဖြစ်ပေါ်ရပေအံ့။

## ကမ္ဘာကြီးပူနွေးလာမှု အတိုင်းအရှည်သိကြလော့

ရာသီဥတု ပြောင်းလဲမှုကို ဖြစ်စေသည်ကား ကမ္ဘာကြီးပူနွေးလာမှုတည်း။

ကမ္ဘာ့မျက်နှာပြင်အပူချိန် မြင့်တက်မှုသည် ကမ္ဘာကြီးပူနွေးလာမှုဟု ခေါ်တွင်လျက်ရှိကြကုန်သော ဖန်လုံအိမ် အာနိသင်အကျိုးသက်ရောက်မှု၏ ဖြစ်ထွေတည်း။

ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့နှင့် အခြားဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များ ပိုမိုစုဝေးလာခြင်းကြောင့် ဘသာဝတရားပျက်ပြားရ၏။

ကမ္ဘာကြီးပူနွေးမှုကို ဖြစ်စေသော အခြင်းအရာများကား သစ်တောပြုန်းတီးမှုနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အခိုးအငွေ့ထုတ်လွှတ်မှုများဖြစ်သည်။ အကျိုးရလဒ်အဖြစ် ကျွန်ုပ်တို့၏ သဘာဝမြတ်မိခင်မှာ ရှုနာရှိုက်ကုန်းဖြစ်ရတော့သည်။

ကမ္ဘာ့လေထုလွှာ အနီးတစ်ဝိုက်၌ ကာဗွန်ဒိုင်အောက်ဆိုဒ်ကဲ့သို့သော ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များ ပိန်းပိတ်မှောင်လာကာ လေထုလွှာဆိုင်ရာ တေဇောဓာတ်ကို စုပ်ယူထားလိုက်ရာ ကမ္ဘာကြီးပူနွေးမှု ဖြစ်ရလေတော့သည်။

ကမ္ဘာကြီးပိုမိုပူနွေးလာမှု တစီတလျဉ်ဖြစ်လာနေပြီး ကမ္ဘာ့ဒေသကြီးများအလိုက် ရာသီဥတု ပြောင်းလဲမှုများနှင့်အတူ ဂေဟစနစ် ထိခိုက်လာရလတ္တံ့ဟု သိပ္ပံပညာရှင်များက ဟောကိန်းထုတ်ကြလေသည်။

ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ တိုးလာမှုကြောင့် ကမ္ဘာကြီးပူနွေးလာပြီး ကြီးစွာသော အကျိုးဆက်တစ်ရပ်အဖြစ် ပင်လယ်ရေမျက်နှာပြင် အပြောင်းအလဲဖြစ်ပေါ်ရပေဦးမည်။

တောင်ပေါ်ရေခဲမြစ်များ၊ ဂရင်းလန်ကျွန်းရေခဲချပ်လွှာလွင်ပြင်ကြီးများ၊ အာတိတ်နှင့် အန္တာတိကဒေသ ရေခဲချပ်လွှာလွင်ပြင်ကြီးများ အရည်ပျော်ဝင်လာခြင်းဖြင့် ပင်လယ်ကမ်းရိုးတန်းဒေသ မြို့ကြီးများနှင့် ပင်လယ်ဆိပ်ကမ်းများ ပင်လယ်ရေအောက်သို့ တစ်စစ အိကျနစ်မြုပ်လာနိုင်ရာ ကျွန်ုပ်တို့ လူသားများရော ပုပ္ပရွရွ သတ္တဝါအားလုံးပါ ဘဝရှင်သန်ရေးအတွက် ကပျာကသီ ကြိုးပမ်းလာရပေလိမ့်မည်။

ကမ္ဘာ့လူသားများနှင့် သတ္တမျိုးနွယ်တို့အား ပြူးကလူးပြာကလာဖြစ်စေနိုင်သည့် အခြားအကြောင်းခြင်းရာတစ်ရပ်မှာကား ရေပြဿနာဖြစ်သတည်း။

အနာဂတ်ကာလ၌ ပိုမိုပူနွေးလာသော ကမ္ဘာကြီးသည် ရေအကျပ်အတည်းဆိုက်လာရလိမ့်မည်။ ကမ္ဘာ့ဒေသအချို့၌ ယခုအခြေအနေထက် ပိုမိုခြောက်သွေ့လာနိုင်ပြီး ကမ္ဘာ့ဒေသအချို့၌ ယခုအခြေအနေထက် ပိုမိုစိုစွတ်လာနိုင်သည်။ အနာဂတ်၌ ရာသီဥတုကို ခန့်မှန်းတွက်ချက်ရန် ပိုမိုခက်ခဲလာနိုင်ပေရာ ရာသီဥတုနှင့် မိုးလေဝသပညာရှိတို့ကို ပတ်တီးရိုက်သွားသည့် အဖြစ်မျိုး မရှိလာနိုင်ဟု မဆိုသာချေ။

အနာဂတ်၌ ဒေသအားလျော်စွာ ဆီးနှင်းမိုးစသည် ရွာသွန်းမှုကို ကြိုတင်ခန့်မှန်းရခက်လာပြီး စိုက်ပျိုးရေးကဏ္ဍတွင် ကြီးမားစွာသော အပြောင်းအလဲများဖြစ်ပေါ်လာနိုင်သည်ကို ကျွန်ုပ်တို့ ဘာသာလဝ်ါ မပြုအပ်ပေ။

ကျွန်ုပ်တို့ အနေဖြင့် လာမည့်ဘေးပြေးတွေ့ဖို့ထက် ဥစ္စာရင်လို ဥစ္စာရင်ခဲ ကြိုတင်ပြင်ဆင်ကြဖို့လိုသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာအရ ရာသီဥတုပြောင်းလဲမှု ရစ်သီရစ်သီ ဖြစ်လာချိန်မှာပင် ယင်း၏ဖြစ်ပေါ်အံ့သော ဆိုးကျိုးတရားများကို သန်းထောင်ပေါင်းများစွာသော ကမ္ဘာသူကမ္ဘာသားတို့ ခါးစည်းမခံစားကြရလေအောင် ကမ္ဘာ့ ရာသီဥတုကို ပြန်လည်ထိန်းညှိနိုင်ရေးအတွက် ခါးတောင်းကျိုက်မဖြုတ်စတမ်း ပြင်ဆင်ဆောင်ရွက်ကြဖို့ ကျွန်ုပ်တပ်လှန့် နှိုးဆော်လို၏။

ရာသီဥတုပြောင်းလဲမှုဟူသော ဝေါဟာရကို ကြားရဖန်များလာသည့်အခါ ဟုံသွားခြင်းမဖြစ်အပ်ချေ။ ဧကန်မှုကား ရာသီဥတုပြောင်းလဲမှုဟူသည် နိုင်ငံကြီးငယ်မရွေး၊ နယ်နိမိတ်မရွေး၊ ဆင်းရဲချမ်းသာ ဆူကြုံနိမ့်မြင့်မရွေး ဒုက္ခပေးမည့် အရာဖြစ်လေရာ ကျွန်ုပ်တို့အနေဖြင့် ရာသီဥတုပြောင်းလဲမှုကို ရှုံ့ချည်နှပ်ချည်လုပ်ဆောင်နိုင်မည်ကားမဟုတ်ပေ။

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပနေဆဲဖြစ်သော ကုလသမဂ္ဂရာသီဥတု ထိပ်သီးညီလာခံ၌ ကမ္ဘာ့ခေါင်းဆောင်များက အားတတ်ဖွယ်ရာ ကတိစကားများကိုရော၊ တုန်လှုပ်ဖွယ်ရာ သတိပေးချက်များကိုပါ မြွက်ဆိုလျက်ရှိကြလေသည်။

၂၀၂၀ ပြည့်လွန်ကာလ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချရေး အစီအစဉ်အတွက် အခြေခံမူဘောင်ချမှတ်နိုင်ရန် ရည်ရွယ်လျက် ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ ကျော်မှ ကိုယ်စားလှယ်တော်ကြီးများက ၁၂ ရက်တိုင်တိုင် ဆွေးနွေးငြင်းခုံလျက်ရှိကြသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။

အရေးကြီးသည်ကား လူ့ပယောဂကြောင့် သဘာဝပတ်ဝန်းကျင် မပျက်စေဖို့ ကျွန်ုပ်တို့ အမှတ်သည်းခြေရှိကြရမည်ပင်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အပြောမဟုတ် အလုပ်နှင့် သက်သေပြကြဖို့လည်း လိုအပ်လိမ့်မည်။

သဘာဝပတ်ဝန်းကျင် ရေရှည်စဉ်ဆက်မပြတ် ကောင်းမွန်ရေးအတွက် သဘာဝကိုထိခိုက်စေနိုင်သော ကျွန်ုပ်တို့၏ အကျင့်ဆိုးများကို ဖျောက်ဖျက်ပစ်ကြရမည်။

ရာသီဥတုပြောင်းလဲမှု ဆိုးရွားမလာစေရေးအတွက် နိုင်ငံအလိုက်၊ ဒေသအလိုက် နိုင်ငံတကာအလိုက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် နိုင်ငံသားတစ်ဦးချင်းအလိုက် ကျင့်ကြံအပ်သည့် အကျင့်ကောင်းများ မြဲမြံအပ်သည်သာတည်း။

သစ်ပင်စိုက်ခြင်း၊ လောင်စာဆီသုံးစွဲမှုလျှော့ချခြင်း၊ နေအိမ်သုံး လျှပ်စစ်ပစ္စည်းများ သုံးစွဲမှုလျှော့ချခြင်း၊ တစ်ကျော့ပြန်ထုတ်လုပ်မှုကို အားပေးခြင်း၊ စွမ်းအင်ကိုချွေတာသုံးစွဲခြင်း၊ စွမ်းအင်ကို ထိရောက်စွာသုံးစွဲခြင်း၊ နေစွမ်းအင်ကို တိုးတက်သုံးစွဲခြင်း၊ ကိုယ်ပိုင်ကားစီးမှုကို လျှော့ချကာလမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ အများပြည်သူသုံးယာဉ် အသုံးပြုခြင်းစသည်တို့မှာ တစ်ဦးချင်း ဆောင်ရွက်အပ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေလိမ့်မည်။

တစ်နိုင်ငံလုံး အတိုင်းအတာအရမူ ရုပ်ကြွင်းလောင်စာ အသုံးပြုမှုလျှော့ချခြင်း၊ သစ်တောမပြုန်းတီးအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သစ်တောစိုက်ခင်းများထူထောင်ခြင်း၊ ဂေဟစနစ်နှင့် ကိုက်ညီသော မြို့ကြီးများထူထောင်ခြင်းစသည့် လုပ်ဆောင်ချက်များကို အလေးပေးရလိမ့်မည်ဟု ကျွန်ုပ်တွေးဆမိ၏။

အကုဋေ အကုဋာ သတ္တဝါခပင်း မှီတင်းနေရာ ဤလူ့ရွာ၌ ရာသီဥတုရေရှည်စဉ်ဆက်မပြတ် ကောင်းမွန်ပြီး လောကအလှနှင့် လူတို့ဘဝ သာယာစေကြောင်း ကျွန်ုပ် ဆုမွန်ကောင်းတောင်းလိုက်ပါသတည်း။ ။

# စွမ်းအားမြှင့်မီးဖိုများ အခမဲ့ထောက်ပံ့



**ခင်ဦး ဒီဇင်ဘာ ၅**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော၊ သစ်ပင်များပြုန်းတီးမှုကို လျော့နည်းပပျောက်စေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် လျှပ်စစ်မီးမရသော ကျေးရွာ ၁၀ ရွာမှ ကျေးလက်နေအိမ်ထောင်စုများအတွက် စွမ်းအားမြှင့်မီးဖိုများ အခမဲ့ ဖြန့်ဝေခြင်းကို ဒီဇင်ဘာ ၂ ရက်က ကျေးရွာများအရောက် ဖြန့်ဝေခဲ့သည်။

အဆိုပါစွမ်းအားမြှင့်မီးဖိုများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး မြို့နယ် လ-ဝ-က ဦးစီးမှူး ဦးစောဦး၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးစိုးဟန်နှင့် ဦးဝင်းကျော်သူတို့က စည်ပုတ္တရာကျေးရွာတွင် အလုံး ၅၀၊ ပေကုန်းကျေးရွာတွင် အလုံး ၆၅၊ သရက်ကန်ကျေးရွာတွင် ၆၅ လုံး၊ ဂျပ်ပို့ကျေးရွာတွင် အလုံး ၆၀၊ ငှက်ပျောရွာတွင် ၇၅ လုံး၊ ပေါက်သင့်တုံကျေးရွာတွင် အလုံး ၆၀၊ ကျွန်းပင်ကန်ကျေးရွာတွင် ၆၆ လုံး၊ တံတားဦးကျေးရွာတွင် ၂၃ လုံး၊ ညောင်ကန်ကျေးရွာတွင် အလုံး ၆၀၊ ကွမ်းတိုင်းကျေးရွာတွင် ၇၆ လုံး စုစုပေါင်း အလုံး ၆၀၀ ကို ကျေးရွာပြည်သူများရှေ့၌ မဲစနစ်ဖြင့် အခမဲ့ဖြန့်ဝေပေးခဲ့သည်။

**ခင်ဦးစိုးဝေ**

# မြင်းမူမြို့နယ်တွင် ပိုလီယိုရောဂါကာကွယ်ဆေး အသစ်ဖြင့် ကလေးငယ်များအား စတင်ထိုးနှံ

**မြင်းမူ ဒီဇင်ဘာ ၅**

ကလေးငယ်များတွင် ဖြစ်ပွားတတ်သည့် ပိုလီယိုရောဂါကာကွယ်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ ကလေးငယ်များအား ဒီဇင်ဘာ၁ ရက်က စတင်ပြီး ပိုလီယိုရောဂါ ကာကွယ်ဆေးအသစ် (Inactivated Polio Vaccine - IPV)ဖြင့် စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ပိုလီယိုရောဂါ ကာကွယ်ဆေးအသစ် ထိုးနှံပေးရာတွင် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်မောင်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက မြင်းမူမြို့ပေါ် ရပ်ကွက်များမှ အသက်လေးလအရွယ် ကလေးငယ်များအား ပြည်သူ့ဆေးရုံကြီးနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ လည်းကောင်း၊ ကျေးရွာများရှိကလေးငယ်များအား ကျေးလက်ကျန်းမာရေးဌာနခွဲများရှိ ကျန်းမာရေးဝန်ထမ်းများက ကျေးရွာများအရောက်သွားရောက်၍လည်းကောင်း ထိုးနှံပေးလျက်ရှိသည်။

"ပိုလီယိုရောဂါ ကာကွယ်ဆေးအသစ် ထိုးနှံပေးနိုင်ရေးအတွက် အသက်လေးလအရွယ်ကလေးငယ်များကို စာရင်းကောက်ယူပြီးတော့ လစဉ်လဆန်း ၁ ရက်နဲ့ ၂ ရက်တိုင်း ထိုးနှံပေးနေတာဖြစ်ပါတယ်။ မြင်းမူမြို့နယ်အတွင်းမှာ အသက်လေးလအရွယ် ကလေး ၁၅၈၅ ဦးကို ပိုလီယိုရောဂါ ကာကွယ်ဆေးအသစ် ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်" ဟု မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်မောင်ကြီးက ပြောသည်။

အဆိုပါ ပိုလီယိုရောဂါ ကာကွယ်ဆေးအသစ် (Inactivated Polio Vaccine - IPV) စတင်ထိုးနှံပေးခြင်းနှင့် စပ်လျဉ်း၍ အသိပေးဆွေးနွေးပွဲကိုလည်း နိုဝင်ဘာ ၃၀ ရက်က မြင်းမူမြို့ ပြည်သူ့ဆေးရုံ၌ ကျင်းပခဲ့သည်။

ထို အသိပေးဆွေးနွေးပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦး စီးမှူး ဒေါက်တာခင်မောင်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် အသက်လေးလအရွယ် ကလေးများ၏ မိခင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးခါး**



# လယ်သမားရေးရာအမြင်ဖွင့်သင်တန်းဖွင့်

**နွားထိုးကြီး ဒီဇင်ဘာ ၅**

နွားထိုးကြီးမြို့နယ် လယ်သမားရေးရာ အမြင်ဖွင့်သင်တန်းကို mcpwc တရုတ်-မြန်မာ ရေနံပိုက်လိုင်းစောင့်ကြည့်ရေးအဖွဲ့အစီစဉ်နှင့် အမှတ် ၈ ရပ်ကွက် ဦးထွန်းဆန်းတိုက်ဝန်း၌ ဒီဇင်ဘာ ၂ ရက်က ကျင်းပခဲ့သည်။

သင်တန်းသို့ မြို့နယ်တွင်း တရုတ်ပိုက်လိုင်း ဖြတ်သန်းခံကျေးရွာ ၁၂ အုပ်စု၊ ကျေးရွာ ၁၇ ရွာမှ တောင်သူ ၇၀ တက်ရောက်ကြပြီး ယင်းအခမ်းအနားတွင် မြို့နယ်တာဝန်ခံဦးအောင်သန်း (တစည ) က လယ်သမားအခွင့်ရေးကာကွယ်စောင့်ရှောက်ရန်၊ အမြင်ဖွင့်ပေးရခြင်းဖြစ်ကြောင်း အဖွင့်မှာကြားခဲ့သည်။

သင်တန်းမှာ နည်းပြသုံး ဦးကနှစ်ရက်ကြာဆွေးနွေးပို့ချသွားမည်ဟု စိမ်းလန်းစိုပြည်ရေးအဖွဲ့မှ ဦးထွန်းဆန်းက ပြောသည်။

**ခင်ဇာမွန်မြင့် (ဉပဒေ)**

# ရန်ကုန်မြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၌ အမျိုးသမီးအကြမ်းဖက်မှုပပျောက်ရေး ပညာပေးဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်း (စိန်ဂေဟာ) အနီးရှိ အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း၌ အမျိုးသမီးအကြမ်းဖက်မှု ပပျောက်ရေး ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်မြမြသင်းမှ အမှာစကားပြောကြား ဖွင့်လှစ်ပေးပြီး ဥပဒေအတိုင်ပင်ခံအကြံပေး ဦးဘသောင်း (မောင်သန္တာ-ရွှေနေ)က 'လူကုန်ကူးမှုလျော့ပါးရေးအတွက် ကာကွယ်ထိန်းချုပ်ရေး' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာဒီကိုးက 'ကျောင်းသူများ ပျောက်ဆုံးနေမှုလျော့ပါးရေးအတွက် မိမိကိုယ်ကို မိမိကာကွယ်ထိန်းချုပ် စောင့်ရှောက်ခြင်း' ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ် အခြေခံပညာကျောင်းများတွင်လည်း ပရဟိတဟောပြောဆွေးနွေးပညာပေးရေးအဖွဲ့မှ ဆက်လက်၍ ဆွေးနွေးဟောပြောပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ချစ်လွန်း (မြိတ်တောင်)**

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

## ခြံရောင်းမည်
သန်လျင်၊ ထမလုံ၊ ရွှေညောင်ပင်လမ်း
ပေ (၄၀×၁၂၀) ဒေါင့်ကွက်
(မီးသွယ်နိုင်) သီလဝါစက်မှုဇုန်နှင့်နီး
ခြံပတ်ကားခတ်ပြီး
[သိန်း - ၆၀၀]
ဖုန်း- ၀၉-၄၂၀၀၀၄၂၂၇

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၃)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၈၃)၊ မြေ ပေ(၃၀×၅၀) မြေကွက်အား ဦးအောင်တင်[၁၂/ဥကမ(နိုင်)၀၂၀၆၉၈]မှ ဂရန်အမည်ပေါက်ပိုင်ဆိုင်ပြီး ဦးအောင်တင်(ကွယ်လွန်)နှင့် ဇနီးဖြစ်သူ ဒေါ်ငွေ[၁၂/ဥကမ(နိုင်)၀၃၉၇၆၈] တို့ပိုင်ဆိုင်ပြီး ၎င်းတို့တွင် သမီး(၄)ဦးထွန်းကားခဲ့ပါသည်။ ဦးအောင်တင် မကွယ်လွန်မီက ဇနီးဖြစ်သူ ဒေါ်ငွေနှင့် နှစ်ဦးသဘောတူပေ(၁၅×၅၀)စီ ခွဲခြမ်းစိတ်ဖြာရယူခဲ့ပြီး ဦးအောင်တင်(ကွယ်လွန်)မှာ အမှတ်(၈၃-အေ)၊ ခြေရင်းခြမ်းမြေကွက်အလွတ်နှင့် ဒေါ်ငွေမှာ အမှတ်(၈၃-ဘီ)ခေါင်းရင်းခြမ်း မြေကွက်နှင့် မြေကွက်ပေါ်ရှိ ခံစားခွင့်အားလုံးတို့ကို သဘောတူညီခွဲဝေရယူခဲ့ပါသည်။ ဦးအောင်တင်မကွယ်လွန်မီ ဆေးဝါးစရိတ် ထောက်ပံ့ရေး၊ မိသားစုစားဝတ်နေရေးကိစ္စအဝဝတို့ကို သမီးကြီးဖြစ်သူ ဒေါ်ဝါဝါအောင်[၁၂/ဥကမ(နိုင်)၀၂၀၇၁၀]မှ ထောက်ပံ့ပေးခဲ့မှုများအပေါ် ဖခင်ဖြစ်သူ ဦးအောင်တင်မှ မကွယ်လွန်မီအချိန်ကတည်းက အမှတ်(၈၃-အေ)၊ မြေကွက်ကို ဒေါ်ဝါဝါအောင်အား မေတ္တာဖြင့်အပိုင်ပေးကမ်းခဲ့ပါသည်။ ၁၇-၂-၂၀၁၁ရက်တွင် ဖခင် ဦးအောင်တင်ကွယ်လွန်ပြီးနောက်ပိုင်း မိခင်ဖြစ်သူ ဒေါ်ငွေနှင့် ကျန်ညီမ(၃)ဦးဖြစ်ကြသည့် (၁) ဒေါ်သီသီအောင်[၁၂/ဥကမ(နိုင်)၀၂၀၃၇၈]၊ (၂)ဒေါ်ဝင်းဝင်းအောင်[၁၂/ဥကမ(နိုင်)၀၂၀၄၄၉]၊ (၃)ဒေါ်နှင်းနှင်းယု[၁၂/ဥကမ(နိုင်)၀၃၉၅၇၈]တို့မှ ၂၀၁၂ခုနှစ်၊ ဩဂုတ်လတွင် အထက်ပါ အမှတ်(၈၃-အေ)၊ သဇင်လမ်း(၃)ရပ်ကွက်၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မြေပေ(၁၅×၅၀)မြေကွက်လွတ်သည် ဒေါ်ဝါဝါအောင်[၁၂/ဥကမ(နိုင်)၀၂၀၇၁၀] တစ်ဦးတည်းသာ လက်ရောက်ပိုင်ဆိုင်ကြောင်း ဖခင်ဖြစ်သူမကွယ်လွန်ခင်ပေးကမ်းခဲ့ကြောင်းနှင့် မိခင်ဒေါ်ငွေ၊ ဒေါ်သီသီအောင်၊ ဒေါ်ဝင်းဝင်းအောင်၊ ဒေါ်နှင်းနှင်းယုတို့နှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိပါကြောင်း သက်သေများရှေ့ ဝန်ခံကတိပြုစာချုပ် ပြုလုပ်၍ ဂရန်မူရင်းပေးအပ်ခဲ့ပါသည်။

သို့ပါ၍ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်(၃)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၈၃-အေ)၊ ခြေရင်းခြမ်း၊ မြေပေ(၁၅×၅၀)မြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝါဝါအောင် တစ်ဦးတည်း တရားဝင်လက်ရောက်ပိုင်ဆိုင်ပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကြည်ဝင်းလှိုင်(LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်-၂၉၃၂၀)**
**အမှတ်(၁၅၂)၊ ပိတောက်လမ်း၊ (၆)ရပ်ကွက်၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၃၁၂၇၆၉၇၀၊၀၉-၂၅၁၀၂၆၅၇၇**

၂၀၁၆ ခုနှစ်
တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်
ကျောင်းသားကျောင်းသူများအတွက်
ထူးချွန်အောင်မှတ်ရ လမ်းညွှန်
ထွက်ပြီ
ကျောင်းသားအများဆောင်
ရွှေလက်ဆောင်
အခန်းလိုက်အနှစ်ချုပ်မှတ်စုများ
မေးခွန်း(၇)စုံနှင့်အဖြေများ
တစ်ဘာသာ တစ်အုပ်ချင်း

CNG TAXI ငှားမည်
AA/----ဖင်ကောက်
(၅)သိန်း/(၁. ၆)သောင်း
ဖုန်း-၀၉-၄၄၈၀၄၆၈၆၃

## ငွေပေါ်ရောင်းမည်
အသုံးပြုပြီး DOYEN မီးစက်အသေး
(ဆွဲနှိုး-DIIဆီသုံး)
ဒန်း-ဖရိန် သံပိုက်
-အခင်း ပျဉ်းကတိုး
ဖုန်း-၀၉-၄၄၈၀၄၆၈၆၃

## ဦးသိန်းအောင်[၁၂/ဥကတ(နိုင်)၀၂၄၈၅၃] အောင်ပြည့်ကျော်ကုမ္ပဏီ သိစေရန် ကြေညာချက်

ရွှေတင့်တယ်ဟန်ကုမ္ပဏီ၏ ကိုယ်စား ဦးမျိုးဝင်း[၈/ရနခ(နိုင်)၀၇၆၆၁၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာ အပ်ပါသည်။

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရွှေတင့်တယ်ဟန်ကုမ္ပဏီပိုင် Hyundai 290 Back Hole အား ဦးသိန်းအောင် (အောင်ပြည့်ကျော်ကုမ္ပဏီ) အမှတ်-၄၅၈(ခ)၊ ဇာနည်(၁၃)လမ်းအထက်၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့မှ ၎င်း၏ လမ်းဖောက်လုပ်ရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် (၈)နာရီ(၁)ဂျူတီလျှင် ကျပ်(၃)သိန်းနှုန်းဖြင့် ရွှေတင့်တယ်ဟန်ကုမ္ပဏီထံမှ ၆-၁၂-၂၀၁၄ရက်စွဲပါ စက်ယန္တရားငှားရမ်းခြင်း စာချုပ်ကို ချုပ်ဆိုလျက် ငှားရမ်းခဲ့ပါသည်။ ထိုသို့ငှားရမ်းခဲ့သော Back Hole အား ဦးသိန်းအောင်မှ ၆-၁၂-၂၀၁၄ရက်မှ ၅-၂-၂၀၁၅ရက်အထိ (၆၉)ဂျူတီနှင့် (၁)နာရီ [နာရီအားဖြင့်(၅၅၃)နာရီကြာ]အသုံးပြုခဲ့သော်လည်း ၎င်းအတွက် ကျသင့်သောငွေကိုမူ ပေးချေခြင်းမပြုဘဲ ပျက်ကွက်ခဲ့သည့်အပြင် အဆိုပါ Back Hole ကိုလည်း ပြန်လည်အပ်နှံရန် ပျက်ကွက်ခဲ့ပါသည်။ ဦးသိန်းအောင် (အောင်ပြည့်ကျော်ကုမ္ပဏီ)သည် ရွှေတင့်တယ်ဟန်ကုမ္ပဏီ၏ ယုံကြည်မှုကို အခွင့်ကောင်းယူလျက် အထက်ပါအတိုင်း ပြုမူဆောင်ရွက်ခဲ့မှုများကြောင့် ရွှေတင့်တယ်ဟန်ကုမ္ပဏီသည် များစွာထိခိုက်နစ်နာဆုံးရှုံးမှုများ တွေ့ကြုံခဲ့ရပါသည်။

ထို့ကြောင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ရွှေတင့်တယ်ဟန်ကုမ္ပဏီထံသို့ ဦးသိန်းအောင်ကိုယ်တိုင်လာရောက်၍ ရွှေတင့်တယ်ဟန်ကုမ္ပဏီ၏ နစ်နာမှုများကို ဖြေရှင်းပေးပါရန် အသိပေးကြေညာလိုက်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ)(စဉ်-၆၇၀၂)၊အမှတ်-၅၆၁၊ (M.A.C Tower)အခန်း-၃၀၂**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

ဖတ်စရာ



# မန္တလေးတောင်ဂုဏ်ဆောင် မြွေကြီးနှစ်ကောင်

**မန္တလေး ဒီဇင်ဘာ ၅**

မန္တလေးမြို့သို့ ဘုရားဖူးလာကြသူများသည် မဟာမုနိဘုရားကြီး၊ စန္ဒာမုနိဘုရား၊ ရွှေကျောင်းကြီးနှင့်တစ်ကွ မန္တလေးတောင်ပေါ်သို့ မဖြစ်မနေ သွားရောက်လေ့ရှိသည်။ မန္တလေးတောင်သည် မန္တလေးမြို့၏ ဂုဏ်ဆောင်တောင်ဟုပင် ဆိုနိုင်ပေသည်။ မန္တလေးတောင်နှင့် ပတ်သက်၍ မြန်မာတစ်နိုင်ငံလုံး သိထားကြသည့် အဆိုတစ်ခုမှာ "အသက်ကလေးရယ် ရှည်စေလို မန်းတောင်ရိပ်ခို"ဟု ပင်သိထားပြီး မန္တလေးတောင်ကို အထွတ်အမြတ်ထား၍ သွားလာကြသည်။ မန္တလေးတောင်ပေါ်သို့ ဘုရားဖူးလာရောက်ကြသူများမှ မြွေကြီးနှစ်ကောင်ထံအရောက်သွား၍ ဆုတောင်းခြင်း၊ လှူဒါန်းခြင်းများပြုလုပ်ကြသည်။

မြွေကြီးနှစ်ကောင် သမိုင်းနှင့် ပတ်သက်၍ လူကြီးသူမများပြောဆိုကြသည်မှာ ရသေ့ကြီး ဦးခန္တီသည် ဗျာဒိတ်ပေးဘုရားကြီး၏ အနောက်ဘက်၌ ထန်းရွက်မိုးသောတဲကျောင်းဖြင့် သီတင်းသုံးလျက် သာသနာပြုနေစဉ်ညဉ့်အချိန်၌ ကျောင်းအောက်သို့ ရောက်ရှိလာသည်။ ရသေ့ကြီးသည် မြွေကြီးနှစ်ကောင် ရောက်လာသည်မှာ သွယ်ဝိုက်သောအားဖြင့် "မန္တလေးတောင်၏ဘုရားဒါယကာ၊ ဘုရားဒါယိကာမများဖြစ်ကြသည်" ဟု ယူဆသည်။ သို့အတွက် မြွေကြီးများ၏ ပုံတူပြုလုပ်ရန် စီစဉ်ခဲ့သည်။ ထို့နောက် "ဒေါင်းတံဆိပ်သံစိမ်းအလုပ်ရှင်" ပိုင်ရှင် ရွှေခတ်သံရည်ကျိုနာမည်ကျော် ဖိုထောင်ဆရာကြီး ဦးဝင်းအား တောင်ပေါ်သို့အရောက် ခေါ်ယူပြီး ကျောင်းအောက်ရှိမြွေကြီး နှစ်ကောင်တို့ကိုပြသ၍ ပုံတူသွန်းလောင်းစေခဲ့သည်။ မြွေကြီးနှစ်ကောင် ပါးပြင်ထောင်နေသည့်ပုံမှာ ရန်မူနေပုံမဟုတ်ပါ။ မြွေတို့၏ သဘာဝအလှကို ပေါ်လွင်စေရန် ရသေ့ကြီး၏ အကြံပြုစီစဉ်ပေးမှုဖြင့် ဖိုထောင်ဆရာကြီးဦးဝင်းက ၎င်း၏ နာမည်ကြီး တပည့်များဖြစ်ကြသော (၁)ဦးမောင်ကြီး (၂) ဦးလှဘော်၊ (၃) ဦးအောင်တင်တို့ဖြင့် ဝိုင်းဝန်း၍ သံရည်ကျိုပုံစံကို အနုပညာစွမ်းဖြင့် လက်စွမ်းပြပုံဖော်ထားခဲ့သည်။ မြွေကြီးနှစ်ကောင်၏ ပုံမှာလှပ၍ အနုပညာမြောက်ပြီး ပြည်တွင်း ဘုရားဖူးများနှင့် နိုင်ငံတကာခရီးသွားဧည့်သည်များကို ဆွဲဆောင်လွှမ်းမိုးထားသည်။ ပြည်တွင်း ဘုရားဖူးများကမူ မန္တလေးတောင်စောင့် မြွေကြီးများဟုယုံကြည်ကြပြီး ကြက်ဥများတင်သခြင်း၊ အလှူငွေများလှူဒါန်းခြင်း၊ အမှတ်တရ ဓာတ်ပုံများရိုက်ခြင်းများ ပြုလုပ်ကြသည်။ အများစုကမူ လှူဒါန်းမှုပြုပြီး မြွေကြီးနှစ်ကောင်၏ ဦးခေါင်းကို လက်ဖြင့်ပွတ်သပ်ကာ လိုရာများကို အဓိဋ္ဌာန်ပြုလေ့ရှိသည်။

ယခုအခါတွင် မန္တလေးတောင်သို့ ဘုရားဖူး လာသူများ မြွေကြီးနှစ်ကောင်ထံအရောက် သွားကာလှူဒါန်းခြင်း၊ ဆုတောင်းခြင်၊ မြွေကြီးနှစ်ကောင်နှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကူးမှု ပြုသူများပြားလျက်ရှိပြီး မန္တလေးတောင်ပေါ်မှ မြွေကြီးနှစ်ကောင်သည် သမိုင်းဝင်ရုပ်တုအဖြစ် မန္တလေးတောင်၏ ဂုဏ်ကိုဆောင်နေလျက်ရှိသည်။

**တိမ်တမန်**

# သန်လျင်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၅**

ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အမှတ် ၆၀ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးစောမိုရှေးနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန အငယ်တန်းစာရေးဦးကျော်ဌေး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ကြီးကြပ်ရေးမှူး ဦးကျော်ဆွေနှင့် အဖွဲ့ဝင်များ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၄ ရက် နံနက်၉ နာရီက ကျိုက်ခေါက်ဘုရားလမ်း မြန်မာ့စီးပွားရေးဘဏ်ရုံးရှေ့၌ ယာဉ်စည်းကမ်းလမ်းစည်းကမ်း လုပ်ငန်းများ စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်း ယာဉ်မောင်းလိုင်စင်မရှိ တစ်ဦးထက် ပိုမိုတင်ဆောင်စီးနင်းသည့် ယာဉ်မောင်း ၃၆ ဦးနှင့် ဆိုင်ကယ်နောက်လိုက်ပါစီးနင်းသူ ၁၈ ဦးတို့အား စစ်ဆေးတွေ့ရှိပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသည့် ဆိုင်ကယ်မောင်းသူများနှင့် လိုက်ပါစီးနင်းသူများအား အမှတ် ၆၀ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး၌စုစည်းပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေပြဋ္ဌာန်းချက်များ ပြစ်ဒဏ်များအား သိရှိလိုက်နာဆောင်ရွက်ရေး တာဝန်ရှိသူများက ပညာပေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**သက်နိုင် (ပြန်/ဆက်)**

# အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကျင်းပ

**ပုလဲ ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အခြေခံပညာအထက်တန်း၊ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးဌေးလွင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အမျိုးသားနေ့အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်အောင်နှင့် အားလပ်ချိန်မှာ စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်များရရှိလာအောင် ရည်ရွယ်ပြီး ယခုလိုပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ (၉၅)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဒီဇင်ဘာ ၆ ရက် အမျိုးသားနေ့၌ အသီးသီးဆုရရှိသူများအား ဆုများကို ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးအပ်သွားခဲ့ကြောင်း အဆိုပါပညာရေးမှူးကပြောသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# တက္ကသိုလ်ဝင်တန်းအောင်ချက် မြင့်မားရေးစခန်းသွင်းလေ့ကျင့်ပေး

**တွံတေး ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

တွံတေးမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ခြောက်ကျောင်းနှင့်အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကိုးကျောင်း စုစုပေါင်း ၁၆ ကျောင်းမှ ကျောင်းအုပ်ကြီးများနှင့် မြို့နယ်ပညာရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့အထောက်ကူပြုကော်မတီဝင်များ၊ လုပ်ငန်းရှင်အလှူရှင်များ တွေ့ဆုံညှိနှိုင်းဆွေးနွေးပြီး သက်ဆိုင်ရာကျောင်း ၁၆ ကျောင်းတွင် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားလာစေရန်အတွက် ဒီဇင်ဘာ ၁ ရက်မှ စတင်၍ စခန်းသွင်းလေ့ကျင့်ပြီး စာကျက်ဝိုင်းများကို တက္ကသိုလ်ဝင်စာမေးပွဲပြီးသည့် အထိလေ့ကျင့်ပေးသွားမည်ဖြစ်သည်။

**မျိုးလှိုင်(တွံတေး)**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## သာစည်မြို့နယ်တရားရုံး၌
## ၂၀၁၅-ခုနှစ်၊ တရားမကြီးမှုအမှတ်-၉

ဦးဟာစံ( ခ) ဦးဘိုတိုး — နှင့် —
၁။ ဦးလွတ်ကမန်
၂။ ဒေါ်ညို
၃။ ကိုစိုးသက်ဦး(ခ)ယာစင်
၄။ ကိုငြိမ်းချမ်း
၅။ ကိုနိုင်နိုင်ဦး(ခ)အီးတီ
၆။ ကိုကျော်မင်းဦး(ခ)ကာဒစ်
၇။ မနွေနွေဦး(ခ)မချိုမိုင်ဒါ
၈။ မဆိုကီ
၉။ မောင်ဖိုးခွား

တရားလို — တရားပြိုင်များ

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ လောခမရပ်ကွက်၊ ယင်းမာလမ်း၊ အိမ်အမှတ်(၂၄၅)နေ ကိုနိုင်နိုင်ဦး(ခ)အီးတီ နှင့် မောင်ဖိုးခွားတို့ကို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ၊ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေ နှင့်ပါ၍ဖြစ်စေ၊ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၁၈ရက်(၁၃၇၇ခုနှစ်၊ နတ်တော်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၂၃ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မာဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**သာစည်မြို့နယ်တရားရုံး**

---

## သထုံမြို့နယ်အသင်း(ရန်ကုန်)
## ပညာသင်ထောက်ပံ့ကြေး လျှောက်လွှာခေါ်ယူခြင်း

သထုံမြို့နယ်အသင်း(ရန်ကုန်) ၂၀၁၅-၂၀၁၆ပညာသင်နှစ် ထူးချွန်ထက်မြက်ပြီး ပညာသင်စရိတ်အခက်အခဲရှိသော အသင်းဝင်သားသမီးများကို သက်ဆိုင်ရာတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားနိုင်ရန်အတွက် ပညာသင်ထောက်ပံ့ကြေးများကို ထောက်ပံ့ပေးမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၁၁-၁၂-၂၀၁၅ရက်မှ ၁၃-၁၂-၂၀၁၅ရက်ထိ နံနက် ၈နာရီမှ ၁၁နာရီအတွင်း မဟာဝိဇယစေတီ ဓမ္မရက္ခိတကုန်းတော်ရှိ သထုံမြို့နယ်အသင်း(ရန်ကုန်) ဓမ္မာရုံသို့ လျှောက်လွှာများ လာရောက်ထုတ်ယူနိုင်ပါသည်။

အသင်းမဝင်ရသေးပါက ၎င်းရက်အတွင်း အသင်းဝင်နိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(၁) ဦးတင်ထွန်း ဖုန်း-၀၉-၅၁၆၆၇၅၈ (၄) ဦးခင်မောင်အေး-၀၉ ၇၃၁၅၀၈၄၃
(၂) ဗိုလ်ကြီးတင်ထွန်း(ငြိမ်း)-၀၉-၅၀၂၅၃၃၈ (၅) ဦးမြင့်ဦး-၀၉-၅၁၄၀၁၅၀
(၃) ဒေါ်ချိုချို-၀၁၅၁၀၇၅၈ (၆) ဦးကျော်မင်းထွေး-၀၉၅၀၀၈၉၂၅

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၇)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၁-က၊ မြေကွက်အမှတ်-၂၂/က၊ အကျယ်အဝန်း ပေ(၂၀×၅၅)ရှိ မြေကွက်ကို မူလအမည်ပေါက် ပိုင်ရှင် ဦးသစ်ချမ်း[၁၂/မဂဒ(နိုင်)၀၉၉၈၀၂]၊ ယခုလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်အေးသီတာ [၁၂/မဂဒ (နိုင်)၀၉၈၂၈၆]ထံမှ ဦးကျော်ကိုနိုင်[၁၂/မဂဒ(နိုင်)၀၀၃၉၅၉]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးကျော်ကိုနိုင်[၁၂/မဂဒ(နိုင်)၀၀၃၉၅၉]**
**ဖုန်း-၀၉၄၅၀၃၈၁၁၆၆**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) (ကျန်းမာရေးမှူး-၄)
## (လစာနှုန်းထား ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)
## ရာထူးနေရာအတွက် လျှောက်လွှာများခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲများတွင် လစ်လပ်လျက်ရှိသော ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)(ကျန်းမာရေးမှူး-၄) ရာထူးနေရာများတွင် ဝန်ထမ်း(၃၀၀၀) ဦးခန့်ထားနိုင်ရေးအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများသည် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးများတွင် လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)(ကျန်းမာရေးမှူး-၄)ရာထူးအတွက်-

၁။ လျှောက်ထားသူသည်အခြေခံပညာအထက်တန်းစာမေးပွဲကို (က)အဆင့်ဖြင့် အောင်မြင်ထားသူဖြစ်ရမည်။
၂။ လျှောက်လွှာပိတ်ရက်တွင် အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
၃။ လျှောက်ထားသူများသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပိတ်ရက်တွင် အသက်(၃၀)နှစ်ထက်မကြီးသူဖြစ်ရမည်။ သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးထံမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပါသည်။
၄။ ရွေးချယ်ခံရပါက ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)အဖြစ် အနည်းဆုံး(၂)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး (၂)နှစ်မပြည့်မီ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်လိုပါက လျော်ကြေးငွေ ကျပ်(၁)သိန်းပေးသွင်းပြီးမှ နုတ်ထွက်ခွင့်ပြုမည်ဖြစ်ပါသည်။
၅။ လျှောက်လွှာပိတ်ရက်မှာ ၂၈-၁၂-၂၀၁၅ရက် (တနင်္လာနေ့) ဖြစ်ပါသည်။
၆။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂-၁-၂၀၁၆ရက်(စနေနေ့)တွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များ၌ တစ်ပြိုင်နက်တည်း ကျင်းပဆောင်ရွက်မည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲတွင် အခြေခံပညာအထက်တန်းအဆင့် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတကိုပေါင်း၍ မေးခွန်းလွှာတစ်ခုတည်းနှင့်စစ်ဆေးမည်ဖြစ်ပြီး ဖြေဆိုချိန် (၂) နာရီဖြစ်ပါသည်။
၇။ နှုတ်ဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူစာရင်းကို ၈-၁-၂၀၁၆ရက်(သောကြာနေ့)တွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးများတွင် ကြေညာမည်ဖြစ်ပြီး နှုတ်ဖြေစာမေးပွဲကို ၁၁-၁-၂၀၁၆ရက်(တနင်္လာနေ့)မှ စတင်၍ ကျင်းပမည်ဖြစ်ပါသည်။
၈။ ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲ အောင်မြင်သည့် ပုဂ္ဂိုလ်များကို သက်ဆိုင်ရာ မြို့နယ်အလိုက် လစ်လပ်သည့်နေရာများတွင် ဘက်စုံအခြေခံကျန်းမာရေးဝန်ထမ်း လစာနှုန်း (၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀) အဖြစ် အစမ်းခန့်ထားမည်ဖြစ်ပါသည်။
၉။ ဘက်စုံ အခြေခံကျန်းမာရေးဝန်ထမ်းများအဖြစ် ခန့်အပ်ခြင်းခံရပြီးပါက တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် ဖွင့်လှစ်မည့် တိုင်းဒေသကြီး/ပြည်နယ် အခြေစိုက် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)သင်တန်းကို On Duty ဖြင့် အချိန်ပြည့် တက်ရောက်ရမည် ဖြစ်ပါသည်။ သင်တန်းပြီးမြောက်အောင်မြင်ပါက ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) (ကျန်းမာရေးမှူး-၄) (လစာနှုန်းထား-၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားပေးမည်ဖြစ်ပါသည်။
၁၀။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များ ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးများတွင် မေးမြန်း စုံစမ်းနိုင်ပါသည်။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကြော်ငြာ


### လေးမျက်နှာမြို့နယ် ကျက်သရေဆောင် သံသရာငြိမ်းအေးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်လေလံကြော်ငြာ
### ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်လေးမျက်နှာမြို့

၁။ သံသရာငြိမ်းအေးစတုမုခဇေယျသိဒ္ဓိစေတီတော်မြတ်ကြီး၏ သတ္တမအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၇ခုနှစ်၊ တပို့တွဲလဆန်း(၉)ရက်မှ တပို့တွဲလပြည့်ကျော် ၄ရက်အထိ ၁၇-၂-၂၀၁၅ရက်မှ ၂၇-၂-၂၀၁၅ရက်အထိ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ညစဉ် ဓမ္မပူဇာပွဲများ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲ၊ ထမနဲထိုးပွဲ၊ နိဗ္ဗာန်ဈေးများ၊ ကြည့်ချင်ဖွယ်ရာ အစုံအလင်ဇာတ်သဘင်ပွဲများနှင့် နှစ်စဉ်နှစ်တိုင်းကဲ့သို့ အောင်မြင်စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ပွဲတော်ရက်များအတွင်း ဇာတ်သဘင်၊ ကြည့်ချင်ပွဲများ၊ ပွဲတော်ဈေးဆိုင်ခန်း၊ ယာဉ်ရပ်နားစခန်း၊ ရေမီးမိလ္လာအစရှိသောလုပ်ငန်းများအား ၃၁-၁၂-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၉နာရီတွင် စေတီတော်မြတ်ကြီးဝင်းအတွင်း ဂေါပကရုံးခန်း၌ လေလံဆွဲဝယ်ယူ လုပ်ကိုင်သွားနိုင်ကြောင်း ကြေညာအပ်ပါသည်။

ဂေါပကအဖွဲ့
မြို့နယ်ကျက်သရေဆောင်သံသရာငြိမ်းအေးစေတီတော်မြတ်ကြီး၊ လေးမျက်နှာမြို့
ဖုန်း-၀၉-၄၂၂၄၆၉၈၁၄၊ ၀၉-၄၉၇၆၆၆၈၇၊ ၀၉-၈၅၈၀၈၀၃၊ ၀၉-၈၆၂၆၅၂၂



"Nice" ဖြစ်သည့်ခရီးစဉ် "Fair" ဖြစ်သည့်ဈေးနှုန်း များနှင့်အတူ ဒီဇင်ဘာအားလပ်ရက်မှာ "Nice Fare Travel" နှင့်ခရီးသွားကြစို့......

"ခန်ကောင်း၊ ပတ္တရား" (5N/6D) 23 Dec - 28 Dec (Nok Air) Hotel ****
"စင်ကာပူ၊ မလေးရှား" (7N/8D) 26 Dec - 02 Jan (Singapore Airline) Hotel ****
"စင်ကာပူ၊ အင်ဒိုနီးရှား" (4N/5D) 26 Dec - 02 Jan (Singapore Airline) Hotel ****

မြတ်သောဓမ္မတ္တာစေတနာဖြင့် ရတနာသုံးပါး သန္ဓေပွားစေဖို့ ... နှင့် ဗုဒ္ဓဂယာဘုရားဖူးသွားကြစို့ ——

အထူးခရီးစဉ် - ၃ညအိပ်၄ရက် (ပွင့်) ဒီဇင်ဘာ ၂၃ရက်မှ ဒီဇင်ဘာ ၂၆ရက်ထိ
၁၄ညအိပ် ၁၅ ရက်ခရီးစဉ် (ဖွားပွင့်၊ဟောစံ၊နယူးဒေလီ၊တာ့ချ်မဟာ Hotel ၂ညအိပ်) ဖေဖော်ဝါရီ ၂၉ရက်မှ မတ်လ ၁၄ရက်ထိ

ခရီးစဉ်အသေးစိတ်သိရှိလိုပါက –
Nice Fare Travel Co., Ltd.
မန္တလေးအလင်း ဓါရိုက်တာ ဦးသိန်းဝင်းထွန်း ၀၉၅၃၃၃၃၀၉၈
Phone - 01-255699, 09-788773010, 09-960256000, 09-73240366



**"Get Healthy Life Style Live With GREEN FLOOR"**

NEW — 10% Discount Until 31st December (Limited Qty)

NOVALIS INNOVATIVE FLOORING

USA မှ Indoor Air Quality/VOC အတွက် (Floor Score) လက်မှတ်နှင့် Germany မှ Heavy Metal Test (AGBB) လက်မှတ် ရထားပြီး သင့်ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်နိုင်သည့် ဖော်မလင် မပါရှိသောကြောင့် အလုံပိတ် အခန်းများနှင့် Air Con ခန်းများတွင် သုံးနိုင်ပါသည်။

Green Label SINGAPORE
GreenStep (Green Step Asia Award 2014-15)

- 100% ရေစိုခံ (၁၀)နှစ်အာမခံ၊ အရောင် (၁၀) မျိုး
- ကြမ်းခင်း၏သက်တမ်း ၂၅နှစ်++
- ရန်ကုန်မြို့တွင်း နမူနာလာပြပေးပြီး အခမဲ့ပို့ဆောင် တပ်ဆင်ပေးသည်။

မြန်မာပြည် တစ်ဦးတည်းကိုယ်စားလှယ်
Call 09-421029415, 09-972564111
Welflex Co., Ltd.



### သီတာချမ်းမြေ့ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ၁၀ တန်း အနီးကပ်စခန်းသွင်းစာသင်စာကျက်
အမှတ်(၃၆၅)၊ ပ-ထပ်၊ မဟာဗန္ဓုလလမ်း၊ ၃၈-လမ်းနှင့် ဆိပ်ကမ်းသာလမ်းကြား၊ ကျောက်တံတားမြို့နယ်။ ဖုန်း - ၀၉ ၂၅၂၂၂၇၀၉၅၊ ၀၉ ၇၈၀၄၂၉၃၉၆



### ကိုသန့်ဇင် CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph: 09-43117680, 09-5059821



### ဝန်ထမ်းအလိုရှိသည်
- စားသောက်ဆိုင်စီမံကွပ်ကဲကြီးကြပ်ရေးမှူးကျွမ်းကျင် (၂)ဦး
- စားပွဲထိုးကြီးကြပ်ရေးမှူး Supervisor ကျွမ်းကျင် (၂)ဦး
- ဥယျာဉ်မှူး (၁)ဦး

ဆက်သွယ်ရန်ဖုန်း **09-5033704, 09-541885, 09-2000866, 09-5131294**



### ပျောက်ဆုံးကြောင်း
ကျွန်တော် ကိုမျိုးမြင့်ကျော် [၁၄/ရကန (နိုင်) ၁၃၀၈၁၈] ၏ PP No (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဖုန်း ၀၉-၂၅၄၄၁၁၁၉



### အများသိစေရန်ကြေညာချက်
၁။ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ကျွန်း(၈)လမ်း၊ အမှတ်(၁၈၁၃)တွင် (၆)ထပ်တိုက်အဆောက်အအုံ ဆောက်လုပ်ခွင့်အား ဤဌာန၏ (၂၄-၈-၂၀၁၅)ရက်စွဲပါ စာအမှတ်၊ ၂၀၈၇/၂၀၈၆/ စည်ပင်-ယာ(အုံ)ဖြင့် မြေရှင် ဦးငြိမ်းမောင်(SP) ဒေါ်ခင်မာအေး၊ လိုင်စင်ရကန်ထရိုက်တာ ဒေါ်ခင်မာအေး (LC-902)၊ လိုင်စင်ရအင်ဂျင်နီယာ ဦးကျော်စန်းဝင်း (LS-1691)တို့ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပါသည်။

၂။ ယခုအခါ အဆိုပါ(၆)ထပ်တိုက် အဆောက်အအုံ၏ ဆောက်လုပ်ခွင့်ပြုမိန့်အား ပိတ်သိမ်းခွင့်ပြုပါရန် မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာ နှင့် လိုင်စင်ရအင်ဂျင်နီယာတို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက် နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)



J.O, L.O များစွာမွေးထုတ်ပေးခဲ့သည့် **ဂုဏ် ဥပဒေနည်းပြ**
**L.O ဝင်ခွင့်သင်တန်းဖွင့်ပြီ**
**SAT + SUN 8am-12am** **40000**
အနီးကပ်သင်တန်းထပ်မံကြော်ငြာမည်
အမှတ်-၃၂၅(ပ-ထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ဆရာဦးစိုးမြင့် - 09-73235553, 09-421100898



TMR-012311(1116)
**လေတံခါးကြီး အစာကြေ လေသက်ဆေး**
ဆေးမှုန့်၊ ဆေးလုံး ပုံစံ (၂)မျိုး
လေမစုန်၍ ၊ ငွေကုန်နေသူများ
လေမသက်၍၊ အနေခက်နေသူများ
ခံတွင်းပျက်၍၊ အစားနည်းသူများ
အတွက် 'လေတံခါးကြီး' လာပြီ
0931557657, 0932217514, 09798412500



## EVER UP HUMAN RESOURCES INSTITUTE
ပထမဦးဆုံးဘာသာစုံဂုဏ်ထူးရှင်နှင့် ကမ္ဘာ့အမှတ်အများဆုံးဆုရှင်များ မွေးထုတ်ပေးထားသော abe-UK အသိအမှတ်ပြု College

EVER UP HUMAN RESOURCES INSTITUTE
abe

Myanmar University Students
10th Standard
Executives
→ ABE UK Diplomas → MBA, M.Sc
Final Year of U.K Degrees
Manager & Entrepreneur

UK Qualifications:

- Diploma in Business Management (4 Subjects)
(၁၀) တန်းဖြေဆိုထားသူများ၊ အသက် ၁၆ နှစ်ပြည့်ပြီးသူများ ...
Introduction to Business, Introduction to Quantitative Methods, Introduction to Business Communication, Introduction to Accounting
- Higher Diploma in Business Management (8 Subjects)
မြန်မာပြည်တက္ကသိုလ်များတွင် တက်ရောက်နေသူများ၊ လုပ်သက် (၂) နှစ်ရှိသူများ ...
Quantitative Methods for Business Management, The Business Environment, Financial Accounting, Human Resource Management, Marketing Policy, Planning and Communication, Organisational Behaviour, Managerial Accounting, Managing the Customer Relationship
- Graduate Diploma in Business Management (5 Subjects)
ဘွဲ့ရပြီးသူများ၊ လုပ်သက် (၅) နှစ်ရှိသူများ ...
Corporate Strategy and Planning, Managing in Organisations, International Business Case Study, Strategic Marketing Management, Strategic Human Resource Management

**Enroll Now!!**

ကျောင်းအပ်လက်ခံနေပြီ။ အတန်းသစ်များ ၂၀၁၅ ဒီဇင်ဘာလတွင် စမည်။

**University Credit Transfer အတွက်ဆို abe-UK Group Diploma မှ စိတ်ချရမယ်။**
**Room 402, MGW Tower, Bo Aung Kyaw Street, Botahtaung Tsp., Yangon, Myanmar.**
01-256523, 09 73175137, 09 86 30849

## ကြော်ငြာ

Royal Gandamar
Travels & Tours
ဒီဇင်ဘာ Xmas ခရီးစဉ်များ

1.ပုဂံ-စွယ်တော်(၄)ဆူ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ (၄ရက်) Dec 25 150,000 VIP(2+1) 180,000
2.တောင်ကြီး-အင်းလေး-ကလော-ပင်းတယ (၅ရက်) Dec 24 190,000 VIP(2+1) 220,000
3.အလောင်းတော်ကဿပ-မိုးညှင်းသမ္ဗုဒ္ဓေ-ဖြင်ဦးလွင်-တျော့ကျ်စိမ်းဘုရား Dec 25 175,000
4.ကသား-လှိုင်ကော်-ထီးစမ်း-တောင်ကွဲစေတီ (၄ရက်) Dec 24 140,000
5.မော်လမြိုင်-စက်စိတမ်းခြေ-ကရင်ပြည်နယ်-ဘားအံဂူများ (၃ရက်) Dec 24 95,000

Ph-01-397484, 09-333 53275,09-3659 2255,09-25089 2626

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ရွှောင်းသာ/ငွေဆောင်
Ph:01 707062, 09 799100100
01 703790, 09 797100100

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)
❖ ချောင်းသာ/ငွေဆောင်(နေ့စဉ်)
ဟိုတယ်/ဝရိတ်ကြိုး စီစဉ်ပေးသည်။ ကားစီးလုံးငှားသည်။
Ph: 209077, 209388, 09-73167000, 09-73168000

ကျော်ဝင်းဝင်း
Ph:09-979487772,09-979615861

SH မြင့်သူထက် YU
LO
B.Ed
တိုက် (၃၅) ၃ လွှာ၊ ပေ (၉၀)လမ်း၊ (လှည်းတန်းဈေးနောက်လမ်း)၊ ရန်ကုန်။

## နှစ်(၃၀)ပြည့်ပုလဲရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးလွင်ဦး (နီပေါနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး) နှင့် မေမေ ဒေါ်မြင့်သန္တာတို့၏ ၆-၁၂-၂၀၁၅ ရက် (အမျိုးသားနေ့)တွင် ကျရောက်သော နှစ်(၃၀) ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် ရတုများစွာ အကြင်နာမပျက် လက်ချင်းဆက်၍ လောကီ၊ လောကုတ္တရာ နှစ်ဖြာကောင်းကျိုး တူသယ်ပိုးလျက် ကာယစိတ္တသုခ ချမ်းသာ ပြည့်စုံပါစေကြောင်း ချစ်သား၊ ချစ်သမီးတို့က ဆုမွန်ကောင်းပို့သလျက်---

| | |
|---|---|
| ချစ်သား | - ဦးဇော်လင်းထိုက်M.D(THIT MIN YADANAR Co.,Ltd)- |
| | ချစ်သမီးကြီး ဒေါ်ဟန်သီလွင် (Standard Plastic Factory) |
| ချစ်သားငယ်လေး | - ကိုဆက်မော်လွင်ဦး 2nd Mate Officer (MTM Princess) |
| ချစ်မြေးလေး | - မရှင်းရန့်အိမ်-သားငယ်လေး |

## (၃၈)နှစ်မြောက်မင်္ဂလာနှစ်ပတ်လည် မင်္ဂလာဆုတောင်း

၅-၁၂-၇၇ (အမျိုးသားနေ့)တွင် တစ်ဦးအပေါ်တစ်ဦး ချစ်မြတ်နိုးပြီး မေတ္တာ သက်ဝင် ရွှေလက်တွဲခဲ့ကြသော ချစ်ဖေဖေ(Cap ဦးမြင့်လွင် Asian Lift, S'Pore)နှင့် ချစ်မေမေ ဒေါ်မေနီလွင်(Australia)တို့ ယနေ့ ၆-၁၂-၂၀၁၅ရက်တွင် မင်္ဂလာသက်တမ်း (၃၈)နှစ်တိုင်ခဲ့ပါပြီ။ မိသားစုနှင့် လူတိုင်းအပေါ် အလွန်ချစ်တတ်သော ဖေဖေနှင့် မိသားစုနှင့်လူတိုင်းအပေါ် နားလည်၊ သည်းခံ၊ ခွင့်လွှတ်တတ်ပြီး မေတ္တာ၊ ကရုဏာကြီးမားစွာဖြင့် ချစ်တတ်သောမေမေတို့ ယနေ့မှစ၍ ဆံဖြူသွားကျိုး နှစ်(၁၀၀)တိုင် မခွဲမခွာရွှေလက်တွဲ၍ ဘာသာ၊ သာသနာအကျိုး သယ်ပိုးထမ်းဆောင်နိုင်ပြီး ချစ်သားသမီးများ၊ ချစ်မြေးများနှင့်အတူ ဘဝကို မိသားစုစည်းစည်းလုံးလုံးနဲ့ ဘေးပယောဂ၊ အနှောင့်အယှက်မှန်သမျှ ကင်းဝေးပြီး အေးချမ်း၊ ပျော်ရွှင်၊ ငြိမ်းချမ်းစွာဖြင့် ဖြတ်သန်း နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

| | |
|---|---|
| ချစ်သားကြီး | - ကိုမိုးမြင့်လွင်(CPA-Australia) |
| ချစ်သမီး | - ကိုအောင်သက်ဦး(B.E Civil)-မဇင်မာလွင် |
| ချစ်သားငယ် | - မောင်ဖြိုးအောင်ဦး |
| | ( Year-12) (Donside Technology High School Australia) |
| ချစ်မြေးကြီး | - မောင်စိုးခိုင်လင်း (Grade-2-E) အထက(၁)ဒဂုံ၊ |
| ချစ်မြေးငယ် | - မနှင်းယုအောင် |

လှိုင်မင်းလက် ဒီဇင်ဘာ 19 စမည် June Series / 2016
LCCI, MYOB, IFR

| Level I+II | သင်တန်းချိန် | Level III | |
|---|---|---|---|
| Sec(A) Sat+Sun | 7-9 (am) | Sec(A) Sat-Sun | 3-8 pm |
| Sec(B) Sat+Sun | 9-11 (am) | Sec(B) Wed-to-Sun | 6-8 pm |
| Sec(C) Sun | 11-3 (pm) | Sec(C) Tue-to-Fri | 8-12 am |
| Sec(D) Mon+Tue | 6-8 (pm) | | 09 510 9922 |
| Sec(E) Sat | 11-3 (pm) | | 0979 510 9922 |
| Sec(F) Fri | 12-4 (pm) | | 0997 510 9922 |
| Sec(G)Mon to Fri | 12-3(pm) | | |

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-730 97123
09-450026077

စိန်နန်းတော်
Diamonds & Fine Jewelry
Grand Lucky Draw Program
Grand Prize ငွေသား ကျပ်သိန်း (၁၀၀)
* ငွေသား ကျပ် (၂၅) သိန်း
* ငွေသား ကျပ် (၁၀) သိန်း
* ငွေသား ကျပ် (၃) သိန်း – ၅ ဆု
* ငွေသား ကျပ် (၂) သိန်း – ၁၀ ဆု
* ငွေသား ကျပ် (၁) သိန်း – ၁၅ ဆု
Grand Lucky Draw Myanmar Plaza (HAGL) Promotion Area

GRAND OPENING
12nd & 13th December 2015
Myanmar Plaza (HAGL)
Special Discounts
5% - 30% off





(၁) စိန်နားကပ် (၅) ရန်
(၂) စိန်ဆွဲသီး (၁၀) လုံး
(၃) စိန်လက်စွပ် (၁၅) ကွင်း
(၄) ရွှေဆွဲပြား (၁၀၀) ပြား
(၅) ပလက်တီနမ်နားကပ်၊ ဆွဲသီး၊ လက်စွပ် အစုံ (၂၀၀) နှင့်
အခြားအဖိုးတန်ဆုမဲပေါင်းများစွာ

Grand Opening Program
Miss Supranational Myanmar
December
• Super Model Fashion Show • Dancer

## "မိဘမေတ္တာ သုံးထပ်ဓမ္မဗိမာန်တော်ကြီး ကျောင်းလွှတ်ပူဇာ ရေစက်ချမင်္ဂလာ ဖိတ်ကြားလွှာ"

မိဘမေတ္တာဆရာတော် ဒေါက်တာအရှင်ဝိသုဒ္ဓါစာရ(ပရဟိတစရ)၏ ဓမ္မပူဇာများ၊ မတည်အလှူရှင်များ၊ စုပေါင်း အလှူရှင်များ၊ အပြီးသတ်အလှူရှင်များတို့မှ လှူဒါန်းဆောက်လုပ်ခဲ့ပါသော "မိဘမေတ္တာဓမ္မဗိမာန်တော်ကြီး"သည် ပြီးစီးသွားပြီဖြစ်ပါ၍ သာသနာတော်မြတ်ကြီးသို့ လှူဒါန်းပြီး၊ ကျောင်းလွှတ်ပူဇာ ရေစက်ချမင်္ဂလာပွဲကို ၂၀-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် ပြုလုပ်ပါမည်။

လှူဒါန်းထားသော အလှူရှင်များကိုယ်တိုင် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်၍ ရေစက်ချ လှူဒါန်းနိုင်ပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

မိဘမေတ္တာဆရာတော်
ဒေါက်တာအရှင်ဝိသုဒ္ဓါစာရ(ပရဟိတစရ)
ရွှေပြည်သာရွာမကျောင်းတိုက်
မဇ္ဈိမသုခလမ်း၊ ၁၂-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။


**GOLDEN STAR** ခရီးသွားလုပ်ငန်း
ဂျာမနီ နိုင်ငံထုတ် MAN အဆင့်မြင့် ကားများဖြင့် ...
ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
Ph: 209200, 544383, 430480, 705968, 703448

ဆုပြည့် 0931815390,0931815395,09792432296
ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင် — 6+1 FREE & Gift ဒီဇင်ဘာ
Dec 11, 18, 24 (စရိတ်ငြိမ်း) အထူးခရီးစဉ်
မန္တလေး၊ပြင်ဦးလွင်၊ကျောက်စိမ်းဘုရား၊ရေပြာအိုင်၊ မော်လမြိုင်၊ကျိုက်မီ၊စက်စဲနွားသပိုး ထောင်၊(ကျိုက်ထီးရိုး) — Dec 24-27 (စရိတ်ငြိမ်း)
တပ္ပကာ၊အသင်းအဖွဲ့များအတွက် ဈေးနှုန်းသက်သာစွာဖြင့် ကားငှါးရမ်းရနိုင်ပါသည်။

**MDT MYANMAR DOMESTIC TRAVELLERS**
# မြဝတီ - မဲဆောက် ဈေးဝယ်ခရီးစဉ် - ၂၃ ဒီဇင်ဘာ
# တောင်ကြီး - အင်းလေး - ပင်းတယ - ကလော - ၂၃ ဒီဇင်ဘာ
# မန္တလေး - ပြင်ဦးလွင် - ဒီးဒုတ် - ကျောက်စိမ်းဘုရား - ၂၄ ဒီဇင်ဘာ
# ပုဂံ - ပုပ္ပါး (စွယ်တော်လေးဆူ) - ၂၄ ဒီဇင်ဘာ
# ချောင်းသာခရီးစဉ် - ၂၄ ဒီဇင်ဘာ
ဆက်သွယ်ရန်ဖုန်း - ၀၉ ၄၂၀၀ ၆၁၇၄၃, ၀၉ ၄၂၈၁၈ ၂၈၄၃, ၀၉ ၈၇ ၄၂၃ ၁၂၉၀, ၀၉ ၇၈၅၇ ၉၂၆၁၃, ၀၉ ၂၅၀၀ ၁၃၀၆၁, ၀၉ ၇၈၀၉ ၉၉၀၁၄

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
၁။ လှည်းကူးမြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (G)ဥယျာဉ်မြေကျူပြီး၊ ရေပါ-မီးရှိ၊ (40'x60') (80)သိန်း၊(120)သိန်း
၂။ (1)ထပ်တိုက်၊ (625 sqft)၊ ရေမီးစုံ (180)သိန်း
Ph: 09-448012251, 09-450378377, 09-421161198

ဘိုးဘွားပိုင်၊ အမည်ပေါက်၊ တန်အောင်ရောင်း
မရမ်းကုန်း၊ ပါရမီ၊ မြတ်ဝတ်ရည် (၅)လမ်း၊ မြေ(၇၄×၅၄/၇၄×၆၂)၊ ရေမီး။ ရောင်းဈေး (၅၇၀၀)သိန်း အကျိုးဆောင်(၁%)၊ ကြော်ငြာမလို
ဖုန်း ၀၉-၅၀၂၀၄၂၂၊ ၀၉-၅၀၄၈၂၆၇၊ ၀၉-၇၉၅၈၉၆၀၂၀

တိုက်ခန်း/ဂိုဒေါင်ငှား
လှည်းတန်း၊ ဦးထွန်းလင်းခြံလမ်း၊ ဒု-ထပ်၊ (၃)လွှာ၊ ၂၄×၇၅ ငှား၊ သင်တန်းကျောင်း၊ ကုမ္ပဏီ။ (၈)သိန်း
မြေ(၁၂၀×၈၀)ပေါ်ဂိုဒေါင်၊ ပေ(၄၀×၆၀)၊ (၃၀×၅၀)နှစ်လုံး၊ (၄၄၀)ပါဝါ၊ ရေ အထည်ချုပ်နှင့်အခြားသုံး၊ အင်းစိန်၊ ဖော့ကန်။
ဖုန်း ၀၉-၅၀၂၀၄၂၂၊ ၀၉-၅၀၄၈၂၆၇၊ ၀၉-၇၉၅၈၉၆၀၂၀






အဋ္ဌမတန်း **STUDENT'S GUIDE**
**MATHEMATICS**
**COMPLETE REVISION**
ပုစ္ဆာအားလုံးကို အမှတ်ပြည့်ရယူနိုင်ဖို့ အဆင့်မကျော်ဘဲ အမှတ်ပေးစည်းမျဉ်းနှင့်အညီ စနစ်တကျ တွက်ချက်ပေးထားတဲ့အတွက် အဋ္ဌမတန်း ကျောင်းသား၊ ကျောင်းသူများ အထပ်ထပ်လေ့ကျင့်ခြင်းဖြင့် ရာပြည့်အမှတ် ဆွတ်ခူးနိုင်မှာ ဖြစ်ပါတယ် . . .
ထွက်ပြီ
**Saya Patrick**
အမှတ် (၃၉)၊ ၄၄-လမ်း၊ ဗိုလ်တထောင်မြို့နယ်။ Ph - 01-296110, 398557, 8610088, 09-73001442

CONNECT Institute
Study in Myanmar, Graduate in America.
International Studies Program(ISP) Seminar
DATE : 11 Dececember, 2015 (Friday)
TIME : 10 - 11:30AM
LOCATION : 3A Pansodan Business Tower

**USA University Seminar**
California State University MONTEREY BAY | DeAnza College | FOOTHILL COLLEGE | Berkeley College
တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ/ အောင်မြင်ပြီးသူများ IGCSE; တက္ကသိုလ်ကျောင်းသားများ/ ဘွဲ့ရပြီး ကျောင်းသားများ
- တက္ကသိုလ်ဝင်ခွင့်၊
- ပညာသင်ဆုရရှိခွင့် (Upto 50%)
- နောက် (၄) နှစ် အတွင်း တက္ကသိုလ် မှ ဘွဲ့ရရှိနိုင်မည့်အခွင့်အရေး
USA
In Science, Engineering, IT, Business, MBA, Finance, Marketing & More!
Opportunity to meet University Admission Officials
- ဂျပန်နိုင်ငံ တက္ကသိုလ် မှ ဒီပလိုမာနှင့် ဘွဲ့အတွက်စိတ်ကြိုက်ဘာသာရပ်ရွေးချယ်ခွင့်၊
- အချိန်ပြည့်အလုပ်အကိုင် အခွင့်အရေးတို့အတွက်
- မြန်မာနိုင်ငံ City College Yangon မှပါရင့် ဂျပန်ဆရာထံ $N_5$ နှင့် $N_4$ Level သုံးလစီ (ကြားရက်၊ ပိတ်ရက်) အတန်းများ တက်ရောက်နိုင်ပါသည်။
- ဂျပန်နိုင်ငံ ရှိရုံးခွဲများမှ အပြည့်အဝပံ့ပိုးပေးပါမည်။
Japan
Opportunity to meet Japan Int'l Students Committee (JISC) President
Academic Telesis — We Build Your Dream — academictelesis.com
CITY COLLEGE
Date: Dec 12, 12 pm, Yangon International Hotel
No. 330, Ahlone Rd., Corner of Ahlone & Pyay Rd
Call: 09-263 105 249, 09-795 367 475, 09-73 205 503
Office: 34, 3rd (B) Fl., Ma Po St., Myaynigone, Sanchaung.

## ကြော်ငြာ

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး**
**ဦးညွန့်မောင်(ဇီးကုန်းမြို့)**
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ မြသီတာအိမ်ရာ၊ အမှတ် (1A-57)နေ (ဒေါ်ခင်ကြည်)၏ ခင်ပွန်း၊ ဦးညဏ်ဝင်း (ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့)-ဒေါ်မြင့်မြင့်စိုး၊ ညီမ ဒေါ်လှလှကြည် (ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး)တို့၏ ဖခင်သည် ၃-၁၂-၂၀၁၅ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**CB BANK**

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး**
**ဦးညွန့်မောင်(ဇီးကုန်းမြို့)**
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ မြသီတာအိမ်ရာ၊ အမှတ်(1A-57)နေ (ဒေါ်ခင်ကြည်)၏ ခင်ပွန်း၊ ဦးညဏ်ဝင်း (ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့)-ဒေါ်မြင့်မြင့်စိုး၊ ညီမ ဒေါ်လှလှကြည် (ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး)တို့၏ ဖခင် သည် ၃-၁၂-၂၀၁၅ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**CB BANK**

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး**
**ဦးညွန့်မောင်(ဇီးကုန်းမြို့)**
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ မြသီတာအိမ်ရာ၊ အမှတ် (1A-57)နေ (ဒေါ်ခင်ကြည်)၏ ခင်ပွန်း၊ ဦးညဏ်ဝင်း (ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့)-ဒေါ်မြင့်မြင့်စိုး၊ ညီမ ဒေါ်လှလှကြည် (ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး)တို့၏ ဖခင်သည် ၃-၁၂-၂၀၁၅ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**ကေတုမတီ ကုမ္ပဏီလီမိတက်**

### ဝမ်းနည်းကြေကွဲခြင်း

အမှတ်(၆၆/၇၄)၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ အမျိုးသားပြတိုက်ဝင်းအတွင်း၊ ဝန်ထမ်းအိမ်ရာနေ ဦးစိုင်းကိုကိုလေး-ဒေါ်နန်းလောဝ်ငင်း (ညွှန်ကြားရေးမှူး၊ အမျိုးသားပြတိုက်၊ ရန်ကုန်)တို့၏ မိခင် ဒေါ်ကြင်ထွေး(မူ/ပြ-ငြိမ်း၊ အထက-၂၊ တောင်ကြီး) အသက်(၇၆)နှစ်သည် ၄-၁၂-၂၀၁၅ရက် နံနက် ၃း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားပြတိုက်(ရန်ကုန်)ဝန်ထမ်းများ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျိုက်လတ်လမ်း၊ တိုက်အမှတ်(၁၉) ပထမထပ် ခေါင်းရင်းခန်းရှိ ဒေါ်နန်းကေသွယ်[၁၃/လရန(နိုင်)၀၃၁၄၉၇] ပိုင်ဆိုင်သော အခန်းအား အပြီးအပိုင်ရောင်းချရန် စရန်ငွေ(တန်ဖိုး၏တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှစတင်၍ တစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ ထိုနေ့ရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်ခြင်းမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးဆွေ[၈/ကမန(နိုင်)၀၀၉၉၈၇]**
**အမှတ်-၃၁၅(က)၊ မဲတီးလမ်း၊ ရွာသစ်ကြီးကျေးရွာ၊ မကွေး**
**ဖုန်း-၀၉-၅၃၃၃၃၂၆**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မင်္ဂလာဒုံမြို့နယ်နေ အဖ ဦးအောင်မျိုးဦး[၁၂/မရက(နိုင်)၀၀၃၈၁၂]၊ အမိ ဒေါ်မြမြစိုး[၁၂/မရက(နိုင်)၁၁၃၄၉၆]တို့၏သားဖြစ်သူ မောင်စိုင်းအောင်[၁၂/မဂဒ(နိုင်)၁၈၀၂၅၄]သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ၎င်းအား သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ **အဖ-ဦးအောင်မျိုးဦး၊ အမိ-ဒေါ်မြမြစိုး**


၂၀၁၆ ခုနှစ် စတုတ္ထတန်း/အဋ္ဌမတန်း စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား/သူများ
စာမေးပွဲကို စိတ်အေးလက်အေး ရင်ဆိုင်နိုင်ရန် ကြိုတင်ပြင်ဆင်နိုင်ရန်

**ကံ့ကော်ရိပ်**
**၂၀၁၆ ခုနှစ် စာမေးပွဲအနီးကပ်**
အမှတ်ပေးစည်းမျဉ်းနှင့်အညီ ပြုစုထားပါသည်။
**မေးခွန်း (၅) စုံနှင့် အဖြေများ**

**Grade 9**
**အဋ္ဌမတန်း**

**Grade 5**
**စတုတ္ထတန်း**

| | |
|---|---|
| မြန်မာစာ | – ဦးထွန်းသန်း (ပါမောက္ခ–ငြိမ်း) |
| အင်္ဂလိပ်စာ | – UTA (ရန်ကုန်တက္ကသိုလ်) |
| သင်္ချာ | – Dr.TW(Maths.) |
| ပထဝီဝင် | – ဒေါက်တာမေမြင့် (ရန်ကုန်တက္ကသိုလ်) |
| သမိုင်း | – ခင်စုမေ (သမိုင်းဌာန) |
| သိပ္ပံ | –ဒေါက်တာနီ |
| လူမှုရေး | – ဦးထွန်းထွန်း |

**ဇောရီစ်စာပေ** C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုံး–၀၉၇၃၀၅၁၁၁၄၊ ၀၉၅၁၂၉၆၇၀၊ ၀၉၅၅၀၁၁၅၄ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။


### ဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်မှူးသက်နိုင် (ကြည်း-၃၁၅၀၈) (D.S.A-41)**
**အသက်(၃၈)နှစ်**

နေပြည်တော်၊ လယ်ဝေးမြို့၊ (၆)ရပ်ကွက်၊ မြို့သစ်(၈)လမ်း၊ အမှတ် (၃၈၁)နေ ဦးစောလွင်-ဒေါ်တင်နုတို့၏သားကြီး၊ ရန်ကုန်မြို့နေ ဦးမြင့်စိုး-ဒေါ်ခင်မာချိုတို့၏ သားသမက်၊ ဒေါ်နေခြည်စိုး၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ဝေယံလင်းခန့်၏ ဖခင်သည် ၂၉-၁၁-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၄၁)မှ သူငယ်ချင်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်ကြီးမြင့်ကြည်(ငြိမ်း)**
**(ကြည်း-၂၃၂၉၄)**
**ဗိုလ်လောင်းသင်တန်း၊ အမှတ်စဉ်(၈၃)**
**ဌာနခွဲမှူး၊ မြို့ပြမြေယာနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**အသက်(၅၄)နှစ်**

စစ်ပညာရပ်နှင့် အုပ်ချုပ်မှုပညာရပ်များကို စိတ်ရင်းစေတနာကောင်းဖြင့် ဆုံးမလမ်းညွှန်သင်ကြားပေးခဲ့ပါသော အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဗိုလ်ကြီးမြင့်ကြည်(ငြိမ်း)သည် ၃-၁၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆရာကောင်းရာသုဂတိလားပါစေ။**
**O.T.S(103)ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ**

### ဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်ကြီးမြင့်ကြည်(ငြိမ်း) YCDC**
**ကြည်း ၂၃၂၉၄**
**နည်းပြအရာရှိ(ငြိမ်း)**
**တပ်မတော်(ကြည်း)**
**ဗိုလ်သင်တန်းကျောင်း**
**အသက်(၅၄)နှစ်**

ဗထူးတပ်မြို့တွင် စစ်ပညာရပ်များအား သင်ကြားပြသပေးခဲ့ပြီး ဆရာလိုသော်လည်းကောင်း၊ အစ်ကိုလိုသော်လည်းကောင်း ချစ်ခင်လေးစားရပါသော ဗိုလ်ကြီးမြင့်ကြည်သည် ၃-၁၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆန်းမင်းထွန်း-ဒေါ်ခင်စောဥမ္မာ**
**ရန်ကုန်မြို့**

### အထူးဝမ်းနည်းကြေကွဲခြင်း
**ထွန်းနိုင် (1986 Batch TTC)**

ချစ်သူငယ်ချင်းထွန်းနိုင် ၃-၁၂-၂၀၁၅ ရက်တွင် အမေရိကန် ပြည်ထောင်စု၊ ဆီယယ်တယ်မြို့တွင် ဘုရားသခင်၏ရင်ခွင်တော်၌ အိပ်ပျော်သွား ကြောင်း သိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**TTC 86 Batch မှ သူငယ်ချင်းများ**

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
**ဦးတင့်မြင့်(ခ)မူစသက်(ဂ်)အလီ**
**ဆောက်လုပ်ရေးအင်ဂျင်နီယာ(JE)**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၃၉)၊ လမ်း(၃၀)နေ (ဗိုလ်ကြီး ဘရကသ်အလီ-ဒေါ်လှ)တို့၏သား၊ ဒေါ်တင်တင်မြင့်၏ခင်ပွန်း၊ ဦးမင်းမင်းလတ်၊ ဦးသန်းထွန်းဦး-ဒေါ်သင်းသင်းလတ်၊ ဦးဇော်ဇော်လတ်-ဒေါ်တင်ဇာဝင်းတို့၏ ဖခင်၊ သားသကြ်န်၏အဘိုး ဦးတင့်မြင်သည် ၂-၁၁-၂၀၁၅ရက် ညနေ ၄နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၃-၁၁-၂၀၁၅ ရက် နံနက် ၁၀ နာရီတွင် ရေဝေး မွတ်စလင်စွန်နီကဘာရ်စတာန် ဥယျာဉ်တော်၌ ဒါဖ္ဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

### မင်းကွန်းတိပိဋက
**ရာသက်ပန်ဆွမ်းအလှူရှင် ဒါယကာကြီး**
**ဦးကျော်မြင့်(၈၂)နှစ်**
**လ/ထ တိုင်းပညာရေးမှူး၊**
**ရန်ကုန်တိုင်း(ငြိမ်း)**
**နာယက၊ ကံမမြို့နယ်အသင်း**
**(ကျွန်းလှမြို့နယ်ပညာရေးမှူး၊**
**လှည်းကူးမြို့နယ်ပညာရေးမှူး၊**
**မရမ်းကုန်းမြို့နယ်ပညာရေးမှူး)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းလမ်းမ၊အမှတ်(၇၁)နေ ဒေါ်ညွန့်ညွန့်၏ခင်ပွန်း၊ ဦးစိုးနိုင်(လ/ထ ကထိက၊ဆေး-၁၊ရန်ကုန်) -ဒေါ်ခင်ခင်အေး (အထပြ၊အထက-၂၊ လသာ)၊ ဦးအင် ကြည်(ဆောက်လုပ်ရေးအင်ဂျင်နီယာ)၊ (ဦးလေးနိုင်)-ဒေါ်ရီရီအေး (မူ-အုပ်၊ မူလွန်၊ ရွာမ၊ လှည်းကူးမြို့နယ်)တို့၏ ဖခင်၊ မောင်စိုးမိုးအောင်၊ မောင်လင်း ထက်မိုး၊ မသီရိစံ (G-10၊အထက-၂၊လသာ)တို့၏ အဘိုး၊ ဦးမြင့်စိုး-ဒေါ်ကြည်ကြည်ညွန့်တို့၏ ဦးလေး၊ မကွေးတိုင်းဒေသကြီး၊ ကံမမြို့၊ ကျီးမီးရွာနေ (ဦးဖိုးထန်-ဒေါ်လေးကြီး)တို့၏သား ဦးကျော်မြင့်သည် ၄-၁၂-၂၀၁၅ (သောကြာနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၅ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ် မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### အမှားပြင်ဆင်ချက်

၂-၁၂-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာတွင် တီးငယ်လေး၏ ဝမ်းနည်းကြောင်း ကြော်ငြာတွင်(၃)နှစ်ပြည့်အလွမ်းဟု ခေါင်းစဉ်တပ်မိပါသည်။ အမှန်မှာ(၄)နှစ်ပြည့်ဖြစ်ပါသည်။

### ဒေါ်မြမြစော(ခ)ဒေါ်သက်ဆွေ(သထုံ) (၆၆)နှစ်

သထုံမြို့နေ (ဦးစောလှိုင်-ဒေါ်အမာ)တို့၏သမီး၊ အိမ်မဲမြို့နေ (ဦးမြအုန်း-ဒေါ်လှ)တို့၏ သမီးချွေးမ၊ ဦးဦးတင့်-ဒေါ်ခင်မြကြည်၊ ဒေါ်မြင့်မြင့်စော-(ဦးဘညွန့်)၊ ဒေါ်ခင်ခင်စော (အထက-၄၊ တ/ဥက္ကလာ ထ-ပြ)တို့၏ ချစ်လှစွာ သော ညီမ၊ ဒေါ်ကြည်ကြည်စော-(ဦးဝင်းနိုင်)တို့၏ ချစ်လှစွာသောအစ်မ၊အမှတ် (၄/၈) $A_1+A_2$၊ မလွှကုန်းကျောက်/ထက်ရပ်ကွက်နေ ဦးသန်းအေး(စက်မှု-၁၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး ၊ ကိုကျော်မင်းဟန် (Korea Universe Co.,Ltd.)-မလှကြည်၊ ကိုခင်မောင်ဦး (J.S.M Co.Ltd.)-မဥမ္မာခင်၊ ကိုအောင်ကိုကို (Free Land Co.,Ltd.)-မဇာလီမော်(ရွှေစံပယ် Beauty Saloon)၊ ကိုမျိုးမင်းထွန်း (J.S.M Co.Ltd.)-မရင်ရင်အောင် (Teacher Daw Neela School)တို့၏ချစ်လှစွာသော ကျေးဇူးရှင်မိခင်သည် ၃-၁၂-၂၀၁၅ (ကြာသပတေးနေ့) ညနေ ၄း၃၀ နာရီတွင် ရွှေဂုံတိုင် S.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၂-၂၀၁၅ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်မြမြစော(ခ)ဒေါ်သက်ဆွေ(သထုံ)
**အသက်(၆၆)နှစ်**

မောင်လွင်မော် (New Ever Best Co.,Ltd.)၊ မောင်စည်သူအောင် ထက် (Ocean Tanker Co.,Ltd.)၊ မသီရိရတနာအောင် (2nd yr, M.B.B.S)၊ မယွန်းပိုပိုဦး (Success Private School)၊ မောင်ကျော်စန့်ဝင်း(A.C.A ပညာရိပ်မွန်)၊ မောင်ကောင်းဝေသော်၊ မောင်းကောင်းခန့်ကိုကို၊ မောင်စောဇေယျာပိုင်တို့၏ ချစ်လှစွာသောအဘွားသည် ၃-၁၂-၂၀၁၅ (ကြာသပတေးနေ့) ညနေ ၄း၃၀ နာရီတွင် ရွှေဂုံတိုင် S.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၂-၂၀၁၅ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ် (၄/၈) $A_1+A_2$ မလွှကုန်းလမ်း ကျောက်/ထက် ရပ်ကွက်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမြေးမြစ်များ

### ဦးဇော်မင်းခန့်(ခ)မင်းခန့်
**အသက်(၄၀)**
**(ပဲခူး)**

ပဲခူးမြို့နေ ဦးမြဝင်း-ဒေါ်စန်းမြင့်၊ ဦးမောင်တိုး-ဒေါ်တင်စိန်၊ ဦးမြင့်ဖေ-ဒေါ်ကြင်ဝင်း၊ ဦးမောင်စိုး-ဒေါ်ကျင်ထွေး၊ ဦးသောတာ-ဒေါ်ဌေးဌေးရီတို့၏တူ၊ (ဦးလှသိန်း)-ဒေါ်ကျင်နီတို့၏သား၊ ထောက်ကြန့် တိုးချဲ့ရပ်ကွက်နေ ဒေါ်စောမွန်လှ၊ ကိုဖိုးထောင်(ခ)ကိုကျော် နိုင်ဦး၊ အမှတ်(၂၀၀)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးလွင်အောင်မိုး-ဒေါ်ယုယုလွင်တို့၏ ညီ/မောင်၊ မရွှန်း လဲ့ဦး၊ မောင်ရဲဘုန်းအောင်၊ မဆုလာဘ်ရတနာ၊ မခင်ပြည့်စုံသွေးတို့၏ ချစ်လှစွာသော ဦးလေး၊ မမြသီဂီခင်၏ ချစ်လှစွာသောဖခင် ဦးဇော်မင်းခန့် (ခ) မင်းခန့် သည် ၂-၁၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆- ၁၂-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၅ (အင်္ဂါနေ့)တွင် အမှတ် ၂/၂(၂၆၁)၊ ခရေလမ်း၊ ထောက်ကြန့် တိုးချဲ့ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### (၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
**ဗိုလ်ကြီးကျော်စွာဝေဖြိုး**
**ကြည်း ၄၇၈၉၅**
**B.Sc Chemistry D.S.A(49)**

ဇာနည်သားလောင်း၊ ပြည်သစ်ကောင်းဖို့၊ အဖေနဲ့အမေ၊ ညီငယ်လေးများ ဘဝပြဋ္ဌာန်း၊ ရှေ့တန်းတစ်နေရာ၊ ရှမ်းမြေမှာငြိမ်းချမ်းပန်းတွေဝေဖို့၊ လမ်းမပြေ၊ ယမ်းငွေ့ခြေတဲ့လမ်းမှာ၊ ပင်ပန်းကြီးစွာ မင်းတာဝန်ကျေခဲ့တယ်နော်. . . ခုတော့. . သားလေးခွဲခွာ(၂)နှစ်ပြည့် တရားမွေ့စရာ၊ တရားသိဝေဒနာတွေနဲ့၊ မဖြေသာလွမ်း၊ ဖေဖေ၊ မေမေ၊ ညီငယ်လေးများနဲ့ ပြုပြုသမျှ၊ ကုသလအလှူ အမျှဝေလျက်ပါ။

ပြည်ချစ်သားကောင်း၊ ဇာနည်လောင်းရယ်၊ ကောင်းရာသုဂတိလားပါစေ. . .

**ဖေဖေ၊ မေမေ**
**ဒေါက်တာဦးခင်မောင်ဆွေ(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)-ဒေါ်စန်းစန်းအေး**
**ညီငယ်လေးများ-အောင်အောင်ဝေဖြိုး၊ ကောင်းထက်ဝေဖြိုး၊**
**အာကာဝေဖြိုး၊ ကျောက်တံခါးမြို့။**

### (၂)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**
**ဒေါ်စုစုကြည် (၅၈)နှစ်**
**ဒုတိယညွှန်ကြားရေးမှူး၊(ဌာနမှူး)၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**
**၆-၁၂-၂၀၁၃မှ ၆-၁၂-၂၀၁၅**

၆-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သည်မှာ (၂)နှစ်တင်းတင်းပြည့်မြောက်ခဲ့ပါပြီ။ ညီမလေးအတွက်ရည်စူး၍ သံဃာတော်များအား လှူဖွယ်ဝတ္ထု အစုစုနှင့် ဆွမ်းကပ်လှူဒါန်းမှု ကုသိုလ်တို့ကိုပြုလုပ်ပေးလျက်ရှိပါသည်။ ကျန်ရစ်သူမိသားစု ပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုကို ဒေါ်စုစုကြည်ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ဒေါ်စုစုကြည်နှင့်တကွ အားလုံးကြားကြားသမျှ**
**အမျှ. . . . အမျှ. . . . အမျှ. . . .**

| | |
|---|---|
| **ချစ်ခင်ပွန်း** | **- ဦးစိန်မောင်** |
| **ချစ်သား၊သမီးများ** | **- ဒုတိယဗိုလ်မှူးကြီးကျော်နိုင်စိုး-ဒေါ်လင်းလင်းထိုက်** |
| **မြေးများ** | **- မနွေးနွေးကြည်လင်းလက်၊ ဖိုးသောကြာ(ခ)မောင်သီဟထူးကျော်** |

### (၁၀)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
**မောင်ဝေဖြိုးအောင်(ခ)မောင်တင့်မျိုးလင်း (၂၄)နှစ်**
**အထက(၂)ဗိုလ်တထောင်ကျောင်းသားဟောင်း**
2nd year (B.M) 1st year (EC, IT) B.Engg:
Dip in Network Engineering, Dip in IT, Dip in EC

သားကြီးရေ . . . မထင်မှတ်ပဲခွဲခွာသွားတာ ၆-၁၂-၂၀၁၅ ရက်မှာ (၁၀)နှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်း တစ်နေ့မှမေ့မရပါ။ အချိန်နဲ့အမျှ မိသားစုအားလုံးရဲ့ရင်ထဲမှာ သားရဲ့သဏ္ဌာန်၊ သားရဲ့ဟန်ပန်နဲ့ သားရဲ့ရယ်မောသံတွေကြားယောင်ဆဲ၊ မြင်ယောင်ဆဲမို့လွမ်းရမြဲပဲ သားကြီးရယ်။ သားကြီးအတွက် ရည်စူး၍နေ့စဉ်၊ လစဉ်၊ နှစ်စဉ်တိုင်းပြုလုပ်သောကောင်းမှုကုသိုလ်များကို ရောက်ရာမြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ ။

| | |
|---|---|
| ဖေဖေ | - ဦးခင်မောင်တင့် (မန်နေဂျာ-ငြိမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်) |
| မေမေ | - ဒေါ်တင်မျိုးရီ |
| ညီမ | - မခင်ပန်းအိဖြူ [B.A (B.M)] |
| | မခင်စပယ်ဖြူ [B.A (Eco)] |

Hot Line No-0930500100



သတင်းနှင့်ဓာတ်ပုံ - သီသီမင်း

# ချင်းတိုင်းရင်းသား ခူမီးလူမျိုးတို့၏ ခူမီးရိုးရာနှစ်သစ်ကူးပွဲတော် ရန်ကုန်မြို့တွင်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၅

ရန်ကုန်မြို့တွင် ပထမဆုံးအကြိမ်ကျင်းပသည့် ချင်းတိုင်းရင်းသား ခူမီးလူမျိုးတို့၏ ခူမီးရိုးရာနှစ်သစ်ကူးပွဲတော်ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက်ရှိ ဘီရှော့ဟုမ်း၌ စည်ကားစွာကျင်းပခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✽

# မြန်မာနိုင်ငံအပေါ် ကုန်သွယ်မှုဆိုင်ရာပိတ်ဆို့မှုအချို့ ဖြေလျှော့ရန် အမေရိကန်ပြင်ဆင်

ကျော်သဲအိမ်

အေးရှားဝေါလ်ကုမ္ပဏီဆိပ်ကမ်းတစ်ခုမှတစ်ဆင့် ကုန်သွယ်ရာတွင် ငွေကြေးလွှဲပြောင်းမှုဆိုင်ရာ အခက်အခဲများရှိနေကြောင်း ဘဏ်များကတိုင်တန်းမှုများပြုလုပ်ကြပြီးနောက်ပိုင်း အမေရိကန်က မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုအချို့ကို ဖြေလျှော့ပေးရန် ပြင်ဆင်လျက်ရှိကြောင်း အေပီသတင်းဌာနက ဖော်ပြထားသည်။

## အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်လိုသည့် ဆန္ဒရှိနေ

အမေရိကန်ဘဏ်များသည် အရေးယူပိတ်ဆို့မှုစာရင်းဝင်ဖြစ်ခဲ့သော အေးရှားဝေါလ်ဆိပ်ကမ်းမှတစ်ဆင့် ကုန်သွယ်မှုဆိုင်ရာငွေပေးချေမှုများကို ယခုနှစ်ဇူလိုင်လမှစပြီး စိုးရိမ်စိတ်များဖြစ်ပေါ်ခဲ့ကြသည့်အပေါ် အမေရိကန်အစိုးရက မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အရေးယူပိတ်ဆို့မှုအချို့အား ဖြေလျှော့ပေးရန် လာမည့်သီတင်းပတ်တွင် လုပ်ဆောင်နိုင်ဖွယ်ရှိကြောင်း၊ ဤသို့ဖြစ်ရခြင်းမှာ မြန်မာနိုင်ငံသည် သမိုင်းတွင်သည့် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ချောချောမောမောဖြင့် အောင်မြင်စွာကျင်းပပြီးစီးခဲ့ရာ အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်လိုသည့်ဆန္ဒရှိနေခြင်းကြောင့်ပင်ဖြစ်ကြောင်း၊ ထို့အတူ ကမ္ဘာ့အကြီးဆုံးကူးသန်းရောင်းဝယ်ရေးဘဏ်များစွာပါဝင်သော The Clearing House နှင့် The Bankers Association for Finance and Trade တို့က စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ○

## မာတိကာ

နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ် ဝင်ခွင့်လျှောက်ထားရာတွင် အနိမ့်ဆုံးရမှတ် သတ်မှတ်ထားခြင်းမရှိသော်လည်း COE ကျောင်းများ၌ အနိမ့်ဆုံးရမှတ် သတ်မှတ်ထားဆဲဖြစ်

စာမျက်နှာ - ၅

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်(မူကြမ်း)ရေးဆွဲပြီးစီး ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)အစည်းအဝေး၌ မူကြမ်းကို အတည်ပြုသွားမည်

စာမျက်နှာ - ၇

# မသန်စွမ်း ခုနစ်ယောက် ဘောလုံးပြိုင်ပွဲ၌ မြန်မာအသင်း စင်ကာပူကိုအနိုင်ရ

စင်ကာပူနိုင်ငံ၌ ကျင်းပလျက်ရှိသည့် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၏ ခုနစ်ယောက်ဘောလုံးပြိုင်ပွဲကို ယနေ့ဆက်လက်ကျင်းပရာ မြန်မာအသင်းမှာ အိမ်ရှင် စင်ကာပူကို အနိုင်ယူပြီး နိုင်ပွဲဆက်ခဲ့သည်။

မြန်မာအသင်းမှာ အိမ်ရှင် စင်ကာပူအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်ပရိသတ်များနည်းတူ စင်ကာပူနိုင်ငံရောက် မြန်မာပရိသတ်များမှာလည်း တစ်ခဲနက်အားပေးခဲ့ကြသည်။ မြန်မာအသင်းမှာ ပထမပိုင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့်သာ အနိုင်ရနေသော်လည်း ဒုတိယပိုင်းအစတွင် သုံးဂိုးဆက်

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❖



မြန်မာအသင်း အနိုင်ရရှိအပြီး အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ - aseanparagame)






themirror.npt@gmail.com
www.facebook.com/themirrordaily